www.burmeseclassic.com

# မောင်နှင်းသွေ

## သွေးနှင့်ရင်း၍စိန်ခေါ်မည်



BURMESE CLASSIC

စ/ဆုံး လုံးချင်း အသစ်စက်စက်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၅၁/၂၀၀၂(၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၇/၂၀၁၂(၂)

ပထမအကြိမ်
၂၀၀၂ ခုနှစ်၊
တန်ဖိုး ၃၅၀ ကျပ်
အုပ်ရေ ၅၀၀

ထုတ်ဝေသူ
ဦးနှင်းဆွေ (၀၉၇၃) ပန်းလက်ဆောင်စာပေ၊
၅၁၆ (ခ) ပုလဲ(၄) လမ်း၊ ၄၃ ရပ်ကွက်၊
မ/ဥက္ကလာပ၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံး ပုံနှိပ်သူ
ဒေါ်ခင်စန်းမြင့် (၀၅၄၄၉)
ဟသ်ာပုံနှိပ်တိုက်၊ ၁၁/၁၂၅ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

BURMESE CLASSIC

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

.... .... .... ....

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းရှာမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

.... .... .... ....

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန် ဖြစ်သည်။

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံ များ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အချိန်မှာ နေဝင်ရီသရော။

နေရာမှာ မင်မင်းဆက် ရှေးဟောင်းအုတ်ဂူသချိုင်းကြီး အတွင်း။

ဝက်သစ်ချပင်ကြီးများ အုပ်မိုးနေသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးစိမ့်နေသည်။

ဤသည်ပင် နွေဦးကာလဖြစ်သည်။

သစ်ရွက်ခြောက်များမှာ အထပ်ထပ်။

လေတိုက်လိုက်သည့် အချိန်၌ သစ်ရွက်ခြောက်များနေရာရွှေ့တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပလက်...ပလက်'

စောစောက ဥသြငှက်တစ်ကောင် တကြော်ကြော်။

'ဥသြ...ဥသြ'

အခု ဥသြငှက်သံမကြားရတော့။

ထစ်ရွက်ခြောက်များအပေါ် ပြေးလျှောက်လာသော ခြေသံများကိုသာ ကြားနိုင်သည်။

နှင်းဆင့်မြင့် သစ်ငုတ်ကြီးဘေးသို့ သိုင်းသမားတစ်ယောက် ဖျတ်ခနဲ ဝင်ကပ်လိုက်သည်။

သိုင်းသမားသည် အသက်ခြောက်ဆယ်ကျော် အဘိုးကြီး တစ်ဦး။

သူ့လက်တွင် ဓားတစ်လက်။

နေရောင်ထင်ဟပ်၍ လင်းလက်သွားသည်။

ထိုသိုင်းသမား ဝတ်ထားသော အမည်းရောင်ဝတ်စုံ၏ ရင်ဘတ်တွင် တောင်ပင့်ကူပုံသစ်ပုံ တွေ့နိုင်သည်။

မှန်ပါသည်။

ထိုအဘိုးအိုသည်ကျန့်စီနယ်တစ်ခိုက်တွင် အပြိုင်အဆိုင်ဖြစ်နေသော မီးဖိမ်နီ၊ စကြာမော်စသော ဂိုဏ်းတွေကဲ့သို့ ထင်ပေါ်ကျော်ကြားသော ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည်။

လက်ရှိ ကျော်ကြားနေဆဲ။

အဘိုးအိုသည် ပတ်ဝန်းကျင်ကို အသေအချာ လေ့လာ အကဲခတ်လိုက်ပြီးနောက် သူ့နောက်ဘက်သို့ လက်ယပ်ပြလိုက်သည်။



နောက်ထပ် သိုင်းသမားတစ်ဦး တောင်စောင်းကျောက်တုံးရှိ မြက်ပင်များကြားမှ ရုတ်တရက် ခုန်ထွက်လာပြန်သည်။

'ဝုန်း'

ခုန်ပျံ လှုပ်ရှားမှုက အလွန်လျင်မြန်သည်။

သို့သော် တောင်ပင့်ကူဂိုဏ်းသားတွေ မည်မျှကိုယ်ဖော့အား ကောင်းကောင်း သူ့ထက်တော်သောဘက်သောသူက မရှား။

ပေါ်များလှသည်။

သိုင်းသမားတစ်ယောက် ဆန့်ကျင်ဘက်အရပ်မှ မြားတစ်စင်းလို ပုံစံမျိုးနှင့် ပြေးဝင်ကာ တောင်ပင့်ကူဂိုဏ်းသားသိုင်းသမား၏ ရင်ညွန့်ကို ဓားလွတ် ဦးချွန်ဖြင့် ထုတ်ချင်းပေါက် ထိုးသွင်းလိုက်သည်။

'အင့်'

'အား'

မြန်လိုက်သည့်ဖြစ်ခြင်း။

သျှင်လိုက်သည့် လှုပ်ရှားမှု။

ရင်ညွန့်ဓားဖောက်သွားသည်အထိ ခံလိုက်ရသော သိုင်းသမားသည် အားဟူသော အသံနက်ကြီးကို ဆုံးအောင်မအော်နိုင်။

ရင်ညွန့်မှပန်းထွက်လာသော သွေးစိမ်းရှင်ရှင်ကို မြင်ရသည်ပင်။ သွေးရှူးသွေးတန်းဖြင့် ရှေ့ဆက်ပြေးသည်။

ခေါင်းကိုကား မမော့နိုင်။

www.burmeseclassic.com

ခြေလှမ်းတိုင်း သွေးစက်များ သွန်ချသလို ကျသွား
သည်။

ထို့နောက် မှောက်လျက်သား လဲကျသွားလေသည်။

'ဘုံး'

တောင်ပင့်ကူဂိုဏ်းသား တစ်ယောက်တော့ဖြင့် အသက်
ဓိဝိန် ချုပ်ပြီ။

ထိုမြင်ကွင်းကို အစမှအဆုံးတွေ့မြင်လိုက်ရသော နှစ်ဆင့်
မြင့် အုတ်ဂူဘေးရှိ သိုင်းသမားအဘိုးအိုကြီးသည် သူ့အချက်
ပေး မှားသွားမှန်းချက်ချင်းသိလိုက်သည်။

ရန်သူ့အနေအထားကိုကြည့်သည်။

ရန်သူသည် အပြာရောင်ဝတ်စုံကို ဝတ်ထားသည်။

ခါးစည်းကြိုးမှာ အနီ၊ ဆံပင်အဝါ။ မုတ်ဆိတ် အဝါ။

အခုပျောက်သွားပြီ။

စကြာမော်ဂိုဏ်းသားတစ်ယောက် မဟုတ်လား။

နာမည်ကိုကား မေ့နေသည်။

သူနှင့် တောင်ပင့်ကူဂိုဏ်းသား အဘိုးကြီးသည် ရန်သူ
ပျောက်သွားသည့်နေရာကို သတိထားပြီး ခုန်ထွက်လိုက်
သည်။

'ဝှဲး'

ရန်သူအား မြှူဆွယ်ခြင်းဖြစ်သည်။

ရန်သူက သူ့ထက် ပါးနပ်သည်။

ခုတရက် ထွက်ပြီး မတိုက်ခိုက်ဘဲ ငြိမ်နေသည်။



တောင်ပင့်ကူဂိုဏ်းသားသည် ရန်သူ ထွက်မလာသော
ကြောင့်ဆက်၍ပြေးသည်။

ကျောက်ဂူသချိုင်းဘေးတွင် ဖျတ်ခနဲ ဝင်ကပ် လိုက်
သည်။

ငြိမ်သက်နေသည်။

လေတိုးသံ၊ သက်ရွက်လှုပ်ရှားသံ၊ ကျေးငှက် အော်
မြည်သံ၊

ထိုအခိုက် ခြေသံတစ်သံ။

'ရှပ်....ရှပ်....ရှပ်'

သိုင်းသမား က ကိုယ်ဖော့ပညာ ကောင်းပုံရသည်။

သည်လောက် သစ်ရွက်ခြောက်တွေ တောင်သိပုံနေသည်
ကို အသံမမြည်အောင် ကိုယ်ကိုအတတ်နိုင်ဆုံးဖော့ပြီး ပြေး
လွှား ရွေ့လျားနိုင်သူ သိုင်းသမားမျိုး မဟုတ်လား။

ထို့ကြောင့် တောင်ပင့်ကူသိုင်းသမားကြီးက ပိုပြီးသတိ
ထားလိုက်သည်။

သို့နှင့် အပေါ်သို့ မော့ကြည့်လိုက်သည်။

ဝက်သစ်ချပင်ကြီးဘေး အုပ်မိုးနေသည်။

အကိုင်းတွေ ယှက်လျက် အရွက်တွေထပ်လျက်။

အပေါ်သို့တက်လိုက်ပါက အပေါ်စီးရမည်၊

ရန်သူလှုပ်ရှားသည့်နေရာကို တွေ့မြင်နိုင်သည်။

အဝေးကိုကြည့်ပလား။ အနီးကို ကြည့်မလား။

အတွေးမဆုံးတတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားကြီးသည် ဝက်သစ်ချပင်ကြီးပေါ်သို့ ဖျပ်ခနဲနှင့် ထက်သွားသည်။

သိုင်းကျော်တစ်ယောက်မို့ ရှဉ့်တစ်ကောင်နှင့်မခြား လျှပ်ရှားမှု အလင်းတန်းတစ်ခုနှင့်အတူ ဝက်သစ်ချပင်ကြီး၏ အထက်နတ်နေကိုင်းသို့ ရောက်ရှိသွားလေသည်။

'ဝှီး'

'ဒေါက်'

လေထဲထိုးခွဲသံနှင့်အတူ မြားတစ်စင်း ဝက်သစ်ချပင် နတ်နေကိုင်း၌ လာရောက်စူးစိုက်သည်။

တောင်ပင့်ကူဂိုဏ်းသား သိုင်းသမားအဘိုးကြီးရင်ကို ရွတ်ခနဲ မကော့လိုက်နိုင်လျှင် ပြေးဝင်လာသောမြားက နှားရွက်တစ်ဖက်ကို ဖောက်ထွင်းသွားမည်သာ။

သို့မဟုတ် အသည်းဗဟိုချက်။

ထို့နောက် သစ်ကိုင်းဖျားသို့ တွားရှ်မြေးထွက်ပြီး သစ်ရွက်များနှင့် ရောထွေးကာ ခြေရာဖျောက်လိုက်သည်။

ရန်သူဘယ်နေရာမှာလဲ။

ရွေးဟောင်းအုတ်ဂူပျက်ကြီး ဘေးမှ အပြာစတင်စကို တွေ့လိုက်သည်။

အပြာစသည် ရှိုက်ခြည်းပေါ်လာပြီး ရုတ်ခနဲ ပျောက်ကွယ်သွားလေသည်။

သိလိုက်ပြီ။

တောင်ပင့်ကူဂိုဏ်းသားအဘိုးကြီး တစ်ချက်ပြုံးသည်။



ထို့နောက် ဝတ်စုံစိမ်းအတွင်းအိတ်ထဲမှ ယမ်းထုပ် တစ်ထုပ်ကို ဆွဲထုတ်ပြီး ရန်သူရှိသည်နေရာသို့ပစ်သွင်းလိုက်သည်။

'ဝှီး....ရှူး....ရှူး'

'ဝုန်း'

ယမ်းငွေ့များဖုန်းခနဲပေါက်ကွဲကာ ရွေးဟောင်းအုတ်ဂူကြီး နောက်ကွယ်တွင် အဖြူငွေ့ခဲသားရောင် အငွေ့များ လွှမ်းခြုံသွားလေသည်။

ပုန်းကွယ်နေသော စကြာမော် ဂိုဏ်းသားသိုင်းသမားသည် ယမ်းငွေ့များကြားမှ ခုန်ပျံဖောက်ထွက်လာသည်။

ယမ်းငွေ့များမှုန်နေသောကြောင့် ရန်သူထို ရင်ဆိုင်တိုက်ခိုက်ရန် မပြင်ဆင်နိုင်သေးဘဲရှိသည်။

ထို့ကြောင့် ခုန်ပျံထွက်လာပြီး သချိုင်းအုတ်ဂူတစ်ခု ထောင့်စွန်းနှင့်ရိုက်မိကာ မြေကြီးပေါ်သို့ မှောက်လျက်သား ကျသွားလေသည်။

တောင်ပင့်ကူ ဂိုဏ်းသား သိုင်းသမားအဘိုးကြီးသည် အခြေအနေကိုသိသည်။

သူ့အတွက် အခါကောင်းတစ်ခုမှန်း သိသည်။

သို့နှင့် ဝက်သစ်ချပင်ကိုင်းများမှကိုယ်ဖော့ပညာကိုအသုံးပြု၍ လွှားခနဲဆင်းလာသည်။

အုတ်ဂူတစ်ခုပေါ်သို့ ကျရောက်လာလေပြီ။

သို့သော် သူသည် ခြေကလက် လှုပ်ရှားခွင့်မရတော့။

အသံတစ်သံ ပေါ်ထွက်လာလေသည်။

www.burmeseclassic.com



'ဒီလိုအလစ်ချောင်းတိုက်ခိုက်လို့ မရဘူးလေ၊ကြ ာမျော် ဂိုဏ်းသားတွေ အစုလေးဘက် မမိုက်သေးပါဘူး'

မှန်သည်။

သူ့စကားမမှားတန်ရာ၊

တောင်ပင့်ကူဂိုဏ်းသားသိုင်းသမား အဘိုးကြီး နောက်ကျောဘက်တွင် ကြောမျော်ဂိုဏ်းသား သိုင်းသမား နှစ်ယောက် သစ်ပင်အုတ်ဂူနှစ်လုံးပေါ်တွင် တစ်ယောက်စီ ရပ်နေသည်။

'ဟား...ဟား...ဟား....ရယ်စရာကောင်းလိုက်တာ'

'အောင်ပင့်ကူကလဲ မင်းတို့ထက် အဆဘစ်ရာပိုပြီး လျှပ်ပါသေးတယ်၊ တွေ့သား ဟိုမှာ'

ဟု တောင်ပင့်ကူဂိုဏ်းသား သိုင်းသမား အဘိုးကြီးက ပြောပြီး လက်ညှိုးညွှန်ပြလိုက်သည်။

ရှေ့တူရူရှိ ဒးမှတ်တစ်ခုနေရာ၊

အဘိုးကြီးစကားမှန်သည်။

တောင်ပင့်ကူဂိုဏ်းသားသိုင်းသမားနှစ်ယောက်ကျွမ်းပစ်၍ အုတ်ဂူတွေပေါ် တက်လာသည်။

ပြီးနောက် အစိမ်းရောင်ဝတ်စုံရှင် သိုင်းသမား သုံးယောက်နှင့် အပြာရောင်ဝတ်စုံရှင် သိုင်းသမားသုံးယောက်တို့သည် ဓားများအသီးသီးထုတ်ပြီး ခုန်ခင်တိုက်ခိုက် ကြလေသည်။

'ချွင်...ချွင်'



နှစ်ဂိုဏ်းစလုံးမှ ဂိုဏ်းသား သိုင်းသမားကြီးများသည် သမ္ဘာရင့် လက်ရွေးစင် သိုင်းသမားကြီးများ ဖြစ်နေခြင်းကြောင့် တိုက်ကွက်များမှာ အဆင့်မြင့်သည်။

'ချွင်....ချွင်'

'ထန်....'

ဓားချင်းထိခတ်သံများသည် ချိုးဟောင်းသချိုင်းအုတ်ဂူများကြားတွင် ဆူညံနေသည်။

ကိုက်ကွက်အဝင်အထွက် ညီနေသည်။

အတွင်းအားအရာတွင်လည်း ပြောစရာမရှိ။

အတွင်းအားကိုပင် အကုန်ထုတ်မသုံးဝံ့ကြ။

အကယ်၍ အတွင်းအားကိုအကုန်သုတ်သုံးမိပါက တစ်ဖက်မှ ထိုအတွင်းအားကို ပြန်လည်အသုံးချနည်းဖြင့် တုံ့ပြန်တိုက်ခိုက်မှာ ကြောက်ရသည်။

'ချွင်....ချွင်....ချွင်'

တောင်ပင့်ကူဂိုဏ်းသား သိုင်းသမား၏တိုက်ချက်ကြောင့် ကြောမျော်ဂိုဏ်းသား သိုင်းသမားကြီး၏လက်ထဲမှ ဓားတစ်ချောင်း အပေါ်သို့ မြောက်တက်သွားသည်။

ထိုသို့ မြောက်တက်လာသောဓားကို တောင်ပင့်ကူဂိုဏ်းသားတစ်ယောက်က သူ၏တိုက်ကွက်ကြားမှ ဖောက်ထွက်၍ ခတ်ထုတ်လေသည်။

'ထန်....'

'ဝှီး....'

www.burmeseclassic.com

www.burmeseclassic.com



ဒေးအာ ဇက်သစ်ချပင် ပင်စည်အခေါင်းကို ရှုးစိုက်လိုက်၏

'ဇင်....'

လက်နက်မဲ့သွားသောသိုင်းသမားသည် ဓားလွတ်သွားသော်လည်း သူ မစိုးရိမ်။

လုံးဝမကြောက်။

တိုက်ကွင်းထဲကမထွက်၊

လက်ဝေခင်းအစုံဖြင့် ဆက်လက်တိုက်ခိုက်သည်။

'ဖောက်...ဖောက်....ဖောက်'

သည်တော့လည်း တောင်ပင့်ကူဂိုဏ်းသားတွေက ဓားကို မသုံး၊ လက်ဖြင့်သာ ခုခံကာကွယ်ကြသည်။

စကြာမှော်ဂိုဏ်းသား သိုင်းသမားတွေက သူတို့ တစ်ခါမျှ ထုတ်မသုံးရသေးသော ကဗျာသိုင်းကွက်သစ်ကိုထုတ်သုံးသည်။

ကဗျာသိုင်းကွက်ဆိုသည့်အတိုင်း သိုင်းကွက်တွေက အလွန်ယဉ်ကျေးသည်၊

ဇာတ်ခုံပေါ်တွင် ကချေသည်ကကနေသလို ဖြစ်သွားသည်၊

တောင်ပင့်ကူဂိုဏ်းသား သိုင်းသမားတွေကလည်း သူတို့သုံးစွဲနေကျ သံပြားအဝိုင်းများကို လက်နက်ပုန်းသဘောနှင့် အသုံးပြုတိုက်ခိုက်ကြသည်၊



ပွဲဦးထွက် တောင်ပင့်ကူဂိုဏ်းသားတစ်ယောက် ရင်ညွှန့်ခါးထူ တော်ချင်းဖောက်ခံရပြီး သွေးများလွှမ်းခြုံပြန့်ကျဲသွားခြင်းဖြင့် ဂိုဏ်းသားတစ်ယောက် ဆုံးရှုံးမှုကလွဲ၍ ဤတိုက်ပွဲမှာ အရှုံးအနိုင်မရှိခဲ့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'ဟိုနေ့ကသတင်းကြားပြီးပြီလား စုချိုမင်း'

မိုးထိတောင်ကုန်းတွင်စုချိုမင်းနှင့်ကွမ်ယုံမင်းကိုခေါ်ကာ ငင်နမ သိုင်းပညာအတွင်းအား လေ့ကျင့်၍အပြီးတွင် နှမဖြစ်သူ ကွမ်ယုံမင်းက ပြောမေး မေးလိုက်ခြင်းဖြစ်သည်။

သူတို့မောင်နှမသည်လည်း လက်ရှိ သိုင်းလောကတွင် မျက်စိဒေါက်ထောက်၍ကြည့်နေရသော မီးအိမ်နီဂိုဏ်းချုပ်ကြီး ဖန်ယင်မင်းမင်း၏သားနှင့်သမီး ဖြစ်ကြပါသည်။



'ကြားပြီးပြီ ညီမလေးမင်းမင်းရဲ့၊ စကြာမှော်ဂိုဏ်းသား သုံးယောက်နဲ့ တောင်ပင့်ကူဂိုဏ်းသားလေးယောက် တိုက်ခိုက်ကြတဲ့သတင်းမဟုတ်လား အစ်ကိုကြီးကြားပြီးပြီ'

'တောင်ပင့်ကူဂိုဏ်းသားတစ်ယောက်အသတ်ခံလိုက်ရတာ ကိုရော သိပြီးပြီလား'

'သိတယ်'

'တောင်ပင့်ကူဂိုဏ်းသားတွေလဲ အခုတလော ခံချည်းနေရတာပဲနော် အစ်ကိုကြီး'

'ဂိုဏ်းချုပ်ကြီး ကျိရှောင်ရီလက်ထက်တုန်းကနဲ့ မတူလို့ဘဲပေါ့'

စုချိုမင်းသည် အတွင်းအားဒလ ကျင့်ခဲ့ရသည့် ကျောက်ဖျာအထက်မှ ခုန်၍ဆင်းသည်။

ပြီးနှမရှိနေသော ကျောက်တုံးဘေးသို့ လျှောက်လာရင်း နှမကွမ်ယုံမင်းအား စကားပြန်ပြောလိုက်ခြင်း ဖြစ်သည်။

ထို့နောက် နှမဖြစ်သူ ကွမ်ယုံမင်း ပစ်ပေးလိုက်သော အင်္ကျီကို ဖတ်ခနဲဖမ်းဆုပ်ကိုင်လိုက်ပြီး အင်္ကျီကို ဖြန့်၍ ဝတ်သည်။

'အခု တောင်ပင့်ကူဂိုဏ်းချုပ် ယွမ်စမ်းဖန်က သိုင်းပညာမှာ အရင်ဂိုဏ်းချုပ်ကြီး ကျိရှောင်ရီလောက် အဆင့်မရှိဘူး'

'တောင်ပင့်ကူဂိုဏ်းကလဲ ပြောလဲပြောစရာပဲ၊ ဘယ်သူနဲ့မှ ဆက်ဆံရေး မကျေလည်ဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ညီမလေးရဲ့၊ သူတို့က သိုင်းပညာမှာ သူတို့လောက်တတ်တယ်လို့ မထင်ကြဘူးလေ၊ ကိုယ့်ကိုယ်ကို အထင်ကြီးမှုကင်းတဲ့အချက်ပေါ့'

ထို့နောက် ခေါင်နှမနှစ်ယောက်သည် မိုးထိတောင်ကုန်းပေါ်မှဆင်းလာခဲ့ကြသည်။

မိုးထိတောင်ကုန်းသည် ကျန်စီနယ်တခြားမှာတော့အမြင့်ဆုံးတောင်စဉ်တောင်တန်းတစ်ခုဖြစ်သည်။

အဘက်ခက်သလို အဆင်းလည်းခက်သော တောင်ကုန်းမြင့်ဖြစ်သည်။

ဤတောင်ကုန်းကို သိုင်းပညာ သင်ခန်းစာ တက်ရန်နှင့်ပြန်သည်လေ့ကျင့်ရန်၊ နောက်ကိုယ်ဖော့ပညာလေ့ကျင့်ရန်အတွက် စုချီမင်းတို့မောင်နှမ ရွေးချယ် လိုက်ရသည်မှာအကြောင်းရှိသည်။

ဤမိုးထိ တောင်ကုန်းလောက် စိမ်းလန်း စိုပြည်သောတောင်ကုန်းဟူ၍ဤအနီးတစ်ဝိုက်တွင်မရှိပေ။

လူသူ အရောက်အပေါက်လည်းနည်းသည်။

အတက်ခက်၊ အဆင်းခက်သောကြောင့် လူသူအရောက်အရောက်အပေါက် နည်းရခြင်းဟုလည်း ဆိုနိုင်သည်။

အထူးသဖြင့် လေတဟူးဟူး တိုက်နေ တတ်လေရာ သိုင်းပညာအတွင်းအား လေ့ကျင့်ရာတွင် စိတ်အာရုံ ဝင်စားရန်အထူးကောင်းမွန်နေပေသည်။

ထို့ကြောင့် စုချီမင်းတို့က ဤမိုးထိ တောင်ကုန်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။



'ဖြည်းဖြည်းဆင်း, ညီမလေး မင်းမင်း၊ မြေသားကကျောက်သားဆန်နေတယ်၊ ပြီးတော့ ရေညှိရေမှော် တွေလဲရှိနေတယ်'

စုချီမင်းက နှမဖြစ်သူ ကွမ်ယုံမင်းကို သတိပေးလိုက်လေသည်။

'ဟုတ်ကဲ့'

ကွမ်ယုံမင်းက ဟုတ်ကဲ့ဟုပြောပြီးနောက် တောင်းစောင်းပေါ်ကအောက်ဘက်သို့ အသာ လျှောဆင်း လာသည်။

တောင်စောင်းက ခပ်ပြေပြေအနေအထားမှ တဖြည်းဖြည်းစောက်မှန်းမသိ စောက်လာသည်မို့ ရပ်၍မင် လျှောက်လှမ်းမရတော့ပေ။

'အေး လေ...မိုးတွင်းလဲမဟုတ်တဲ့ ဒီရေမှော် ရေညှိတွေကဘယ်လိုကဘယ်သို့ ဒီမှာရောက်လာသလဲ မသိဘူးနော်'

'အင်းနော်...ဟုတ်ပါရဲ့'

ဟု ပြောပြီးကာမှ စုချီမင်းက တစ်စုံတစ်ရာကို ပြန်လည်သတိရကာ...

'ဩော်...ဒီလို...ဒီသို'

ဟု စကားကို ပြင်လိုက်သည်။

'ဘာ...ဒီလိုလဲ အစ်ကိုကြီးရဲ့'

'နှင်းမှုန်တွေ အမြဲရှိနေကာယ်လေ၊ ဒီနှင်းမှုန်တွေက ရေငွေ့ပဲမဟုတ်သား'

'ဟုတ်သားပဲ'

www.burmeseclassic.com

www.burmeseclassic.com

မောင်နှမ နှစ်ယောက် စကား တပြောပြောနှင့် မိုးထိ တောင်ကုန်းပေါ်က ဆင်းလာသည်မှာ တောင်ခြေစမ်းချောင်း စခန်းသို့ပင်ရောက်တော့မည်ဖြစ်သည်။

★

အခန်း (၄)

စုချိမင်းက သည်နှမကလေး တစ်ယောက်သာ ရှိသဖြင့် ချစ်ပြီး အလွန်လိုက်သည်။

သိုင်းပညာကို သူနှင့်အတူ သင်ကြားစေခဲ့သည်။

အာခုလက်ရှိ အခြေအနေအထိ ဖခင်ဖြစ်သူ မီးအိမ်နီဂိုဏ်း ချုပ်ကြီး ကောင်းကင်နဂါး ဖန်ယင်မင်း လက်ထပ်သင်ကြား ပေးထားသော အဆင့်မြင့် သိုင်းပညာများအပြင် ဖခင်ကြီး၏ ဆရာတစ်ဦးဖြစ်သော ဂုမ်ဖူး၏စာအုပ်လက်တွေ့ သိုင်းပညာ များကိုပါ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ပညာတစ်ရပ်ကို စူးစမ်း ‌ ေ ယာရာ၌ အထူးတလည် စိတ်ဝင်စားလေ့ရှိသော စုချီမင်းအဖို့ မည်သည့်သိုင်းကွက်မျိုးကိုတတ်ဘတ် နှမ ကွမ်ယုံမင်းထက်သာလွန်ခဲ့သည်ချည်းပင်။

ထို့ကြောင့်လည်း နှမဖြစ်သူသည် တာ ာယ်တမ်း ပွဲတွေ့ ဒိဋ္ဌတိုက်ခိုက်သည့်အခါ အစ်ကိုကြီး စုချီမင်း၏သိုင်းပညာကို မမီအဲဖြစ်နေခဲ့ပေသည်။

'တောင်ပင့်ကူဂိုဏ်းချုပ်ကြီး သုံ့မ်စိမ်းဖန်ရဲ့ တစ်ဦးတည်းသောသမီး စောင်းသခင် ချူရှဖန်ကိုလဲ သတိသားဦးအစ်ကိုကြီးရေ'

စမ်းချောင်းအနီးသို့ ရောက်သောအခါ ကွမ်ယုံမင်းက သတိပေးစကား ပြောလိုက်သည်။

ထိုစကားကြောင့် စုချီမင်း ခြေလှမ်းမှန်မှန်လှမ်းနေရာမှ တန့်သွားသည်။

ပြီးစုချီမင်းက နောက်ကျောတွင် လွယ်ထားသောဓားကို နေသားတကျ ပြန်ပြင်၍လွယ်လိုက်ရင်း...

'သူက တို့မောင်နှမ ရသေ့ကြီး ဝမ်ဖူးဆီသွားပြီး ကိုးနဂါးအမျက်ပွား၊ သိုင်းကွက်ပေါင်းဘစ်ရာ သင်ကြားတဲ့သတင်းကို ကြားသွားတာကိုး၊ မနာလိုတိုရှည် ဖြစ်နေတာပေါ့'

'အဲဒါကြောင့် အစ်ကိုကြီးကို သတိထားလို့ ပြောတာပေါ့'



'ဘာလို့သတိထားရမှာလဲ၊ စမ်းချပ်စမ်းလေ၊ သူကစမ်းတော့လဲ ဘာအရေးလဲ၊ ဖြင်ချရတာပေါ့'

ဟု ပြောလိုက်ပြီးနောက် စုချီမင်းသည် စမ်းချောင်းဘေး၌ သစ်ပင်ရိပ်တွင် ဝင်၍ထိုင်ချလိုက်သည်။

စမ်းချောင်းကလေး အနီးဆိုတော့ အအေးပိုလာသည်။

တိတ်ဆိတ်မှုက လျော့သွားသလိုလို တဟူးဟူးတိုက်ခတ်နေသော လေသံတွေ သည်နေရာရောက်ကတည်းက ပျောက်သွားသည်။

သတိထားလိုက်တော့မှ လေတိုးသံ မကြားရတော့မှန်း သိလိုက်ရသည်။

'စောင်းသခင်ဆိုတဲ့ ဘွဲ့တစ်ခုရဖို့ဆိုတာ သိုင်းလောကမှာ လွယ်တာမဟုတ်ဘူးလို့ အစ်ကိုကြီးပဲ ကျွန်မကို ပြောခဲ့တယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'အစ်ကိုကြီးက အနိုင်တိုက်ခိုက်နိုင်လို့သား'

'အရင်ကတော့ မင်းမင်း ထင်ထားသလိုပါပဲ၊ အစ်ကိုကြီး နှင့်ရှီဖန်ကို တိုက်ခိုက်အနိုင်ယူဖို့ မလွယ်ပါဘူး'

'အခုတော့ သူ့ကို နိုင်ခဲ့ချရှိဘယ်ဆိုတဲ့ အဓိပ္ပာယ်သား အစ်ကိုကြီးရဲ့'

'ဆိုပါတော့'

'မထင်နဲ့နော် အစ်ကိုကြီး'

'ဘာလို့မထင်ရမှာလဲဟ'

www.burmeseclassic.com

www.burmeseclassic.com



'သူ့စောင်းကြိုးတွေက လက်နက်ပုန်းတွေလေ၊ ဒီစောင်း ကြိုး လက်နက်ပုန်းကို အဆင့်မြင့် သိုင်းသမားတွေတော တိမ်းရှောင်ဖို့ လွယ်တာမှမဟုတ်ဘဲ'

'သူ့စောင်းကြိုး လက်နက်ပုန်းကို အနိုင်ယူဖို့ နည်းတွေ ရှိပါတယ်'

'ရသေ့ကြီးက စောင်းကြိုး လက်နက်ပုန်းကို ဘယ်လိုခု ထာကွယ်ရမယ်ဆိုတာ အစ်ကို့ကိုသင်ပေးထားတာပဲ'

'ဒါဆို အစ်ကိုက ကျွန်မကိုကျတော့ ဒီသိုင်းကွက်ခတွက် ခုထိမပြောသေးဘူးနော်'

ဟု ပြောကာ ကွမ်းယိုမင်းသည် သူ့အစ်ကိုအား မြ ခင်းမပေါ်တွင် ထိုင်ချလိုက်သည်။

'နင်က အပြစ်တင်တာ အရင်ချည်းပဲ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ မင်းမင်းရဲ့၊ အဲ့ဒီသိုင်းကွက်က ကိုယ်ဖော ပညာကို အဆင့်မြင့်မြင့် တတ်ထားမှဖြစ်တာ'

'ညီမလေး ကိုယ်ဖော့ပညာအဆင့်နဲ့ မရဘူးလား' အစ်ကို ကြီးရဲ့'

'ဟုတ်တယ် မရသေးဘူး။ ဒါကြောင့်ပါ ညီမလေးရဲ့'

'ဒီလိုဆိုရင် ကျွန်မကို ချန်ရှိဖန့်လာတိုက်ရင် ဘယ့်နှယ် ငေါ်ဦးလဲ'

'လောလောဆယ်ကတော့ မှုအရေးမလိုပါဘူး၊ အစ်ကိုကြီး ရှိနေသားပဲ'



'အစ်ကိုကြီးက အမြဲရှိနေဦးမှကိုး'

ကွမ်းယိုမင်းက ဘာမဆို အစိုးရိမ်ပိုတတ်သည်။ ဒါကို စုချီမင်းသိသည်။

တော

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

နုမ၏ခေါင်းကို လက်ဝါးဖြင့် မှီချလိုက်ရင်း....

'ဟ....ဒီကောင်မလေး စိုးရိမ်ကြီးတတ်ရန်ကော'

ဟု ပြောပြီး ထိုင်ရာမှထသည်။

တို့နောက် ဤစမ်းချောင်းသို့ ရောက်လျှင် ပြုမူနေကျ အတိုင်း မျက်နှာသစ်၊ ခြေလက်သန့်စင်ခြင်းအလုပ်ကို ပြုလုပ် ဆောင်ရွက်သည်။

သို့နှင့် ပင်ပန်းလာသမျှ အတော်လေး ဦလန်းဆန်းသွားရ သည်။



'ခုတလော ဦးတော် မိုးပျံနဂါး ပိုက်ချွန်းထန်နဲ့မတွေ့တာ အတော်ကြာပြီနော် အစ်ကိုကြီး'

ကွမ်းယိုမင်းသည် အကြောင်းအရာသစ်တစ်ခုကို ပြောလာပြန်သည်။

'အေး....'

စုချီမင်းက စကားများမပြောလို၍ ခပ်ပြတ်ပြတ် ပြောလာမှ ကွမ်းယိုမင်းက..../

'ဒီတစ်ခါတွေ့ရင် သိုင်းကွက်အသစ်တွေ ပြပေးဦးမယ်လို့ ပြောတယ်'

ဟု နောက်ဆက်တွဲ ပြောလာသောကြောင့် စုချီမင်း မပြောမဖြစ် ပြောရပြန်သည်။

'နင်ကလဲ....အခြားလူတွေ ကြားသွားပါဦးမယ်၊ လူက ကျေးဇူးရှိတယ်ဆိုပြီး သိုင်းပညာနဲ့ ကျေးဇူးဆပ်နေတာ'

'သူက တစ်မျိုးပဲနော်'

'ဒီကိစ္စ စကြာမှော်ဂိုဏ်းချုပ်ကြီး ခွန်ထင်စုက မကျေနပ်ဘူးလို့ ပြောတယ်ဟ'

'ဂိုဏ်းချင်းတူတဲ့ ဂိုဏ်းတူညီအစ်ကိုတွေမှ မဟုတ်ဘဲအစ်ကိုကြီးရဲ့'

ပြောပြောဆိုဆို ဆက်လျှောက်မည်အလုပ် စုချီမင်းက ခပ်တွေတွေလေး နေလိုက်ပြီး....

'ကြော်....ပြောရဦးမယ်၊ ခုတလော သူ့လက်ထဲမှာ ဓား တစ်လက်ရှိနေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အို...ဒါဆန်းသလား၊ ထိုင်းသမားပဲ'
'ဓားက ဆန်းနေလို့ ပြောတာပါ'
ဤသို့ ကွမ်ယုံမင်းက မေးလိုက်သည့် တစ်ခဏမှာတော့....

'ဟား....ဟား....ဟား'
ရယ်သံတစ်သံ အဆက်မပြတ် ပေါ်ထွက်လာသည်။
ရယ်သံကိုကြားသည်နှင့် စုချီမင်းတို့ မောင်နှမနှစ်ယောက်စလုံး တိုက်ခိုက်မှုအတွက် အနေအထားများ ပြုပြင်လိုက်သည်။
ထို့နောက် ရန်သူကိုရှာသည်။
ရယ်သံ ဘယ်နေရာက ပေါ်ထွက်လာသလဲ။
ဂါကို အရင်ဆုံးနားနှင့် သတိပြုသည်။
ရယ်သံပေါ်ထွက်လာပြီး ပျောက်သွားသည်။
စမ်းချောင်း အထက်ဘက်မှမဟုတ်။



စမ်းချောင်းအောက်ဘက်မှဖြစ်သည်။
အသံအနေအထားအရ ရန်သူသည် ဝေးလံလှမည်မဟုတ်။
'ရန်သူကတော့ ရန်သူပဲ ညီမလေးရဲ့'
စုချီမင်းက အခြေအနေကို သတိပြုပြီးနောက် ကွမ်ယုံမင်းကို လှည့်ပြောလိုက်သည်။
'ဟုတ်တယ်အစ်ကိုကြီး၊ မဟုတ်ခါမှလွဲရော၊ ကျွန်မအထင်ပြောရရင် တောဝပ်မင့်ကူဂိုဏ်းက စောင်းသခင် ချွန်ရိဖန်ပဲလို့ထင်တယ်'
'ဟုတ်တယ်၊ စောင်းသခင် ချွန်ရိဖန်ဆိုရင် ညီမလေး သတိထားနော်၊ အတင့်မရဲနဲ့၊ အထူးသဖြင့် သူအသုံးပြုမယ့် စောင်းကြိုးသက်နက်ပုန်းကို သတိထားချောင် ဟုတ်ပြီလား'
အစ်ကိုကြီး စုချီမင်းက ကြိုကြိုတင်တင် ပြောစရာရှိတာကို မှာထားသည်။

'ဟား... ဟား....ဟား....ဟား'
ရယ်သံက ရှက်ဘရက် ပြန်လည် ပေါ်ပေါက်လာတော့သည်။
စုချီမင်း ခန့်မှန်းထားသည့်အတိုင်း ရယ်သံသည် စမ်းချောင်းအောက် ဝါးတစ်ချိုက်သာသာလောက် တောအုပ်အတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။
'ရန်သူကတော့ စမ်းချောင်းအောက် ဟိုဘက်တောအုပ်ထဲ ရောက်နေတာ အမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



စုချိမင်းက ကျွမ်ယုံမင်းကို ပြောပြလိုက်သည်။

ကျွမ်ယုံမင်းလည်း စမ်းချောင်းအောက် ဟိုဘက်တောအုပ်ကလေးဆီသို့ လှမ်းကြည့်နေသည်။

★

အခန်း (၅)

'ကျွန်မတို့ ဘာလုပ်မလဲ အစ်ကိုကြီး'

'ရန်သူ့အနည်းအများကို ကြည့်ရမယ်လေ၊ နောက်ပြီး ဘယ်ဂိုဏ်းလဲ မေးကြည့်ကြတာပေါ့၊ ကဲ...သစ်ပင်တွေဘေး ဝင်ကပ်နေလိုက်ကြဦးစို့'

ဟု ပြောပြီးနောက် စုချိမင်းက ဝက်သစ်ချပင်တစ်ပင်သို့ လှစ်ခနဲပြေး၍ ကပ်လိုက်သည်။

ကျွမ်ယုံမင်းက နောက်တစ်ပင်။

တစ်ယောက်နှင့်တစ်ယောက်မှာ မနီးမဝေး။

'အစ်ကိုကြီး'

'ဘာလဲဟ'

'အဖေတို့ကို ကျွန်မပြေးသွားပြီး အသိပေးရမလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ...ညီမလေးကလဲ နေပါဦး'

ထိုအခိုက်....

'ဝှီး....'

'ဒုတ်...ဒုတ်...ဒုတ်'

မြားသုံးစင်းဝှီးခနဲခပြေးဝင်လာပြီး စုချိုမင်းနှင့် ကွမ်းယိုမင်းတို့ ခိုကပ်နေကြသော ဝက်သစ်ချပင်ကြီးတွေမှာ လာရောက် စူးစိုက်သွားသည်။

'ဟောဟိုတောအုပ်ထဲက ချောင်းခိုက်နေတာ ဘယ်သူတွေလဲကွ'

စုချိုမင်း လှမ်းအော်၍မေးလိုက်သော်သည်း အဖြေကား မကြားရ။

ရယ်သံကိုပဲ ကြားနေရသည်။

ရယ်သံသာ အမျိုးသားရယ်သံမဟုတ်၊ အမျိုးသမီးတစ်ဦး၏ ရယ်သံ။

'အစ်ကိုကြီးရေ တောင်ပင့်ကူဂိုဏ်းကဂိုဏ်းချုပ်ကြီး ယွမ်စိန်းဖုန် သမီး ချန်ရီဖန်ပဲဖြစ်နိုင်တယ်၊ ရယ်သံကို ကျွန်မကောင်းကောင်း မှတ်မိတယ်၊ အသံကိုနားထောင်ကြည့်ပါလား၊ တုံးပိတ်တဲ့ အသံ ဟင်း'

ကွမ်းယိုမင်းက ပြောနေရင်း ပြုံးကာမဲ့ကာ လုပ်နေသည်။

ကခလေးစိတ်ကလေးကသည်း မပျောက်သေး။



'ဘယ်ဂိုဏ်းကလဲကွ၊ သိုင်းသမားမပီသလိုက်တာ၊ သိုင်းသမားကောင်းဆိုရင် ခုလို ချောင်းခိုမတိုက်ရဘူးဆိုတာ မသိဘူးလား'

'ဝေါ...ခဝေါ...ဝေါ'

အသံများက ဆက်တိုက်ပေါ်ထွက်လာပြန်သည်။

လက်ရွေးစင်ဂိုဏ်းသားသုံးဦးနောက်မှ ဆက်တိုက်ပေါ်ထွက်လာခြင်း ဖြစ်သည်။

ထို့နောက် သူတို့သည်တစ်ယောက်တစ်ခနဲရောသက်ရောက်နေရာယူထားလိုက်ကြသည်။

ဝတ်စုံများကအစိမ်း....

ဝတ်စုံပြာများကို တွေ့မြင်လိုက်ရသည်နှင့် တောင်ပင့်ကူဂိုဏ်းသားမှန်း စုချိုမင်းရော ကွမ်းယိုမင်းပါသိရှိလိုက်သည်။

မှန်သည်။

တောင်ပင့်ကူ ဂိုဏ်းသားတွေ မိမိတို့ မီးအိမ်နီဂိုဏ်းသားတွေကို သက်သက်ရန်စလာခြင်းသာ ဖြစ်သည်။

'ကိုယ်ဖော့ပညာ ကောင်းမှုံရောက်နဲ့ အခုလောက်ကြွားလုံးထုတ်နေရော မလိုဘူး ချန်ရီဖန်၊ မင်းလောက်ကိုယ်ဖော့ပညာများ ကျုပ်က အပိနေတယ်'

စုချိုမင်းသည် ပြောပြောဆိုဆို ကိုယ်ဖော့ပညာကိုအသုံးပြုလျက် အမြင့်ပေ ဆယ်ငါးပေလောက်သို့ ခုန်ပျံတက်ပြီး ချန်ရီဖန်ရှေ့ သစ်ပင်ကြီးတစ်ပင်၏ နတ်နေကိုင်း တစ်ကိုင်းပေါ်တွင် ဖျတ်ခနဲ ဟန်ချက်ညီညီ ရပ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ဆိုးလို့လဲ၊ မီးအိမ်နီဂိုဏ်းသားတွေကလဲ့အဘောင်အလက်စုံသားပဲ၊ ဟင်း....ဟင်း'

ခွန်ရှိမန်က ပြောပြောဆိုဆို တစ်ချက်ရယ်သံ ပေးလိုက်သည်။

ထို့နောက် ဗျတ်စောင်းကို ညာလက်ချောင်းတာလေးဖြင့် တီးခတ်နေသည်။

ဘယ်ဘက်လက်ကိုကား ဗျတ်စောင်း၏ ဒုန်းကြိုးကိုသာ ခတ်နေလေသည်။

ဒုန်းကြိုးခတ်နေသော အရာမှာ လက်ချောင်းကလေးများမဟုတ်၊ သံကောက်တစ်ကောက်ဖြစ်နေသည်။

ဘယ်လက်ပြတ်နေသောကြောင့်ပင်။

ဗျတ်စောင်းမှ ရှေးဟောင်းတေးဂီတ သံစဉ်လှိုင်းတစ်ခုလူးလွန့်လှုပ်ရှားလျက် ပေါ်ထွက်လာသည်။

ဂီတသံစဉ်လှိုင်းမှာ တိုးလိုက်ကျယ်လိုက်။

ဂီတသံစဉ်လှိုင်းက ထူးခြားသည့်သံစဉ်လှိုင်း အတိုးအကျယ်အရှည်သစ်ရွက်များ သစ်ကိုင်းများစည်းချက်ပမာညီညာသော လှုပ်ရှားမှု တစ်ခုဖြင့်လှုပ်ရှား ယိမ်းထိုးလျက်။

'ဝှီး....ဝှီး....ဝှီး'

'ဟူး....ဟူး....ဟူး'

'ရှီ....ရှီ....ရှီ'

ဂီတသံစဉ်လှိုင်းနှင့်အတူ တစ်ပါတည်းပေါ်ထွက်လာသော အသံဗလံများမှာ ဆူညံလျက်ရှိသည်။



တို့အခါ မြားသမားကမြား၊ လှံတံသမားကလှံတံ၊ ဓားသမားက ဓား ဝင်ရောက်တိုက်ခိုက်လာသည်။

သိုင်းသမားသုံးယောက်သည် ဝတ်စုံပြာများ ဝတ်လျက်အတင်းဝင် အဘင်းကိုက်နေကြသည်။

'စုချီမင်းနှင့် ကွမ်ယုံမင်းတို့ နှစ်ယောက်သည် မမျှော်လင့်သောထောင့်မှ မမျှော်လင့်သော တိုက်ကွက်များဖြင့် ခုန်ပျံဝင်ရောက် တိုက်ခိုက်နေသော်သည်း....

စုချီမင်းက တစ်ယောက်မှအလွတ်မပေး ညာကဝင်လျှင် ညာလက်ဖြင့်၊ ဘယ်ကဝင်လျှင် ဘယ်လက်ဖြင့်။

ကြိုက်သည့်အကွက်ကို သုံးပါစေ။

စုချီမင်း ခုခံဖြေထုတ်သည်။

ခုခံဖြေထုတ်ပြီးသည်နှင့် လက်ဝါး၊ လက်ဝါးဆောင်း။

နောက်တစ်ယောက်ကို ညာခြေစောင်း၊ ဘက်ကဖြတ်ဝင်လာပါက ဘယ်ခြေဖမိုး။

'ကဲဟာ'

'အင့်....'

'ယား....'

နောက်တစ်ချီ။

'အွန့်....'

စုချီမင်းသည် ဖောင်ပင့်ကူရိုက်း လက်ရွေးစင် သိုင်းသမားတွေကို အမဲတော်လေး တိုက်ခိုက်နေရသည်။

ကွမ်ယုံမင်းကမူ အရံသဘောနှင့် တိုက်ခိုက်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမဘက်သို့ ကျွဲ ဝင်လာမှသာ ခုခံတိုက်ခိုက်လွှတ်သည်။ ကျွဲ ဝင်လာခြင်းမရှိလျှင် အသာစောင့်ကြည့်နေလိုက်လေသည်။

## အခန်း (၆)

ထိုနည်းတူ ချုံရိပန်းသည် ဖျပ်စောင်းကို တီးခတ်ရင်း တိုင်တွဲအခြေအနေကို လေ့လာ အကဲခတ်နေသည်။

အား.....

အော်ဟစ်လိုက်သောအသံကြောင့် ဇုချီမင်းမှာ နှမအတွက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

လှည့်ကြည့်လိုက်သောအခါ တော်သေးသည်။

နှမကလေး ကျွမ်ယုံမင်းမှာ လက်မောင်း၌သာ ဓားထိပြီး သွေးများနီရဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကြီးတစ်ဖက် ရန်သူ့လက်ချက်ဖြင့် ပြတ်ထွက်သွားသကဲ့သို့ပင် လက်တစ်ဖက်မှာ လှုပ်မရတော့ပြီ။

'ညီမလေး ဘာဖြစ်သွားသလဲ'

စုချီမင်း စိုးရိမ်တကြီး လှမ်းအော်သည်။

ပြီး ကျွမ်းပစ်၍ဝင်လိုက်သည်။

'ဘာမှမဖြစ်ဘူး အစ်ကိုကြီး'

ဟုဆာ ကွမ်ယုံမင်းပါးစပ်ကပြောသည်။

ဘယ်ဘက်လက်လှုပ်မရ။ အတွင်းအား စီးဆင်းလည်ပတ်မှုပင် ထည့်သွင်းမရဖြစ်နေသည်။

သို့နှင့် စုချီမင်းသည် သူ့ကိုဝိုင်းတိုက်နေသော သိုင်းသမားနှစ်ယောက်ကို ဓားစကြာသိုင်းကွက် အသုံးပြု၍ တိုက်ခိုက်ရလေသည်။

သိုင်းသမားနှစ်ယောက် အတွင်းအားချင်းမျှနေသဖြင့် လုံးထွေး လွင့်ပျံထွက်သွားသည်။

သစ်ခက်သစ်ရွက်များ ပြတ်ကြွေပျံ တက်သွား၏။

သိုင်းသမားနှစ်ယောက်လည်း ဆန့်ကျင်ရာ တစ်ဖက်ဆီသို့ အဘွတ်ဘွတ် ကျရောက်သွား၏။

တစ်ယောက်တစ်နေရာ၊

အခြေခံအတွင်းအားနှင့် ကိုယ်ဖော့ပညာ ကွာခြားသဖြင့် တောင်ပင့်ကူ သိုင်းသမားမှာ မှောက်ခုံဘိုင်းခနဲကျ၍ စုချီမင်းကမူ ဟန်ချက်ညီညီ ရပ်တည်လျက်ကျ၏။



ထိုသို့ ဟန်ချက်ညီကျသည်နှင့် စုချီမင်းသည် ကွမ်ယုံမင်းနှင့် ယှဉ်တွဲတိုက်ခိုက်နေသော – တောင်ပင့်ကူဂိုဏ်းသား သိုင်းသမား၏နောက်သို့ ခုန်ပျံ ဆင်းလိုက်သည်။

'ဝှီး....'

တောင်ပင့်ကူဂိုဏ်းသား သိုင်းသမားက လှမ်း၍ခုတ်လိုက်သည်။

စုချီမင်းရှောင်သည်။

လွတ်သွားသည်။

သည်တော့မှ ရန်သူ၏ရင်ဘတ်ကို ခြေဖနောင့်နှင့်ပေါက်ချလိုက်ရာ ရန်သူ၏ပါးစပ်မှာ သွေးချွဲပွက်ခနဲ ပျို့အန်ကာ လဲကျသွားလေတော့သည်။

'ဟိတ်...တောင်ပင့်ကူ ဂိုဏ်းသားတွေဖြစ်ပြီး ခုလောက်ပဲ ညံ့ရသလား၊ အားလုံး ခုချက်ချင်းနောက်ဆုတ်လိုက်'

လှမ်းအော်လိုက်သော ချန်ရှိဖန်၏အသံပင် ဖြစ်သည်။

ချန်ရှိဖန်စကားကို အဲအော်လေးစား လိုက်နာကြဟန်တူသည်။

သိုင်းသမားသုံးယောက်စလုံး တိုက်ကွင်းထဲမှ ရုတ်တရက် ပြန်ထွက်သွားကြ၏။

သူတို့ထဲမှ သိုင်းသမားတစ်ယောက်မှာ အတွင်းကြေ ကြေသွားဟန်တူသည်။

ပါးစပ်ထဲမှ ပျို့အန်ထွက်ကျနေသော သွေးစသွေးနများမှာ ခုထိထွက်ကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စမ်းချောင်းတစ်ဝိုက်ဆီက သံစဉ်လှိုင်းများ ငြိမ့်ငြိမ့်လွင့်လာသည်။

ဂီတသံစဉ်မှာ ရှေးဟောင်းတေးသီချင်းတစ်ပုဒ် ဖြစ်လေသည်။

စုချီမင်းတို့ မောင်နှမနှစ်ယောက်သည် အတူယှဉ်ချပ်လျှောက်နေရင်း ချိန်ရီမန်ကိုသတိထားနေသည်။

မည်သည့်တိုက်ကွက်မျိုးနှင့် တိုက်စစ်ဆင်လာလေမလဲ။

ကွမ်ယုံမင်းကတော့ အစ်ကိုဖြစ်သူ၏ ပြောဆိုညွှန်ကြားချက်ကိုပါ စောင့်နေသည်။

‘ဝိုး....’

‘ဟူး....ဟူး....ဟူး’

ဖြူဖွေးဝင်းလက်သောအရောင်တစ်ခု လေထုကိုတိုးဝေ့ပြေးဝင်လာသည်။

ကောင်းကင်မှ မိုးကြိုးသွားတစ်ခု ကျရောက်လာသည်နှင့်တူသည်။

‘ညီမလေး....ဘေးဖယ်လိုက်စမ်း’

စုချီမင်းက ပြောပြောဆိုဆို ကွမ်ယုံမင်းကိုတွန်းထုတ်လိုက်ပြီး မိမိကမူ တစ်ဝက်လောက်မှ နောက်သို့ လှန်ချလိုက်ခြင်းဖြင့် သုံးခေါက်တိတိမတ်၍ တစ်ဒုန်းရှာရွှေ့ပစ်လိုက်သည်။

‘ဝိုး....’

‘ဟူး....ဟူး....ဟူး’

‘ဒုတ်....ဒုတ်....ဒုတ်’



လျှပ်တစ်ပြက်အတွင်းမို့ လှုပ်ရှားမှုများကိုသာ သိရှိလိုက်ရသည်။

အဖြစ်အပျက်တွေကို စိစစ်ဖို့ မသိလိုက်ရပေ။

သို့သော် အဖြေပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

စက္ကူနှင့်အနည်းငယ်မျှပင် ချန်ရီဖန်က သူမ၏ ထီးခတ်နေသော ဗျပ်စောင်းကြိုး တစ်ချောင်းချင်း သုံးချောင်းတိတိ ဖြတ်တောက်လှင့်ပစ်လိုက်လေရာ ဗျပ်စောင်း သံမဏိကြိုး ထိပ်ဖူးများက လက်နက်ပုန်းများဖြစ်လာပြီး စုချီမင်းနှင့် ကမ်းယုံမင်းတို့ အသည်းနှလုံးတည့်တည့်သို့ ထိုးဖောက် ဖြတ်သန်းသွားရန် ပြေးဝင်လာခြင်း ဖြစ်သည်။

စုချီမင်းသာ နားရေမျက်စိပါ ပြုံးခုခံလာက မလျင်ပါက ချန်ရီဖန်၏ ပထမဦးဆုံးသော တိုက်ကွက်တစ်ကွက်တည်းနှင့် အသက်ပျောက်ကြရမည်သာ။



အခုတော့ ချန်ရီဖန်အဖို့ မကျေနပ်စရာ အခဲမကျေစရာ ဖြစ်လာသည်။

မည်သို့ဆိုစေ အံ့သြစရာတော့ ကောင်းသည်။

ချန်ရီဖန်၏ သိုင်းအရည်အသွေးကို အထူးကြိုးစားစရာ မလိုဘဲ သိလာနိုင်၏။

'တော်သားပဲ'

စုချီမင်းက ချန်ရီဖန်ကို စိတ်ထဲကျိတ်၍ ချီးကျူးလိုက်မိသည်။

သို့သော် ဒါက ချန်ရီဖန်အပိုင်း။

မိမိအပိုင်းက လောလောဆယ်မည်သို့အနိုင်တိုက်ခိုက်ရမည် တွေးသော အချက်သည် အဓိကပေ။

ဗျပ်စောင်း သံမဏိကြိုးစများတွင်ချွန်မြည့်သော သံမဏိထိပ်ဖူးများ ကိုတပ်ဆင်ထားသဖြင့် အမြီးရှည် လှံတံများနှင့်တူသည်။

သံမဏိထိပ်ဖူးများအားလုံး စုချီမင်းတို့မောင်နှမကို မထိမှန်ဘဲ ဆက်လက်ပြေးဝင်သွားကြရာ စက်သံစိချုပင်ကြီးတစ်ပင်၏ ပင်စည်အခေါက်များကို ထွင်းဖောက်စူးနစ်ဝင်သွားပေတော့သည်။

ထိုအခါ ဗျပ်စောင်း ကြိုးတန်းသုံးတန်း သွယ်တန်းလျက် အမြင်မှာဆန်းပါဘိ။

ပြီးတော့ အဖြူရောင်ခြည်များ အလင်းရောင် အိုင်လေတိုင်း တဖိတ်ဖိတ်တလက်လက်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီတိုက်ကွက်က ကောင်းသော့ ကောင်းပါရဲ့ချန်ရီဖန်၊ ဒါပေမယ့်ကျုပ်လိုမီးအိမ်မီးဆိုင်းသမား တစ်ယောက် အတွက် အသုံးမကျသေးပါဘူးဗျာ၊ ဟား…အား…ဟား'

စုချီမင်းက တိုက်ကွင်းကိုဖြတ်ကျော်လာခဲ့ပြီးဖြစ်၍ ပြော အားဆိုအားရှိလာသည်။

'စကားမရှည်နဲ့ဟေ့…စောင်းသခင်အကြောင်း သိသွားရစေမယ်'

'သီချင်လွန်းလို့ စောင့်နေရတာပေါ့ အောင်ဘွင်ကူ ဂိုဏ်းချုပ်ကြီး ယွမ်စိမ်းဖန်ရဲ့ အင်္ဂီးဘည်းသော သခင်း စောင်းသခင် ချန်ရီဖန်ရယ်၊ ဒါပေမယ့် စောင့်ရတာ ကြာလွန်းလို့ အသက်ကြီးမှ တွေ့ရမှာလား မေးသွားပါရစေ'

ချန်ရီဖန်သည် ဒေါသအမျက်ခတွ ခြောင်းခြောင်းထွက် ထွက်နေသည်။

သူ့မျက်မျက်လုံးများသည်ပင်အနီးအဖွေ့ တစ်ခုဘာဝင်းလှိုင်း ထနေသည့်အလား ရှိသည်၊

ဘောက်တစ်ချက်ခတ်၏။

ထို့နောက်လှုပ်ရှားမှုအရိပ်တစ်ခု။

'ဝေါ…ဟူ…ဟူ…ဟူ…'

အသံတစ်သံ ပေါ်ထွက်လာပြန်သည်။

အညီအသံကို စုချီမင်းအစက ဘာသံပါလိမ့်ဟုတွေးမိပေမယ့် အခု မတွေးတော့။

သတိထား၍သာ မော့ကြည့်သည်၊

အန္တရာယ်လား။



မိမိမတတ်ကျွမ်းသော တိုက်ခိုက်မှုအတတ်ပညာတစ်ခုပင် ဖြစ်သည်။

အတွင်းအားပေါ်တွင်သည်းကောင်း။ ကိုယ်ဖော့ပညာ များကိုလည်းကောင်း အခြေခံထားခြင်းဖြစ်သည်။

'ညီမလေး ဓားထုတ်တော့'

စုချီမင်းကနှမဖြစ်သူကို လှည့်ပြောပြီး သူကိုယ်တိုင်လည်း ကျောမှဓားကို ရှမ်းခနဲဆွဲထုတ် လိုက်သည်။

ဓားမှာ ဖွေးဥပြီး အလင်းရောင်တဖိတ်ဖိတ်၊

သည်တစ်ခါတော့ စုချီမင်းက ရန်သူ၏ တိုက်စစ်ကို ကြို စောင့်ကာ ခုခံကာကွယ်ပြီး တိုက်စစ်ဆင်သောတိုက်ကွက်ကို စွန့်လိုက်သည်။

'ယိုတ်…ချန်ရီဖန်၊ မင်းနဲ့ကျုပ် တော့ခတ့ဆိုင်ဆိုင်တွေ့ ကြသေးတာမှမဟုတ်၊ သတိသာထားပေတော့ ကျုပ်လာပြီ'

ဟု အော်ဟစ်ပြောဆို၍ ကိုယ်ဖော့ပညာဖြင့် မြေကြီးမြေ ပြင်မှ ခုန်ပျံ၍အမြင့် တစ်ဆယ့်ရှစ်ခပေလောက် အထိမြင့်သော နေရာသို့ ခုန်ပျံ၍တက်လာခဲ့သည်။

'ချွင်…ချွင်…ချွင်…'

'ထန်…'

လေထုအတွင်းခုန်ပျံရင်းတစ်နေရာအရောက်တွင် ခုန်ပျံမှု အလျှော်ကို မချပ်ဘဲ ဓားချင်း ခုတ်ပိုင်းချ လိုက်ကြသည်။

ဓားသံများညံသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်စုချီမင်းက အခြားတစ်နေရာသို့ ရောက်ရှိသွားကာ ချန်ရီဖန်ကလည်း ဆန့်ကျင်ဘက်တနေရာသို့ ရောက်ရှိသွားသည်။

★

## အခန်း (၈)

ရောက်ရှိရာအရပ်မှတစ်ဖန်ပြန်လည်ခုန်ပျံ၍ ဒုတိယအကြိမ်တောင်းကစ်ကိုတိုက်ပွဲကျင်းပသည်။

'ချွင်....ချွင်....ချွင်....'

'ထန်....'

သည်တစ်ခါတော့ထိပြီ။

ဘယ်သူ့ဓားက ဘယ်သူ့ခန္ဓာကိုယ်တစ်နေရာကို ထိသွားသည်မသိ။

သွေးစက်များ မြေသို့ကျလာသည်။

နောက် သွေးစက်တစ်စက်က မြေပြင်တွင် ရပ်၍ အခြေအနေကိုကြည့်နေသော ကွမ်ယုံမင်း၏လက်ကောက်ဝတ်ပေါ်တွင် ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်...သွေးစက်တစ်စက်ပါလား'

စုချိုခင်း၏ သွေးစက်များလား....

အတွေးနှင့် ကွမ်းယိုမင်း ထိတ်သွားသည်။

လှမ်း၍ ကြည့်လိုက်သောအခါ စုချိုမင်းက သူမအနီး သို့ ပြန်လည်ကျရောက်လာသည်။

ဖက်လက်အနေအထားမှ တော့ချသိုက်ခြင်းပင်။

'အစ်ကိုကြီး ထိသွားလား'

ကွမ်းယိုမင်း လှမ်းမေးလိုက်သည်။

စုချိုမင်းက လှည့်မကြည့်။

သို့သော် နှမ်မေးတာကို ပြန်မဖြေသည်။

အသံမှာ ကာ့မျာကသော အသံ။

'သူ ထိသွားတာပါ'

ချွန်ရိုအန်ထိသွားသည်မှာ မှန်သည်။

သူမ ပို၍ဒေါသထွက်သွားဟန် တူသည်။

တစ်ခါဒယာက်တည်း အော်ဟစ်နေသည်။

တောနေရာက သူ့လူသိုင်းသမား သုံးယောက်ကို ပြန်ခေါ်သည်။

တောအုပ်ကြားတွင် ကိုယ်ပျောက်နေသော သိုင်းသမား သုံးယောက် မြင်ကွင်းထဲသို့ ပြန်လည် ပေါ်ထွက်လာကြလေသည်။



သို့သော် မည်သို့သောအစီအစဉ်ကို ပြုလုပ်သည်မသိ။

သိုင်းသမားသုံးယောက်မှာ ရှေ့လှက်မတိုက်ခိုက်ဘဲ ငြိမ်နေသည်။

ဂီတသံစဉ်ကို ပြန်လည်ကြားမှပြန်သည်။

ဒုန်းကြိုးသုံးချောင်း ပြတ်နေပြီဖြစ်၍ ဂီတသံစဉ်မှာ မပီမသ။

'ခေါက်....ဗွီး....ဟူး....ဟူး....ဟူး'

'ခေါက်....ဗွီး....ဟူး....ဟူး....ဟူး'

'ခေါက်....ခေါက်....ခေါက်'

ဗျပ်စောင်းမှ ရှိသမျှသံမဏိကြိုး လက်နက်ပုန်းတွေကို တစ်ခုချင်းပြုတ်၍ ပစ်လွှတ်နေပြီဖြစ်သည်။

အရိပ်များမှာ တဖျင်ဖျပ်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိထိပ်ဖူးများက မြေခေါင်းများနှင့်မခြား လေထုတို့ တိုးဝင်လာနေသည်။

စုချိမ်းက အန္တရာယ်ကို စတွေ့သည်။

ရှောင်သည်။

ထိုအခါ သိုင်းပညာသင်ကြားစဉ် ဆရာရခဲ့သော ကြိုး ဝှမ်ဖူးဓားစကြာများ အဆက်မပြတ် ပစ်လွှတ်၍ တစ်ခုမကျန် လွှတ်အောင် ကာကွယ်သည့်နည်းကို စိတ်အာရုံညွှတ်သည်။

ရပြီ။

ဓားစကြာကို ရှောင်တိမ်းသည့်နည်းကိုပင် အသုံးပြုကာ ချန်ရိုဖန် ပစ်လွှတ်နေသော သံမဏိကြိုးများကို တစ်ခုချင်း ရှောင်၍ သစ်ပင်ပေါ်သို့ တက်ခဲ့သည်။

စုချိမ်း ပြောပြမယ်ဆိုသော သိုင်းကွက်မှာ ဤသိုင်းကွက်ပင် ဖြစ်ရမည်ဟု ကွမ်ယုံမင်းသိရှိလိုက်သည်။

ဤသိုင်းကွက်ကို အစ်ကြီးစုချိမ်း သေသပ်ကျနစွာ တိုက်ခိုက်သွားသည့်အတွက် မီးအိမ်နီဂိုဏ်းကိုပင် ဂုဏ်ဆောင်စေနိုင်သည်ဟု ယူဆမိလိုက်သေးတော့သည်။

ချန်ရိုဖန်က ဘယ်ဘက်လက်တွင် ဓားထိသွားသည့်အတွက် အခဲမကျေဖွဲ့ ဗျပ်စောင်းကြိုး လက်နက်ပုန်းကို အသုံးပြုတိုက်ခိုက်သော်လည်း အခြေအနေမှာ မထူးခြား။

သို့နှင့် နောက်ဆုတ်ရင်း....

'ဂိုဏ်းသားတွေ ဝင်တိုက်ကြတော့'



ဟု အမိန့်ပေးလိုက်လေရာ စောစောက ကြောင်ရပ်နေကြသော သိုင်းသမားကြီးသုံးယောက် တိုက်ကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက် တိုက်ခိုက်လာကြသည်။

'ယား....'

တောင်ပင့်ကူဂိုဏ်းသား သိုင်းသမားသုံးယောက် မြေလှမ်းအတူ ပြေးနှုန်းအတူ ဓားညီတူဖြင့် စုချိမ်းတူရှိသို့တည့်တည့်မတ်မတ် ပြေးဝင်လာ၏။ စုချိမ်းက ခြေတိုင်ခွဲရပ်လျက်။

ကွမ်ယုံမင်းက အခြေအနေကို သိသည်။ အစ်ကို၏လက်ဝဲဘက်ပြေးလမ်းမှ ကြိုတင်ရပ်၍နေလိုက်သည်။

'ယား....'

'အိစ် ...'

'ချွင်....ချွင်....ချွင်'

တိုက်ပွဲမှာ ဖိုပြီးကြမ်းလာသည်။ လျင်မြန်မှုကလည်း ဖိုလာသည်။ စုချိမ်းသည် အထွင်းအားကို တစ်ဆင့်စီ မြှင့်၍ တိုက်ခိုက်၏။

'အား....အား....အား'

တောင်ပင့်ကူဂိုဏ်းမှ သိုင်းသမား သုံးယောက် အထိနာနေကြပြီ၊ လဲကြ၊ ကွဲကြရပြီ။

ထိုအခါ ဟိုအမြင့်တစ်နေရာမှ....

ဝေါ...ဟူး...ဟူး...ဟူး...ဟူးသောအသံကိုကြားလာရသဖြင့် အားလုံး တိုက်ခိုက်မှုကိုရပ်ပြီး မျှော်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ လစ်ပြီ၊
ခေါင်းသခင် သွားပြီ၊
ချန်ရစ်ဖန် ဤတိုက်ပွဲတွင် အရေးနိမ့်သူပင် မဟုတ်ပြီလော။

## အခန်း (၉)

ပိန်းချိစန့်ပွိုမိသားစုကတော့ ခပ်ပေါက်ပေါက် ခပ်နှမ်းနှမ်း အသိအကျွမ်း မိတ်ဆွေအပေါင်းအသင်းတွေ အားလုံးက အပေါက်မိသားစုဟု ပြောကြသည်။

တချို့က အရူးတွေ အခေပါတွေ ကျပ်မပြည့်သူတွေစသည်ဖြင့် ပြောလားပြောသည်။

မှန်သည်။

ပိန်းချိစန့်သည် အစဉ်သဖြင့် နောက်တောက်တောက် ပြောင်တောင်တောင်။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည် ကြုံဝါဖေးကရောစပ်ဖြဖြ၊ ဖြူးဖြီးဖြီး ၊စကားပြောလျှင် ကျယ်ကျယ်လောင်လောင်။

နောက်ပြီး သူ့မှာ ဘယ်အဘွားဆို အရေးကြီးနေသည့်ပုံ။

သွားတာ၊ လာတာ၊ ပြောတာ၊ ဆိုတာအားလုံး ပျာယာပျာယာနှင့်။

သမီးဖန်လီကျတော့ရော။

ကြုံမှကြုံတတ်သည်၊

သူ့မအမေ ကြုံဝါဖေးနှင့် မခြား၊

စကားပြောမိပြီဆိုလျှင် သစ်ရွက်လှုပ်တာ ယင်ကောင်ပျံတာကအစ အကြောင်းရှာပြောတတ်သူ။

သူတို့မှာ ထူးခြားသည်ကား သိုင်းပညာအကျော်အမော်များ ဖြစ်နေခြင်းဖြစ်သည်။

ဤသည်မှာ မဆန်းပါလား။

သို့သော် စယုံမရှိလေနှင့်။

အကြည့်....ပိန်းချိစန်ကမဆေးကြောရသေးသောခေါက်ဆွဲကြော်ထည့်သည့် ကြွေပန်းကန်ပြားတွေကို မီးဖိုဆောင်ထဲမှ ခေါင်ဘက်သို့ မကွဲမရှအောင် တရိုတသေကိုင်တွယ်သယ်ဆောင်သွားရမည့်အစား လမ်းပေါ်က ကျောက်ခဲတုံးတွေကောက်ပစ်သလို ပစ်နေသည်။

တစ်ခုပြီးတစ်ခု။

'ဝှီး...ဝှီး...ဝှီး'

ကြွေပန်းကန်များဝဲပျံသွားနေသည်မှာ ငှက်တွေပျံနေသည်နှင့်ပင်တူသည်။



အသည်းယားစရာ။

တစ်ခုတစ်ခုကြောင့် ချွတ်ချော်သွားလျှင် ပန်းကန်ပြားကွဲကြေစရာအကြောင်းကလွဲ၍ ဘာအကြောင်းမှမရှိ။

သို့သော် ဇနီးသည်ကြုံဝါဖေးက ပိန်းချိစန်ပစ်ပေါက်နေသော ပန်းကန်ပြားတွေကို ဖျတ်ခနဲ ဖျတ်ခနဲလှမ်းကိုင်ပြီး သစ်သား ရေစည်ပိုင်းထဲ ပစ်ထည့်နေသည်။

'စွပ်....စွပ်....စွပ်'

ကျွမ်းလိုက်သည့်ဖြစ်ခြင်း၊ လျင်လိုက်သည့်ဖြစ်ခြင်း၊ သူတို့ဇနီးမောင်နှံ နှရီစည်းဝါးမှန်မှန် လှုပ်ရှားလုပ်ကိုင်နေသည့် ကစုံတွဲကကွက်တစ်ကွက်ကို ကပြအသုံးတော်ခံ နေသည်နှင့်ရှိသည်။

သည်မှာ နောက်ခံတီးလုံး မရှိမဟုတ်ရှိသည်။

ထိုတီးလုံးမှာ ပိန်းချိစန်ပါးစပ်မှ တတွတ်တွတ်ရေရွတ်နေသော တီးလုံးတီးကွက်ပါသော ပါးစပ်ဆိုင်းသံ ဗုံသံဖြစ်လေသည်။

ထိုသို့ပန်းကန်များဆေးကြောနေရင်းကစကားပြောသည့်အခါ ပြောပါသေးသည်။

'ဟဲ့....ကြုံဝါဖေး၊ မြို့ပေါ်မှာ သိုင်းပြိုင်ပွဲကျင်းပမလို့တဲ့၊ ...င် ကြားပြီးပြီလား'

သည်ကနေတော့ ပိန်းချိစန်က အရက်ကလေးတစ်ခွက်တစ်ဖလားမော့လာစဉ် ညနေပိုင်းမှာကြားသိခဲ့ရသောသတင်းစကားကို ဇနီးသည်အားအသိပေးသည်။

ကြုံဝါဖေးတို့ကလည်း လူတစ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပြိုင်ပွဲအကြောင်း၊ သိုင်းပညာအကြောင်းသာပြော စိတ်ဝင်စားသည်။

အလေးအနက်ထားသည်။

'မကြားသေးဘူး၊ ရှင်တယ်ကကြားလာတာလဲ၊ ဈေးထဲ ကလား၊ ကွာစီအရက်ဆိုင်ကလား'

—ကြို့ဝါဖေးက ကြေ့ပန်းကန်တွေကို ဆပ်ပြာရေနှင့်စဘင် ပွတ်တိုက်ဆေးကြောရာမှ ပြန်ပြောသည်။

ထိုအချိန်တွင် ပိန်းချီစန်သည် ပစ်ပေးစရာကြေ့ပန်းကန် များ မရှိတော့။

ထို့ကြောင့် ရေစည်ပိုင်းအနီးသို့ လျှောက်လာလေတော့ သည်။

ညနေကသောက်ထားသောအရက်မှာ ပြေနေပြီ။

သို့သော် သူက ရီတီတီဇော်တော့တေ ခံစားမှုကလေးကို ထိန်းထားဆဲ။

'ကွာစီတို့အရက်ဆိုင်က ကြားလာတာပါ၊ သူ့ဆိုင်မှာ အရပ်လေးမျက်နှာကလူတွေ ရောက်ရောက် လာတတ်တယ် မဟုတ်လား'

'ကွာစီတို့သားအဖတွေကလဲ စပ်စပ်စုစု သမားတွေဆို တော့ သတင်းပတင်းစုဆောင်းရာဌာနကြီးပေါ့လော၊ အရက်မူး သမားတကား ခံကြွားကြွားရှင်ရဲ့၊ ရှင်ကအစ'

'မင်းက ပြောတော့မယ်'

ဟုပြောကာ လမ်းပေါ်ချထားသော အချဉ်ရည်ဘူးကို အမှတ်မဲ့လှတ်တိုက်မိမည်အပြု ပိန်းချီစန်ကပျက်သွားသော



ခန့်ချက်ကိုထိန်းရင်း ရှေ့ကို အားလွန်လဲကျသွားလေတော့ သည်။

အချဉ်ရည်ဘူးကိုကား လွှတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အချဉ်ရည်ဘူးကို ဦးစားပေးလိုက်မိသောကြောင့်လည်း ပိန်းချိစန့်ရှေ့ဘက်သို့ အားလွန်ကျသွားခြင်း ဖြစ်သည်။

သို့သော်သူသည် အောက်မကျ။

'အင့်....'

အသံတစ်သံသာပေါ်ထွက်လာသည်။

ကြုံဝါဖေးက ကြွေပန်းကန်စောင်းဖြင့် ပိန်းချိစန့်၏ဝ... တုတ်တုတ်ခန့်ခန့်ကိုယ်ကြီးကို အလွယ်တကူ ပင့်ထား လိုက်ပြီး နောက် တွန်းတင်လိုက်သည်။



ပိန်းချိစန့်မှုလပုံမှန်အနေအထားသို့ ပြန်ရောက်သွားသည်။ လှုပ်ရှားမှုကို ဟန်တားဆဲ။

'ကျုပ်....ရှင့်ကို ဘယ်သိုင်းကွက်နဲ့ တွန်းထုတ်လိုက်တာလဲ သိလား'

ကြုံဝါဖေးက သူမခင်ပွန်းသည် ပိန်းချိစန့်အပေါ် ပညာပြလိုက်ခြင်းဖြစ်သည်။

ပိန်းချိစန့်က တစ်ချက်ပြုံးသည်။

'ဟဲ....ဟဲ....မင်းကမေးပြီ'

'ဘာ....ဟဲ....ဟဲလဲ၊ မသိဘူး ဟုတ်လား'

'သိပါတယ်ကွာ၊ သိပါတယ်ကွာ၊ ဟို....ဟို သိုင်းကွက်'

ပိန်းချိစန့်က သိုင်းကွက်အမည်ကို မမှတ်မိ။ ခပ်ကြောင်ကြောင် ခပ်ပေါက်ကရပေါက်လုပ်ပြသည်။

'ဟင်....ဒါနဲ့များမေးလိုက်တုန်းကပြုံးစိစိနဲ့ ဟန်ချည်းပဲ'

ကြုံဝါဖေးက မဲ့ရွဲ့၍ ပြောသည်။

'အမယ်လေး၊ ဒါလေးများ'

'ပြောလေ၊ ဒါလေးဆိုတာ၊ ဒါကြီးလား'

ပိန်းချိစန့် ခေါင်းက ဆံပင်မွှေးတွေထဲ လက်ထိုးဖွလိုက်သည်။

မျက်လုံးကိုပြူး၍ နှုတ်ခမ်းစူပြသည်။

'လက်တို့ပြန် သိုင်းကွက်မဟုတ်လား'

'တော်ပြီ၊ ဒါက တော့ဖြီးတာ၊ ရမ်းတုတ်တာ'

ကြုံဝါဖေး မှတ်ချက်ချလိုက်သည်။

'ဒါဖြင့် ဘာသိုင်းကွက်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလဲ မသိဘူးလေ၊ မသိလို့ မေးတာဘဲ'

ဇနီးသည် ကြို့ဝါဖေးက နောက်နောက်ပြောင်ပြောင်လုပ်နေသည်ကို ခပ်ပွန်းသည် ပိန်းချိစန်အခုမှသိသည်။

သိသိချင်းပဲ။

'ဟာ်...ကျုပ်က အဟုတ်များသွားလို့'

ဟုပြောပြီး ပိန်းချိစန်ကညာခြေဘစ်ဖက်ဖြင့် လှမ်း၍ကန်လိုက်သည်။

ကြို့ဝါဖေးက ခန္ဓာကိုယ်ကို ခြေအောက်ကန့်ချက် လွတ်သွား၍ တိမ်းပေးလိုက်သည်၊

'ဝန်း....'

ဒါကတော့ နူဆားပိုးသား ပန်းကန်ပြား တစ်ချပ်ကို အထပ်ထဲပြန်မထည့်ဘဲ ပိန်းချိစန်မျက်နှာသို့ချိန်၍ သ်ကယက်ထဲက ကြွေပန်းကန်ပြားတစ်ချပ်ပစ်ပေါက်လိုက်သည်၊ ခံပေဦးတော့။

ပိန်းချိစန်လျှင်သည်၊ ပါးနပ်သည်။

ပြေးဝင်လာသော ကြွေပန်းကန်ကို အမိအရ ဖမ်းယူဆုပ်ကိုင်ပြီး နောက်ဘက်ပန်းကန်များထားသည့်နေရာသို့ တင်ထားလိုက်သည်။

'ဝိုး...ဖျတ်...ဝိုးဂလွမ်'

ထိုသို့သော အသံများနောက်မှ အခြေအနေမှန် သို့ပြန်၍ရောက်လာ နှစ်ယောက်သားရယ်မောသွားကြသည်။

ဟား....ဟား...ဟား'

'ကဲ....သိုင်းပြိုင်ပွဲအကြောင်း ဆက်စမ်းပါဦး'



'ဘာဆက်ရမှာလဲ၊ သိုင်းပြိုင်ပွဲကျင်းပကြမယ်ဆိုနေမှ'

'ပေးမယ့်ဆုက ဘာဆုလဲ'

'ဒါကတော့ ကျုပ်လဲမသိသေးဘူး၊ဒါပေမယ့်ထုံးစံအတိုင်းဆိုရင် မြင်းတစ်ကောင်ရမှာပေါ့၊ မြင်းတစ်ကောင် မရလဲ ဆုနဲ့တန်ဖိုးညီတာရမှာပေါ့'

'ဒါဆို ရှင်ဝင်ပြိုင်ပါလား'

ထိုစကားကြားသောအခါ ပိန်းချိစန်စိတ်ဝင်စားလာသည်။

သူ့ကိုယ်သူသည်း အထင်ကြီးသွားသည်၊

မျက်ခုံးတွေ ဆက်သွားပြီး၊

'အေးဟုတ်တယ်၊ သိုင်းပြိုင်ပွဲကိုဝင်ပြိုင်မယ်၊ပြိုင်မယ်၊ပြိုင်မယ်'

ဟု ပေါက်ကွဲကရတွေအော်ဟစ်ရင်း ထကနေပြန်သည်။

ကြို့ဝါဖေးသည်ဆေးကြောပြီးသား ကြွေပန်းကန်အထပ်ကြီးကို မပြီး မီးဖိုချောင်ထဲ ပြန်ယူသွားရင်းမှ....

'ဖြဲ...ဒုပ်ပြဲ၊ ပေါက်ခဲ့နေရာမှာ ရှင်ကတော့ နိုင်ပါတ်သစ်ပါပဲ၊ ကောင်းတယ်၊ ကောင်းတယ်'

ဟုအော်၏။

ထိုနောက် စောစောက သမ်းမအသယ်ရှိ အချဉ်ရည်ကို လှတ်ဝင်တိုက်မိပြန်သည်။

သည်တစ်ခါ သည်းထိတ်ရင်ဖိုကြွေပန်းကန်တွေထဲ ကျဆင်းထပ်ချည်း မဟုတ်သား။

'ကွဲပြီ...ကွဲပြီ...အမယ်လေး ကွဲပြီ'

www.burmeseclassic.com

www.burmeseclassic.com

ပိန်းချိစန့်က ကြူ့ဝါဖေး ကြော့ပန်းကန်တွေ တာဂ်ထပ်ကြီး ကိုင်လျက် ဟန်ချက်ပျက်ပြီး ရှေ့ကိုသွားလိုက်ချည် နောက် သို့အားယူကော့လိုက်ချည်နှင့် ကိုးရိုး ကားရား ဖြစ်နေလေ လေ....။

★

အခန်း (၁၁)

'အမယ်ဒလေး....သွားပါပြီ သွားပါပြီ'

ဟု ပါးစပ်က တရွတ်တွတ် ပြောနေသည်။

သို့သော် ကြူ့ဝါဖေးသည် မီးဖိုဆောင်တစ်ခန်းလုံး ပြည့်လုခမန်း လမ်းလျှောက်ရုံမှလွဲ၍ နောက်ဆုံး၌ သူသည်ပုံမှန် အနေအထားသို့ ပြန်ရောက်ရှိသွားရလေတော့သည်။

အမှန်တော့ သူတို့မိသားစုသည် သိုင်းပညာကို အလွတ် လေ့ကျင့်ခြင်းမပြုဘဲ အခုလို အိမ်မှုဗာဟီရ အလုပ်တွေလုပ် ရင်း လေ့ကျင့်ခဲ့သည်သာများသည်။

'ဒါထက် ကျုပ်တို့သမီး ဖန်လီစန်ရော။ ညနေကတည်းက မတွေ့ပါလား'

'မမးမနေ့စမ်းပါနဲ့တော့ဟာ'

www.burmeseclassic.com

www.burmeseclassic.com



'အလိုတော်...ဘာကြောင့်မမေးရမှာလဲ၊ ဒါ ကျုပ်တို့ရဲ့ တစ်ဦးတည်းသောသမီး အပျိုကြီးရှင့်'

'ခုသြ်...မေးလဲမေးတာပဲ ရှိမှာမို့ပါ၊ နှင့်သမီးက စုချိုမင်းတို့အိမ် ရောက်နေမှာမို့ ပြောတာပါ'

ကြူဝါဖေး မျက်စောင်းထိုးပြသည်။

'မိန်းမနောက်ဆိုးဒိလာ စုချိုမင်းကဖြင့် သူ့ကိုယောင်လို့တောင် စောင်းမကြည့်ဘူး'

ထိုစကားကိုချောင်းနားထောင်နေသော ဖန်လီစန် ကြားသည်နှင့် တဟီးဟီးလုပ် ငိုယိုခလတော့သည်။

အချုံးဟု ပြောရအောင်ကလည်း အခက်။

'အမယ်လေး အချပ်ကတ္တိုရယ်၊ ဒီကဖြင့် သူ့ကိုချစ်လိုက်ရတာ၊ မျှော်သင့်လိုက်ရတာ၊ ညှာတာထောက်ထားလိုက်ရတာ'

ဟု ပြောလိုက်ချည် ငိုကြွေးလိုက်ချည်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

'အမေတို့ကတော့လား အဲဒါတော့ကို မဟုတ်ဘာ ပြောကြတာပဲ၊ အဲ့ဒီတို့စုချိုမင်းကကျုပ်ကို ဘာလို့မချစ်ရမှာလဲ၊ ချစ်လိုက်တာမှတုန်လို့ တုန်လို့'

ဤသို့ပြောလိုက်ပြီးနောက်မှာတော့ ဖန်လီစန်က အငိုကို ရပ်ခြည်းဖြတ်ကာ တခိခိ တခစ်ခစ် ရယ်နေပြန်သည်။

မျက်နှာရှုး အပိုးမသေ။

ဖန်လီစန်မှာ [illegible] ရှူးခပါပေါ် နေနေ၍သာ လူပုံကာ ချစ်စရာ ရွှဲမက်စရာ၊ ချစ်စရာဆိုဘာက ဖန်လီစန်သည် ကိုယ်လုံး



ကိုယ်ထည်က သူ့နေရာနှင့်သူ ဖုတန်ဖုံ ဖောင်းတန်တာဖောင်း၍ မို့တန်တာမို့လျက် နှင်းဆီပန်းကလေးတစ်ပွင့် မိုးဦးဆောင်းဦးမှာ ပွင့်ချိန်တိုင်း ပွင့်နေပုံရှိနေသောကြောင့် ဖြစ်သည်။

တကယ်ပဲ မိန်းမချောကလေး။

အထူးသဖြင့် နှုတ်ခမ်းကလေး ထူထူတွဲတွဲဖြစ်နေသည်က သူမအလှကို ပို၍ လှပချစ်စရာကောင်းအောင် လုပ်ပေးနေသကဲ့သို့ ရှိ၏။

ဒါလေးတွေက ရွှဲမက်စရာဖြစ်မည်။

ထို့ကြောင့် ဖန်လီစန်း အပျိုဖြစ်သည်နှင့်စကားပြောသူ ယောကျ်ားတွေ ဗုနှင့်ဗေး။

သူက တစ်ဦးတစ်ယောက်ကို ဘာမျှအလေးဂရု မပြုခဲ့။ အားလုံးကမူ ခုထိတန်းတန်းစွဲ။

ဘယ်သူတွေဘယ်လောက်ပဲ ဖန်လီစန်အား စိတ်ဝင်စားစေ ကြည်နူးနှစ်သိမ့်စေ....

စုချိုမင်းက ခပ်အေးအေးပင်။

'သွားစမ်းပါ ဖန်လီစန်ရယ်၊ အေးအေးဆေးဆေးသွားနေစမ်းပါ၊ တကတဲ တစ်ချိန်လုံး လူ့အသံတွေချည်းပဲ'

ဟုလည်း ဆူမြဲ။

ချစ်လို့ နှစ်လို့ ဖန်လီစန်က မရှက်မကြောက် ပြောရဲဆိုရဲသည်။

အကဲဆတ်လွန်းသည်။

အခုတော့....

www.burmeseclassic.com

www.burmeseclassic.com



ဖန်လီစန်သည် အိမ်နောက်ဖေးမှ ကုပ်ချောင်းချောင်းဖြင့် လျှောက်လာသည်။

အိမ်ဘက်ကိုလည်း လှည့်ကြည့်ရသေးသည်။

အဖေနှင့်အမေ အလုပ်ရှုပ်နေကြသည်။

ဈေးထိပ်တွင် လက်တွန်းလှည်းတွင် တည်ခင်းရောင်းနေသော ဖခေါက်ဆွဲအရောင်းဆိုင်မို့ ခုလိုညဘက်တွင် အလုပ်အလွန်များသည်။ ချက်ရပြုတ်ရသည်။ ဆေးရ ကြောရသည်။

သည်လောက် အလုပ်များသည့်ကြားက အဖေနှင့်အမေ တို့ဘာ စကားကို လေဆက်မပြတ်ပြောတတ်ကြပါသေးသည်။

သူတို့စကားများသည်မှာ အဆဲမပါ။ အဘိုင်းအတာမပါ။ သည်တော့ ရယ်ရသည်။ ပြုံးရသည်။ ပျော်စရာလေးတွေ ဖြစ်နေသည်။

ဖန်လီစန်သည် ခြံစည်းရိုးသို့ရောက်သော အခါ ခွေးတိုးပေါက်ကို လူဘိုးပေါက်လုပ်ကာ အပြင်သို့ထွက်လာသည်။

'ဟဲ....ကောင်မလေး ကုန်းကုန်းကွကွနဲ့ ဘာလုပ်နေတာလဲ'

ဟု ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်သောစကား သံကြောင့် ဖန်လီစန် တုန်သွားသည်။

ရုတ်တရက် ဘယ်သူမှန်းမသိခင်က ကြောင်မဘာင်တောင် ကြောင်တက်တက်။ နောက်မှ လမ်းထဲ၌ သူမပါလျှင် မပြီးသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရတော့မှ....

'ဟဲ....ဟဲ'



ဟု မျက်နှာချိုသွေးသည်။

နောက် တစ်ဆက်တည်းမှာပဲ....

'ရွှေဆွဲပြားလေး လွင့်စဉ်သွားလို့ပါ အဘရဲ့'

ဟု ပြီးစလွယ် စီးစလွယ် ဖြေလိုက်သည်။

သို့သော် မပြီးစီး။

လူကြီးက အထွန့်တက်၍ဟာသည်။

'ရွှေဆွဲပြား ဟုတ်လား၊ နှမြောစရာပါလား၊ ဖယ်ဖယ် အကြီးရှာပေးမယ်'

လူကြီးက ပြောပြောဆိုဆိုပင် ရှာသည်။

ဖန်လီစန် ဘာပြောရမည်မသိ။

ပြော်ထားပြီးမှ မဟုတ်ပါဘူးဟုပြောလျှင် လူကြီးက မိမိအား ဆဲပေတော့သည်။

သို့နှင့် ဖန်လီစန်သည် လူကြီး စည်းရိုးနား ကုန်းကုန်းကုန်းကုန်းနှင့် ရှာနေဆဲ အသာ လစ်ထွက်လာရလေတော့သည်။

ဖန်လီစန်သည် ခပ်လှမ်းလှမ်းသို့ရောက်သောအခါ လူကြီး အခြေအနေကိုသိချင်၍ နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။

လူကြီးသည် မိမိလစ်၍ထွက်လာသောဘက်သို့လှမ်း ကြည့်ပြီး ပြောဆိုနေသည်။

သူပြောဆိုနေသောစကားသံကိုမကြားရသော်လည်း အမူအရာကိုကြည့်ရုံနှင့် မြည်တွန်တောက်တီးနေမှန်း ဖန်လီစန် သိလိုက်သည်။

www.burmeseclassic.com



စုံချိမင်းတို့အိမ်ခြံဝင်းအတွင်းသို့ရောက်သောအခါ ကွမ်ယုံမင်းကို အရင်တွေ့သည်။

သူမနှင့်ကတော့ သက်တူရွယ်တူဟု ပြော၍ရသည်။

သို့သော် ဖန်လီစန်က ကွမ်ယုံမင်းထက် သုံးနှစ်လောက်တော့ကြီးမည်။

သုံးနှစ်လောက်ကြီးသည်ငယ်သည်ဆိုတာ ပြောပလောက်သည်မဟုတ်။

အခန်း(၁၂)

'မမစန် ဘာလာလုပ်တာလဲ'

ကွမ်ယုံမင်းက ဆီးကြိုမေးသည်။

ဤသို့မေးလေတိုင်း ဖန်လီစန်မှာစပ်ဖြဲဖြဲ ပြုံးစိစိ။ မျက်နှာကြီးက မလိုမလဲ။

'ဘာလဲ နှင့်အစ်ကိုကို လာပိုးနေတယ်လို့ ထင်လို့လား၊ ပိုးနေတာပဲမဟုတ်လား'

'ဒီကောင်မလေး ရှက်ရော'

ဖန်လီစန်သည် ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။

ဒါကိုပဲ ကွမ်ယုံမင်းက သဘောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီးက မမစန်ကို ချစ်ပါတယ်'

'ချစ်တယ်....ဟုတ်လား'

'ရိုးရိုးချစ်တာပါ'

ထိုအခါ ဖန်လီစန်က ကွမ်ယုံမင်းပခုံးတစ်ဖက်ကို တွန်းထုတ်လိုက်သည်။

အတွင်းအားများပါသွားလေရာ ကွမ်ယုံမင်းမှာ တစ်ဖက်သို့ ယိမ်းထိုးကျသွားလေတော့သည်။

'မမစန်ကလဲ အရမ်းချည်းပဲ၊ အစ်ကိုကြီးကို တိုင်လိုက်ရ မလား'

ကွမ်ယုံမင်းက ဤသို့ပြောရုံရှိသေးသည် ဖန်လီစန်ကပြေး ထွက်သည်။

ထိုအခိုက် အိမ်အပေါ်ထပ်ဝရန်တာမှ စုချီမင်း ခုန်ပျံ ဆင်းလာသည်။

ကိုယ်ဖော့အားကိုသုံး၍ ခုန်ပျံဆင်းလာသည် မှန်သော် လည်း စုချီမင်း၏ ခုန်ပျံပုံအနေအထားမှာ အလွန်လှသည်။ ပျံလွှားတစ်ကောင် ဝဲပျံဆင်းသာသည်နှင့် တူနေသည်။

ထို့နောက် ဖန်လီစန်နှင့် ကွမ်ယုံမင်းတို့ရှေ့တွင် အသာ အယာ အသံမဲ့ ကျရောက်လာသည်။

'ဟာ....စုချီမင်း ကိုယ်ဖော့ပညာကတော့ အံ့မခန်းပဲ နော်'

ဖန်လီစန်က ဤသို့ချီးကျူးစကားပြောသော်လည်း စုချီ မင်းက စကားမပြောဘဲ ဖန်လီစန်ကို စိုက်ကြည့်နေသည်။

နောက်မှ....



'နင့်မှာ ပေါ်တောတောချာတာတာ အမူအရာကလေး တွေမရှိရင် ကောင်းမယ်'

ဟု ပြောလိုက်သောအခါ ဖန်လီစန်က လက်မကလေးကို တလေးတစ်ချောက်ဟန် ကိုက်ပြလိုက်လျက်....

'ဘာဖြစ်လို့လဲ'

ဟု ပြန်မေးသည်။

'လှလို့ပေါ့၊ နင်ကလှတယ်ဟ၊ လှတဲ့မိန်းကလေးဆိုတာ အခုလို ပေါ်တောတော မနေရဘူးလေ'

ထိုအခါ ဖန်လီစန်က နှုတ်ခမ်းစူသည်။

ကွမ်ယုံမင်းကတော့ အစ်ကိုမျက်နှာလိုကြည့်လိုက် ဖန်လီ စန်မျက်နှာကိုကြည့်လိုက်လုပ်ကာ ပြုံးနေသည်။

'ကဲ....ဒါတွေထား၊ လှောခေတာဆယ် ခါးထုတ်'

'လုပ်ပြီ...ခါးမှမပါတာ'

'ညီမလေး၊ ခါးပေးလိုက်စမ်း'

'ဟုတ်ကဲ့....အစ်ကိုကြီး'

ဟုပြောကာ ကွမ်ယုံမင်းသည် သူမခါးမှခါးကို ခါးအိမ် နှင့်အတူ ပေးလိုက်သည်။

'ဘာလုပ်ဦးမလို့ သဲ့ စုချီမင်းရဲ့'

'နင်....သိုင်းပြိုင်ပွဲ ဝင်ပြိုင်မလို့ဆို'

'ဒီသတင်း ဘယ်သူပြောတာလဲ'

'ဘယ်သူရှိမှာလဲ နင့်အဖေ ပိန်းချီစန်းပဲပေါ့၊ ဘာလဲ ဟုတ်ဘူးလား'

'စဉ်းစားတုန်းပါ'

www.burmeseclassic.com



'ခင်းစားမနေနဲ့ ဝင်သာပြိုင်'

'ရှုံးရင် ရှက်စရာကြီး'

'ပြိုင်ပွဲတစ်ခုမှာ အရှုံးနဲ့အနိုင် ဒီနှစ်မျိုးပဲရှိတာ မဟုတ်လား၊ ရှက်စရာမဟုတ်ပါဘူးဟာ'၊

ထိုအခါ ကွမ်းယာမပီးက ဝင်ပြောသည်။

'ကျွန်မတောင် ဝင်ပြိုင်မလားလို့၊ ဘာဖြစ်လဲ သိုင်းလောကမှာ ကျွန်မတို့သိုင်းပညာအဆင့်ဟာ မနိမ့်ပါဘူး'

'ညီမလေးမှာ နောက်တစ်နှစ် နှစ်နှစ်လောက် လေ့ကျင့်မှု လိုပါသေးတယ်၊ ဒီသိုင်းပြိုင်ပွဲမှာ မစင်စေချင်သေးဘူး၊ ဝင်စေချင်တာက ဖန်လိစန်ပဲ'

'နင်ကငါ့ကို အတော်အထင်ကြီး နေပါလား'

'နင့်သိုင်းပညာ အရည်အချင်းကို ငါကောင်းကောင်းသိပါတယ်'

ဤတွင် ဖန်လိစန်က ဓားကို ခါးတွင်အကျအန ချိတ်လိုက်သည်။

သေချာတွေ့မှ သိုင်းကွက်နှင်း၍ရပ်လိုက်သည်။

အခုတော့လည်း ဖန်လိစနီသည် တကယ့်အကျော်ဒေးယ် သိုင်းသမားကြီးဟန်။

'ကဲ... ဖန်လိစန် ရပြီလား'

'ရပြီ၊ စတော့'

သို့နှင့် သိုင်းသမားနှစ်ယောက် လှုချင်းခွာလိုက်ကြသည်။ ခွာလိုက်ကြသည်နှင့် ဓားကို အသီးသီးဆွဲထုတ်လိုက်ကြသည်။



ဓားဖျားကလေးများမှာ တုန်ခါ၍ ဝင်းလက်နေသည်။

အကွင်းအားများကို စုစည်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သိုင်းသမားများအဖို့ အတွင်းအားစုစည်းခြင်းသည် အဓိကကျသော အဆင့်တစ်ဆင့်ဖြစ်သည်။

သိုင်းပညာ မည်မျှပင် ကျွမ်းကျင်သည်ဖြစ်စေ အတွင်းအားမကောင်းသော သိုင်းပညာသည် အသက်မပါသော လှုပ်ရှားမှုတစ်ခုသာ ဖြစ်သည်။

စုချီမင်းသည် ညာလက်ဖြင့်ကိုင်ထားသော ဓားကိုဆန့်တန်းထားလိုက်သည်။

ပြီး မြေပြင်ပေါ်ကို ခပ်ဖွဖွလျှောက်ရင်း မျက်လုံးအကြည့်များက အိမ်နီးငှက်အကြည့်များကဲ့သို့ထားကာ ကြည့်နေသည်။



ဖန်လီစန်လည်း ဓားကိုအပေါ်တွင်မိုးရင်း တစ်ဖက်လူ၏ တိုက်ခိုက်လာမည့် တိုက်ကွက်အနေအထားကို အလစ်မပေးဘဲ စောင့်ကြည့်နေသည်။

အခုလို စောင့်ကြည့်နေသောအခါများတွင် အသက်ရှူသွင်းမှုတ်ထုတ်သောအသံများမှာ များစွာကျယ်လောင်လာ၏။

'ယား....'

စုချီမင်း ရုတ်တရက်ထအော်လိုက်သော ငြာသံပေးသံသည် ကြောက်မက်ဖွယ်ရာ အသွင်ကိုပင် ဆောင်နေသည်။

ကွမ်ယုံမင်းက သူ့အစ်ကိုကိုလည်း ယုံကြည်သည်။ ဖန်လီစန်ကိုလည်း စိတ်ချသည်။

လျှပ်တစ်ပြက်အတွင်း လှုပ်ရှားမှုတစ်ခုက ပြီးဆုံးပေတော့မည်။

'ချွင်....ချွင်....ထန်'

ဓားဓားချင်းထိသံများ ပြီးဆုံးသွားသောအချိန်တွင် ဖန်လီစန်၏ ဘယ်ဘက်လက်မောင်းတွင် ရှပ်ဇီသွား၏။

သွေးများရဲရဲခြည်း ယိုစီးထွက်လာသည်။

အမှန်တော့ စုချီမင်းနှင့် ဖန်လီစန်တို့ နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ပျော့ကွက်ကို စောင့်ကြည့်နေကြသည်။

ဖန်လီစန်သည် လေတိုးတိုက်လာသည်ကို သတိပြုလိုက်မိသည့်တစ်ကော စုချီမင်းက ငြာသံပေး၍ အထက်သို့ခုန်ပျံတက်သွားရင်း ဖန်လီစန်အား ဝင်ရောက် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ်ဘရယ်ကြီးဆိုတော့လည်း ဖန်လီစန်အသည့်အခြေပြောင်း ထုံဆိုနေရွာတနိုတူသည်။

ချော့မင်း၏ မိုးခါးချက်ကို ပင့်ခါးဖြင့် ပင့်ထုတ်ကာကွယ် လိုက်ပါသည်။

သို့သော် ကွက်တိမဟုတ်။

ထို့ကြောင့်လည်း ခါးခါးချင်းထိခတ်ပြီး လူချင်းပြန် အခွာ, ဖခုံးစွန်းတွင် ပူခနဲခံစားလိုက်ရသည်။

ခါးထိသွားမှန်း ဖန်လီစန် ချက်ချင်းပဲသိလိုက်ချပါသည်။ ဒါပေမဲ့တော့ မိမိအမှားပဲလေ။

သွေးတွေက အသမတန် စီးကျလာသည်။

ဇာတ်ပွဲကို ရပ်ဆိုင်းရပ်ရပ်လိုက်၏။

ကွမ်ယုံမင်းရော ဇုချီမင်းပါ ဖန်လီစန်အနီးသို့ ပြိုင်တူ လိုလို ရောက်လာသည်။

'သိပ်များသွားသလား ဖန်လီစန်'

ဇုချီမင်း၏ပင် စိုးရိမ်တကြီး မေးသည်။



ဖန်လီစန်သည် ခါးကို ခါးအိမ်တွင်ပြန်ထည့်ရင်း....

'ရပ်ထိသွားတာပါ၊ မများပါဘူး'

'အစ်ကိုကြီးက တမင်လုပ်လိုက်တာ မဟုတ်လား'

ကွမ်ယုံမင်းက ဖြတ်မေးလိုက်သည်။

'တမင်လုပ်လိုက်တာလိုလဲ ပြောမယ်ဆိုရင် ရပါတယ်၊ သိုင်းပညာဆိုတာဟာ တကယ့်ရန်သူနဲ့ တွေ့တဲ့အခါကျမှ တကယ့်ကျားကုတ်ကျားခဲ ခိုက်ခိုက်ရတာ မဟုတ်လား'

'ဒီတော့ သွေးရဲရဲသံရဲရဲ ဖြစ်ဖူးရမယ်ပေါ့ ဟုတ်တဲ့လား'

ဖန်လီစန်ကလည်း သဘောပေါက်နေသည်။

'ဟုတ်ပါတယ်'

'ဈေးပါဦး၊ အခု တိုက်ခိုက်သလောက် အခြေအနေ ထို....'

'လိုတော့လိုသေးတယ်၊ သိုင်းပညာပိုင်းမှာ လိုနေတယ် ဆိုတာပဲ၊ ဒါပေမယ့် သိုင်းပြိုင်ပွဲက လိုပါသေးတယ်'

'ကျွန်မပါလေ့ကျင့်ထားမယ်နော် အစ်ကိုကြီး'

'ညီမလေးက အတွင်းအားလေ့ကျင့်မှု လိုသေးတယ်ဆို တော့ ဒီသိုင်းပြိုင်ပွဲအတွက် ပြိုင်ဆင်ချိန်ရမှာမဟုတ်ဘူး၊ လေ့ ကျင့်ထားတာကတော့ လေ့ကျင့်ပေါ့၊ မမှားပါဘူး'

'သိုင်းပြိုင်ပွဲကတော့ ဖြစ်မှာလား'

'မပြောတတ်ပါဘူး၊ သိုင်းလောက တစ်ခုလုံးတော့ လှုပ် လှုပ်ရှားရှား ဖြစ်နေကြတာပဲ၊ ကံပါလေ...ပြိုင်ပွဲဖြစ်တာ ၊မဖြစ် တာ နောက်ထား၊ တို့လုပ်စရာရှိတာ လုပ်ကြရမှာပဲ၊ ရွှေ... ညီမလေးက အစ်ကိုကြီးမားကိုယူ'

www.burmeseclassic.com



စုချိမင်းက နှမဖြစ်သူအား ဓါးကိုပစ်ပေးလိုက်သည်။ ဓါးလွတ်ချည်း ဖြစ်သည်။

ကျွမ်ယိုမင်းကလည်း ဓါးကိုဖျတ်ခနဲ လှမ်းဖမ်း၍ ဓါးရိုးကို တချစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

★

## အခန်း (၁၄)

'ဒူ....ဟူ....ဟူ....ဟူ'
'ဒူ....ဟူ....ဟူ....ဟူ'
'ဒူ....ဟူ....ဟူ....ဟူ'

မောင်းသံသည် စကြာမှော်ဂိုဏ်းသားတွေ အားလုံးကို တပ်လှန့်နှိုးလိုက်သည်။

သည်မောင်းသံကြားသူဂိုဏ်းသားအားလုံး ကြားရာအရပ်မှ အမြန်ဆုံး စုဝေးရောက်ရှိလာကြသည်။

အကြောင်းထူးရှိသည်လား မရှိသည်ပဲလား။ ဒါကိုတော့ ဘယ်ဂိုဏ်းသားမှမသိကြပေ။

မကြာလှပေ။

www.burmeseclassic.com

www.burmeseclassic.com



စကြာမော် ဂိုဏ်းသားတွေအားလုံးလိုလို ဂိုဏ်းချုပ်ကြီးခွန်ထင်စုရှေ့မှောက်သို့ စုဝေးရောက်ရှိလာကြသည်။

လက်ရွေးစင်ဂိုဏ်းသားတစ်ဦးဖြစ်သော မိုးပျံနဂါး ပိုက်ချွန်းထန်လည်း ရောက်ရှိနေပြီဖြစ်သည်။

သူမပါ၍ မဖြစ်။

လက်ရှိ အခြေအနေတွင်ကား မိုးပျံနဂါးပိုက်ချွန်းထန်သည် ဂိုဏ်းချုပ်ကြီးခွန်ထင်စု၏ ညာသက်ရုံးတစ်ဖက်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဂိုဏ်းချုပ်ကြီးခွန်ထင်စုက သူ့လက်ထဲရောက်ရှိနေသောရောင်ပြန်ဓားကို သူ့ကိုယ်တိုင်သုံးစွဲချင်လျက် မသုံးစွဲဘဲ မိုးပျံနဂါးပိုက်ချွန်းထန်ကိုပေးထားသည်။

'ဂိုဏ်းသားတွေကိုခေါ်ရတာကတော့ အခုဘလော သိုင်းလောကရဲ့ သိအင့်သိထိုက်တာလေးတွေကို ကျုပ်တို့ဂိုဏ်းသားတွေ သိထားရအောင်ခေါ်ရတာပါ'

ဂိုဏ်းချုပ်ကြီးခွန်ထင်စုက သိုင်းပညာတွင်သာမက စကားပြောသည်၊ ကောင်းသည်။

အချိန်အခါတော်ကြာကြာ ပြောဖြစ်သည်။

သူ့ပြောစကားများတွင် စကြာမော် ဂိုဏ်းအကြောင်းလည်း ပါသည်။

လက်ရှိ သိုင်းလောကအကြောင်းလည်းပါသည်။

ဤသို့ ပြောဆိုပြီးစီးသွားသောအခါ စကြာမော်ဂိုဏ်း၏ လက်ရွေးစင်ဂိုဏ်းသားများ ကျန်နေရစ်သည်။

ပိုက်ချွန်းထန်က ရှေ့ဆုံးက...



'ဒီနေ့ ပိုက်ချွန်းထန်ကိုအထူးကပြောချင်တာကတော့....'

ဟုပြောပြီး ဂိုဏ်းချုပ်ကြီးခွန်ထင်စုက စကားကိုရပ်ထားလေရာ ပိုက်ချွန်းထန်အပါအဝင် လက်ရွေးစင်ဂိုဏ်းသားများအားလုံး စိတ်ဝင်တစားဖြစ်လာသည်။

'ကျုပ်ပေးအပ်ထားတဲ့ရောင်ပြန်ဓားနဲ့ပတ်သက်လို့ ဘယ်လိုထူးခြားချက်ရှိနေပြီလဲဆိုတဲ့ အကြောင်းပါပဲ'

'ဓားကတော့ ဓားကောင်းတစ်လက်ပါပဲ၊ ဘာကြောင့် ဓားကောင်းတစ်လက်ဖြစ်နေတယ်ဆိုတာ ကျုပ်လဲစူးစမ်းနေဆဲပါ၊ ခုထိတော့ အလွန်လေးလံတာကလွဲလို့ ထူးခြားဘယ်လိုထူးခြားချက်မှ မတွေ့သေးပါဘူး'

ထိုစကားကိုကြားသောအခါ လက်ရွေးစင် ဂိုဏ်းသား ပလေ့ဝိဇ္ဇာရှကျုံမင်က ပခုံးနှစ်ဖက်တွန့်သည်။ ပြီး ခပ်စိန်းစိန်းကြည့်လိုက်ပါသေးသည်။

'ဒါဆိုရင် ဒီဓားဟာလေးလံတာကလွဲလို့ ဘာမှ အစွမ်းသတ္တိမရှိတဲ့ ဓားတစ်လက်ပဲပေါ့'

ရှကျုံမင်ကဝင်ပြောလိုက်လေရာ ပိုက်ချွန်းထန်ဘဝင်မကျဖြစ်သွားသည်။

'ဒီလိုတော့လဲ ဘယ်ဟုတ်မလဲဗျာ၊ မြောက်လူးကျင်းတိုက်သိုင်းလောကကိုကိုင်လှုပ်နိုင်ခဲ့တာ ဒီဓားကြောင့်ပဲ မဟုတ်လား'

ပိုက်ချွန်းထန်က ဣန္ဒြေရှရပင် ပြန်ပြောလိုက်သည်။

'ဒါဆိုရင်လဲ ဓားကိုင်ထားတဲ့လူက ဓားအကြောင်းကို သေချာလာထားမှ ဖြစ်မယ်လေဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ထေ လာတယ်ဆိုတာ အချိန်လိုပါတယ်၊ ဒီခေါ်းကို ဂိုဏ်းချုပ်ကြီးက ကျုပ်သက်ကိုအပ်ထားတဲ့အချိန်ဟာ ဘာမှမရှိသေးဘူး၊ တွက်စစ်ကြည့်ရင် သုံးသလောက်ပဲရှိမယ်'

'ဒီလောက်ရှင်းပြစရာမလိုပါဘူးဗျာ၊ ကျုပ်က စကြာမော်ဂိုဏ်းရဲ့ ကောင်းကျိုးကိုမျှော်ကိုးပြီး ပြောနေရတာပါ'

'ကြုံတုန်းမို့ ပြောရဦးမယ်၊ ဒီခေါ်းကို ဂိုဏ်းချုပ်ကြီးက ကျုပ်ကိုအပ်ထားတဲ့ကိစ္စနဲ့ပတ်သက်လို့ ဂိုဏ်းတူညီအစ်ကို ရှကျုံမြင်က မကျေနပ်လို့သိလား၊ ဒါဆို ကျုပ်ရှင်းရှင်းပဲမေးပါရစေ၊ မကျေနပ်ဘူးဆိုရင်တော့ အခုပဲ ပြောင်းလဲသက်ခံပါ၊ ကျုပ် ဘယ်လိုမှသဘောမထားပါဘူး'

ထိုအခါ စကြာမော်ဂိုဏ်းချုပ်ကြီးခွန်ထင်စုက လက်နှစ်ဖက်ကို မြှောက်ကာ...

'နေကြပါဦး...ခေါ်းတစ်သက်နဲ့ ပတ်သက်လို့ ဒီလောက် စိတ်ဝမ်းကွဲစရာ မလိုပါဘူး'

ဟု ဝင်ပြောလာသောကြောင့် ပိုက်ချန်းထန်ရော ရှကျုံမြင်ပါ ငြိမ်သွားသည်။

ပြောလက်စစကားများသာ ငြိမ်သွားသည်။

မျက်နှာများမှာ ပိုမိုခက်ထန်မာကျောလာသည်ဟုဆိုရမည်ဖြစ်သည်။

'ပိုက်ချန်းထန်ကို ဒီခေါ်းအပ်ထားဘာကလဲ အတွင်းအားအရာမှာ အကောင်းဆုံးသိုင်းသမားတစ်ယောက် ဖြစ်နေတဲ့ အတွက်ဆိုတာ အားလုံးသိနေပါတယ်'



ဤစကားကို ဂိုဏ်းချုပ်ကြီးပြောတော့မှပဲ ရှကျုံမြင်မျက်နှာငြိ သွားသည်။

ကျန်လက်ရွေးစင် ဂိုဏ်းသား တွေကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်ကြသည်။

ကန့်လန့်လုပ်ချင်တဲ့ ရှကျုံမြင်ပါးစပ်ပိတ်သွားတာကောင်းတယ်ဆိုသောသဘော။

'အခင်း သူတို့နှစ်ယောက်ပြောနေကြတာနဲ့ ကျုပ်ပြောမယ့်စကားတောင် ဘယ်ရောက် သွားသလဲမသိဘူး၊ ဒီစကားကို ဖျောက်ဖျက်ပစ်လို့တော့မရပါဘူး၊ ဒီလိုပါ'

ဂိုဏ်းချုပ်ကြီး ခွန်ထင်စုက သူပြောမည့်စကားကို စိတ်ဝင်စားစေချင်သော သဘောနှင့် ဆက်မပြောသေးဘဲ နားထားလိုက်လေသည်။

အားလုံးကိုးတိုးစကားသံနှင့် လှုပ်ရှားမှုများ မရှိတော့မှ သူ့စကားစကိုပြန်ဆက်သည်။

'အခုတစ်လော တောင်ပင့်ကူဂိုဏ်းဟာအတော်လေးလှုပ်လှုပ်ရှားရှားဖြစ်နေတယ်၊ ဒါ မင်းတို့ သတိထားမိရဲ့လား'

'ဟုတ်ပါတယ်၊ သတိထားမိပါတယ်'

အားလုံးသိုသိုအဖြေကို ပြိုင်တူပေးကြသည်။

'ဒီလိုဖြစ်နေတဲ့အကြောင်းရင်းကို မင်းတို့သိကြသလား'

'တောင်ပင့်ကူဂိုဏ်းချုပ်ကြီးရဲ့သမီး တောင်းသခင်ချွန်ရီဖန်ရဲ့ညီမ ဖဲကြိုးဝါလုဖန်ရှုတို့နှစ်ယောက်တစ်စ နှီးထလာလို့များတွေးစရာပါပဲ'

ပလွေဝိဇ္ဇာရှကျုံမြင်ကဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဈေးဗရာမဟုတ်ဘူး၊ ဟုတ်ကိုမှုတ်နေတာ၊ နောက်တစ်ကြောင်းက မြေဘီလူးကျင်းထိုက် ပျောက်ချင်းမလှပျောက်နေတာ၊ တောင်ပင့်ကျူဂိုဏ်းက ဖမ်းပြီး မြေအောက်လိုဏ်ဂူထဲက အကျဉ်းခန်းထဲမှာ ချုပ်ထားဆိုပဲ၊ နောက်ပြီး ရောင်ပြန်ဓားကို ဘယ်မှာဝှက်ထားသလဲလို့ မေးနေတယ်၊ ကျင်းထိုက်က သူတို့မမိခင်ကတည်းက သူ့ဓား ပျောက်ဆုံးသွားတဲ့အတွက် မူးကြောင်ကြောင်ဖြစ်နေလို့ တော်သေးတာပေါ့'

ဂိုဏ်းချုပ်ကြီး ခွန်ထင်စုပြောသော အကြောင်းအရာမှာ အဆန်းတကြယ်ဖြစ်နေသောကြောင့် အားလုံးငြိမ်သက်နေကြသည်။

အခန်း(၁၅)

'ကျင်းထိုက် စိတ်မှန်လာအောင် ဆေးကုနေတယ် လို့လဲ ကြားတယ်၊ ဒီဓားအကြောင်းကို ကျင်းလိုက်ကလွဲပြီး ဘယ်သူမှ မသိတော့ ကျုပ်တို့အတွက် အခက်တွေ့နေတာပေါ့၊ ခုလို သူစိတ်ဖောက်ပြန်နေတာကိုပဲ ကောင်းသလိုလိုဖြစ်နေတယ်'

'ဒီကိစ္စ ကျုပ်ကိစ္စထားပါ'

ပိုက်ချွန်းထန်က တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်းကို ကျုပ် အစကတည်းက ယုံကြည်စိတ်ချပါတယ်။ နောက်တစ်ချက် ပြောရဦးမယ်'

ပိုက်ချင်းထန် နားစွင့်နေသည်။

အားလုံးက ဂိုဏ်းချုပ်ကြီး ခွန်သင်စုကို ဝိုင်းကြည့်နေကြသည်။

'ပြောရမှာတော့ အားနာနာပဲ'

'ပြောပါ၊ ရပါတယ်'

ဂိုဏ်းချုပ်ကြီးက ပိုက်ချန်းထန်ကိုသာ ကြည့်၍ ပြောနေသဖြင့် ပိုက်ချန်းထန်သဘောပေါက်နေသည်။

'ရပါတယ်'

ဟူသောစကားကိုသာ ပြောလိုက်သည်။

'ဖဲကြိုးဝါ လုဖန်ရှကို ပိုက်ချန်းထန်ကိုယ်တိုင် သတ်ဖို့ကိစ္စပဲ'

'ခင်ဗျာ...ဖဲကြိုးဝါကို ကျုပ်ကိုယ်တိုင်က သတ်ပေးရမယ် ဟုတ်လား'

ပိုက်ချန်းထန် တအံ့တသြဖြစ်သွားရမှာ အမှန်။

ပြီးတော့လည်း သူနှင့်ဖဲကြိုးဝါ လုဖန်ရဲ့ဘာစ်ယောက်ကို တစ်ယောက် သိခဲ့ဖူးသော အကြောင်းကို ကြာမှော်ဂိုဏ်းသားထဲက တစ်ယောက်ယောက် သိရှိသွားလေပြီလားဟု သူတွေးမိလိုက်သည်။

'ဟုတ်ထယ် ပိုက်ချန်းထန်၊ မင်းဖဲကြိုးဝါကို သတ်ရမယ်၊ ဘယ်လိုလဲ၊ ကြာမှော် လက်ရွေးစင်တစ်ယောက် အနေနဲ့ သတ်မှာပဲ၊ ဘာလို့မသတ်ရဲစရာ ရှိမလဲ'



'သြော်...ဟုတ်ကဲ့၊ သတ်ရပါတယ်၊ တစ်ခုမေးချင်သေးပါ'

'မေးလေ'

'ဒီမိန်းမကိုသတ်ရလောက်အောင်ဘယ်လိုများအကြောင်းရင်းခံ ရှိနေသလဲ ဆိုတာပါ'

'ဟား...ဟား...ဟား'

ဂိုဏ်းချုပ်ကြီး ခွန်ထင်စုက အသံပြဲကြီးနှင့် ရယ်မောလိုက်သည်။

* * *

ရယ်မောပြီးတော့မှ...

'ဘာအကြောင်းရင်းခံ ရှိဖို့လိုသေးသလဲ၊ တောင်ပင့်ကူအသင်း ခေါင်းဆောင်လာတဲ့ အချက်ပဲပေါ့၊ ဟား...ဟား...ဟား'

ခွန်ထင်စုက တဟားဟား ရယ်မောနေပြန်ရာ ပိုက်ချန်းထန်ကလွဲ၍ အားလုံးကပါ ဝေါခနဲ ရယ်မော နေလေတော့သည်။

www.burmeseclassic.com



စကြာမော်ဂိုဏ်းသားများက လူစု ခွဲလိုက်ကြသောအခါ ပိုက်ချန်းထန် စိတ်မောသွားသည်၊

သူ့အိမ်ကိုပင် တက်ရောက်ချင်စိတ် မရှိတော့၊
ထို့ကြောင့် ခြံထဲခွေ့၍ လျှောက်ဝင် သွားလေသည်၊
ခြံလဲရှိ တန်းလျား ခုံတစ်လုံးတွင်ကား လူငယ်တစ်ဦး ကျောပေး၍ ထိုင်နေသည်ကို တွေ့သည်။

စိတ်စုံဖြူဝတ်ထားသဖြင့်စကြာမော်ဂိုဏ်းသားမဟုတ်မှန်း ပိုက်ချန်းထန် သိလိုက်သည်၊

'ဘယ်သူလဲဟေ'
'ကျွန်တော်ပါ ဦးတော်ရဲ၊ ကျွန်တော်စုချိမင်းပါ'
စုချိမင်းက ပြောပြောဆိုဆို နောက် လှည့်ကြည့်သည်၊

ပိုက်ချန်းထန်က စုချိမင်းကိုတွေ့တော့မှ သက်မတစ်ချက် ချရင်း....

'သြော်....မင်းကိုး'
ဟု ပြောကာ ဆက်လျှောက်လာကာ စုချိမင်းဘေး တန်းလျားပေါ်တွင် အသာအယာ ဝင်ထိုင်လိုက်သည်၊
'ဦးတော်ကြည့်ရတာ တစ်မျိုးပဲ၊ နေထိုင်မကောင်းသလို ပဲ၊ နေထိုင်မကောင်းဘူးလား'
'နေကောင်းပါတယ်ကွာ'



နေကောင်းပါတယ်ဟုသာ ပြောသည်၊ ပိုက်ချန်းထန် သည် တွန့်မလှုပ် မျက်လုံးများက တစ်နေရာကို စိုက်ကြည့် သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ထို့ကြောင့် စုချိမင်းကလည်း ပိုက်ချွန်းထန် အရိပ်အကဲကို စောင့်ကြည့်နေသည်။

'ဒီလိုပါပဲဦးတော်ရယ်၊ လောကမှာ ဝမ်းသာစရာတွေရှိသလို စွမ်းနည်းစရာတွေလဲ တွေ့နေရမှာပဲ၊ ကျွန်တော်အဖေပြောဖူးတဲ့ စကားတစ်ခွန်း ပြောရရင် လောကမှာဝမ်းသာစရာဆိုတာ နည်းနည်းလေးပါကွာ ဆိုတဲ့စကားပါပဲဦးတော်'

ဟု စုချိမင်းက ပြောတော့မှ ပိုက်ချွန်းထန် ခေါင်းမော့လာသည်။



'အေး...မင်းပြောတာလဲ ဟုတ်တယ်၊ လူဆိုတာ ဒါပါပဲကွာ၊ ဒါမေ့သွားလို့ပါ'

'ကဲ...ပြောပါဦး၊ မင်းလာတဲ့ကိစ္စ'

'တခြားမဟုတ်ပါဘူး ဦးတော်၊ ဖန်လီစန်က သိုင်းပြိုင်ပွဲဝင်မယ် ပြောနေလို့ပါ၊ အဲဒါ ဝင်ခွင့်ပေးသင့်မသင့် မေးချင်လို့ပါ'

စုချိမင်းက သူ့ဆန္ဒကို ဖန်လီစန်ဆန္ဒအနေနှင့် ပြောလိုက်သည်။

'မင်းထဲ မိန်းကလေးအပေါ်မှာ အတော်လေး သံယောဇဉ် ရှိနေပြီထင်တယ်'

စုချိမင်းက ဘာမျှမပြောတော့။

'အင်းလေ...ငယ်လို့ရှုးရှုးမိုက်မိုက် နေတာကလွဲရင် မိန်းမချောကလေးပဲ၊ စိတ်ကောင်းလဲရှိတယ်'

'ဟုတ်ကဲ့'

စုချိမင်း စကားဆက်ဖို့ခက်နေသည်။

'ကောင်မလေး သိုင်းပြိုင်ပွဲဝင်ပြိုင်လို့ ဖြစ်ပါတယ်၊ သူ့မှာက မိသားစုမျိုးရိုးစဉ်ဆက်ကောင်း ရှိတယ်လေ၊ တစ်နည်းပြောရရင် ဝမ်းတွင်းပါသိုင်းပညာလို့တောင် ပြောမယ်ဆိုရင် ပြောနိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်နော်…ဦးတော်၊ သူ့မိဘနှစ်ပါးဆိုရင်လဲ ဘယ်တုန်းက ဘယ်သိုင်းဆရာဘဲ့ဆီမှာ တပည့်ခံသွားသလဲ မသိဘူး၊ သိုင်းပညာ အကျော်အမော်ကြီးတွေအတိုင်းပဲ။ အားနေရင် တစ်ဟောက်ကိုတစ်ယောက် သိုင်းပညာနဲ့ ဆက်ဆံနေကြတာ'

ပိုက်ချွန်းထန့်က ရယ်မောလိုက်သည်။

စောစောက စိတ်ညစ်သည့်ကစရာကိုပင် ခဏ မေ့သွားသည်။

'ဒီလူမျိုးတွေ ရှိတတ်ပါတယ်၊ သိုင်းလောကမှာ မဟုတ်ဘူး၊ လောကတိုင်းမှာရှိတာ၊ လောကရဲ့ ဆန်းကြယ်မှုတစ်ခုပေါ့ကွာ'

'ဒါပေမယ့် သူ့ကိုတော့ ကျင့်ခိုင်းဦးမှ ဖြစ်မယ်ထင်တယ်'

'လေ့ကျင့်ရမှာပေါ့ဗျာ'

'သိုင်းကွက်ဆစ်တွေလဲ လိုမှာပေါ့နော် ဦးတော်'



'ဒါကတော့ မင်းသဘောပဲ'

'ကျွန်တော့သိုင်းကွက်တွေက ဒီသိုင်းပြိုင်ပွဲနဲ့ဆိုရင်မလိုက်ဖက်ဘူးလား ဦးတော်'

'ဘာလို့ လိုက်ဖက်ရမှာလဲ၊ အဘွင်းအားကို ညှိပေးရင် ရပါတယ်'

'ပြိုင်ပွဲဝင်တယ်ဆိုတာ မင်းလဲသိသားပဲကွာ၊ ဒီလောက် ခက်ခက်ခဲခဲ သိုင်းကွက်တွေ မလိုပါဘူး၊ တစ်ကွက်ကောင်း နှစ်ကွက်ကောင်းလောက်နဲ့ ရပါတယ်'

'ဦးတော်ပဲ ကြည့်လုပ်ပေးပါလား၊ အချိန်ရှိမယ် ဆိုရင်ပေါ့'

စုချီမင်းက မရွှံမရဲ ပြောသည်။

'အချိန်ကတော့မရှိဘူး စုချီမင်း၊ ဒါပေမယ့်လဲ မင်းမြင်တဲ့အတိုင်း အပူနဲ့ကွာ၊ ဘာပဲပြောပြောလေ၊ အခုလောလောဆယ် ငါလဲ သိုင်းကွက်တွေ ပြန်နွှေးစရာရှိတာနဲ့ အတော်ပါပဲ'

'ဒါဆို အဆင်သင့်တာပေါ့ ဦးတော်'

'ဒြော်… ဒါထက် မင်းဆရာ ဒေသကြီးဘုန်းဖူး ဘယ်မှာလဲ၊ မင်းသိလား'

'ဘာလုပ်မလို့လဲ ဦးတော်'

'တို့ သူ့ဆီကိုသွားပြီး လိုအပ်တဲ့သိုင်းပညာ လေ့ကျင့်လုပ်ကြမလားလို့ပါ'

ထိုအခါ စုချီမင်းက ဝမ်းသာအားရဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



'ဆရာရှေ့ ဘယ်မှာဆိုတာ ကျွန်တော် သိပါတယ် ဦးတော်'

ဟု ပြောလိုက်လေတော့သည်။

★

အခန်း (၁၇)

တောင်ကုန်းမြင့်လမ်းက တစ်နေရာဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေလေးထောင်ကျော်မြင့်သော အရှဝ်ဒေသမို့ မြူခိုးတွေဆိုင်းနေသည်။

ရှတ်တရက်အမြင်တွင် ရွှေ့လျားနေသည်ဟုပင် မထင်ရ။

တောင်ကုန်းမြင့်တွေက အထပ်ထပ်၊ အရောင်အဆင်းကားမဘူကြ၊ ပြာတာပြာသည်။ စိမ်းတာ စိမ်းသည်။

အညိုရောင်လေထုဝင်နေသော တောင်ကုန်းမြင့်ကြီးများကိုလည်း တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကျွန်းမြင့်ကို ကျော်ဖြတ် ဖောက်လုပ်ထားသော မြေနီလမ်းကျဉ်းကလေးတစ်လမ်းတွင် ခရီးသည် သုံးယောက်။

နှစ်ယောက်က အမျိုးသား၊ ကျန်တစ်ဦးကတော့ အသက် ခပ်ရွယ်ရွယ် အမျိုးသမီးတစ်ဦး။

အမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ အသက်ငါးဆယ်ကျော်၊ ကျန်တစ်ဦးမှာ အသက်ငယ်ငယ်သာ ရှိပါသေး၏။

အမျိုးသမီးကလေးမှာ အသားဖြူသည့် ဝဝကျစ်ကျစ် ချစ်စရာပန်းကလေးတစ်ပွင့်။

သူတို့ကား မိုးဟျူနဂါး ပိုက်ချွန်းထန်၊ စုချိမင်းနှင့် ဖန်လီစန်တို့ပင် ဖြစ်သည်။

စုချိမင်း၏ လမ်းညွှန်မှုအရ ရသေ့ကြီးဝှမ်ဖူးဝေ့ထံသို့ သွားရောက်တွေ့ဆုံရန် ခရီးထွက်လာကြခြင်းပင်။

သွားရမည့်အရပ်မှာ အနောက်ဘက်လွင်ပြင် ကျန်စီနယ် ကျွန့်ဂုကန္တာရအတွင်း တစ်နေရာ။

ထိုအရပ်ဒေသတွင် ရာသီဥတုကောင်းမွန်ပြီး စိမ်းလန်းစိုပြည်မှုရှိသော်လည်း ထိုအရပ် ထိုဒေသသို့ရောက်ရန် ဖြတ်သန်းရမည့်သောခရီးမှာ မလွယ်၊ အလွန်ကြမ်းတမ်းခက်ထန်လေသည်။

ကန္တာရကိုဖြတ်ရသဖြင့် အတွေ့အကြုံမရှိ၍ မရ။

မမျှော်လင့်သော အန္တရာယ်အမျိုးမျိုးကို အလျဉ်းသင့်သလို ကာကွယ်တိုက်ခိုက်သွားရသည်။

အခုဖြတ်ကျော်ရမည့်ခရီးမှာ ကျန်စီနယ်အစပ် တောင်ကုန်းမြင့်ဖြစ်သည်။



သူတို့သည် ပျောက်နေသောလမ်းကြောင်းကို အတော်ကြီး ဂရုစိုက်၍ လျှောက်နေကြရသည်။

ခုလို မိုးမှောင်ကျလာပြီဖြစ်သောအခါ ခရီးမပေါက်နိုင်တော့။

'တို့တွေခရီးဆက်လို့ မဖြစ်တော့ဘူး၊ မှောင်နေပြီ၊ ဒီခရီးလမ်းမှာကလဲ သားရဲတိရစ္ဆာန်တွေက ပေါသိနဲ့'

ပိုက်ချွန်းထန်က သတိပေးသည်။

'ဟုတ်တယ်...ဟုတ်တယ်၊ ဆက်မသွားသင့်ဘူး ထင်တယ်'

ဖန်လီစန်က သွက်သွက်လက်လက် ဝင်ပြော၏။

သိုင်းသမားကောင်းတစ်ယောက် မှန်သော်လည်း အမျိုးသမီးတစ်ယောက် မဟုတ်လား။

သူ့ပင်ကို စိတ်ကလေးကိုကား ဖျောက်ဖျက် မရနိုင်ပေ။

'ဒါနဲ့များ သိုင်းပြိုင်ပွဲ ဝင်ဦးမလို့တဲ့'

'ဘာဆိုင်လို့လဲ စုချိမင်း၊ မဆိုင်တာမပြောနဲ့၊ ကဲ...နှင်ရော သရဲမကြောက်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ကြောက်ရမှာလဲ၊ သရဲဆိုတာမှ မရှိတာ'

'အေးပါ…သရဲခြောက်မှ ထွက်မပြေးနဲ့၊ ဟင်း'

'မင်းတို့နှစ်ယောက်နဲ့ ခရီးသွားရတာ မဆိုးဘူးဟေ့၊ အတျင်းပြေသား၊ ကဲ…ကဲ…တို့တွေ ဒီနားမှာပဲ စခန်းချကြစို့'

ပိုက်ချုန်းထွန်က ပြောပြောဆိုဆို ကျော ပိုး အိတ် ကို အောက်ချနေပြီ၊

ထို့နောက် မကြာလှပေ၊ ထင်းခြောက်များ စုပုံပြီး မီးမွေးသည်၊ ချမ်းအောလှသည် မဟုတ်သော်သည်း မီးမမွေး၍ မရ၊

ဤတော ဤတောင် ပတ်ဝန်းကျင်တွင် ခုလို ညအခါ ထင်းမီးဖိုတစ်ဖိုမရှိလျှင် မှက်၊ ခြင်၊ ယင်တွေက ဝိုင်းပြီး ကိုက်ခဲနိုင်သည်၊

နောက် ကျားဆိုးအန္တရာယ်ရှိသည်။

မီးအခိုးအငွေ့နှင့် အပူငွေ့လှိုင်းကြောင့် မှက်၊ ခြင်၊ ယင်တွေ ဝေးရာပြေးသည်။

အလင်းရောင်ကိုကျတော့ ကျားဆိုးတွေ ဝံပုလွေဆိုးတွေ မကပ်ရဲ။

'နေ့စမ်းပါဦး ဦးတော်၊ဦးဘော်တို့ စကြာမော်ဂိုဏ်းချုပ်ကြီး ခွန်ထင်စူးကလဲ ဘာသဘောနဲ့များ လုဖန်ရဲ့ကို အသတ်ခိုင်းရတာလဲ'

မီးဖိုအနီးတွင် ထိုင်နေကြစဉ် စုချီမင်းက ကောက်ကာငင်ကာ မေးလိုက်ခြင်း ဖြစ်သည်။



'သူပြောတာကတော့ ရှင်းရှင်းလေးပါပဲ၊ ခုတလော တောင်ဖင့်ကူဂိုဏ်းဟာ ခေါင်းထောင်လာတယ်၊ ဒီလိုခေါင်းထောင်လာတာဟာ ဂိုဏ်းချုပ်ကြီးညီမ ပဲကြိုးဝါ လုဖန်ရဲ့နဲ့ သမီး ဗျပ်စောင်းသခင် ချွန်ရီဖန်တို့ အစွမ်းထက်လာတဲ့အတွက် ဖြစ်တယ်၊ ဒါကြောင့် လုဖန်ရဲကို လုပ်ကြံသတ်ဖြတ်ရမယ် ပေါ့ စုချီမင်းရယ်'

'ဒါဆို ဗျပ်စောင်းသခင် ချွန်ရီဖန်ကိုလဲ ထားမှာမဟုတ်ဘူးပေါ့'

'အဲဒါကိုတော့ ငါလဲမသိဘူး၊ ပြောလို့တော့ မရှိဘူး၊ သတ်ချင်သတ်မှာပဲပေါ့'

'ဦးတော်လိုသိုင်းပညာအဆင့်ရှိတဲ့ သိုင်းအကျော်အမော် တစ်ယောက်အဖို့ခက်ခဲတဲ့အလုပ်တစ်ခု မဟုတ်ပေမယ့် တခြားသူတွေအတွက်ကတော့ မလွယ်ပါဘူး'

'အေး…ဟုတ်တယ်၊ သူတို့ကလဲ အဆင့်မြင့်သိုင်းသမားတွေပဲ'

'ဟုတ်ပါတယ်'

'နောက်တစ်ခုက ငါကလဲ ဆန့်ကျင်ဘက်ဂိုဏ်းသားပဲဆိုတဲ့ အသိလောက်နဲ့ လူတစ်ယောက်ကိုရက်ရက်စက်စက် လုပ်ကြံ သတ်ဖြတ်နိုင်လောက်တဲ့ စိတ်မျိုးမရှိတာ အမှန်ပဲကွ'

'ဦးတော်ကို ကျွန်တော်မေးမလို့၊ မေးစရာတစ်ခု ရှိအောင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အလော်ကာ၊ မေးလေ'

ဟု ပြောပြီး ပိုက်ချုန်းထန်က သူယူဆောင်လာသော အရက်ဘူးကို တုတ်လိုက်လေသည်။

အခန်း (၁၈)

ပိုက်ချုန်းထန် အရက်ကြိုက်သော်လည်း ခရီးပန်းပြီး ကိုယ်လက်နွမ်းနယ်သည့်အခါ၊ အရက်ကလေးတစ်ခွက် တစ်ဖလား စမော့တတ်သည်။

အမြည်းက ကြုံရာ၊ အခု မြည်းစရာမှာ အသားခြောက်မီးကင်။

စုချီမင်းက သူမေးမည့်စကားကို အရင်မပြောသေးဘဲ သစ်ဖက်သေး သစ်ပင်ရင်းတွင် သစ်ပင်ပင်စည်ကို နောက်ကျောမှီပြီး စိုက်စိုက်ကျလျက်ရှိသော ဖန်လီစန်ကို သတိပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြင်းထိုင်လျက်က ဟောက်လို့ အိပ်မောကျနေသည်။

ဘယ်အချိန်က အိပ်သည်မသိ။

'ဘာများလဲ စုချိမင်းရဲ့'

ပိုက်ချွန်းထန်က ထပ်မေးသည်။

မေးပြီး အရက်ခွက်ကို အားပါးမော့ချ၍ သောက်လိုက်သည်။

အရက်ဝမ်းခေါင်းထဲ ရောက်လောက်သော အချိန်ကျကာမှ နှုတ်ခမ်းသိမ်းသည်။

အမဲခြောက်ကင်မှ အသားမြှောင်းကလေး တစ်မြှောင်းကို နှာသည်။

'တခြားမဟုတ်ပါဘူး၊ လုဖန်ရဲ့ ဦးဆောင်တွေက ရန်သူကြီးတွေမှ မဟုတ်ဘဲ၊ မွန်ဂိုတွေနဲ့ ဦးဆောင်တိုက်ခိုက်ကြဘုန်းဘဦးတော်ဘက်မှာ ဘုရင်တိုက်ပေးဖူးတယ်လို့ ရှေသကြီးဝှမ်ဖူး ကျွန်တော်ကို ပြောဖူးပါသေးတယ်'

'ပင်းယောင် ဒီအကြောင်းတွေကို သိခဲ့ပါလား'

ပိုက်ချွန်းဘန်က တိုးတိုးညင်သာပြောသည်။

'ကျွန်တော် ပြောပြီးကော ရှေသကြီး ဝှမ်ဖူးပြောဖူးပါတယ်လို့၊ ဟုတ်ကော ဟုတ်ရဲ့လား'

'ဟုတ်တယ် ကွယ့်'

ဟု ပြောပြီးနောက် ပိုက်ချွန်းထန် ငြိမ်နေသည်။

ဖြောက်ဖြောက်အသံမြည်၍ တောက်လောင်နေသော မီးဖိုမှ မီးတောက်မီးလျှံကို ကြည့်ကာ အဘန်ကြာငိုင်နေသည်။



တောအုပ်အတွင်းသို့ လေများတဟူးဟူးတိုးဝင်နေသည်။

တစ်နေ့လုံး ပူလောင်လာသဖြင့် လေများပူနွေး ခြောက်သွေ့၍ ပျံ့ကားသွားသဖြင့် ပတ်ဝန်းကျင်လေထုသည် နှာလ ဟာလာဟင်းလင်းဖြစ်နေဟန် တူသည်။

* * *

အခြားအခြားသော အချပ်များမှ လေများတိုးဝှေ့တိုက်ခတ်လာဟန် တူသည်။

မီးဖိုမှမီးညွန့်သည် မငြိမ်းသေးသည်း လေယူရာသို့ ညွှတ်ဆင်း၍ ယိမ်းချင်ကိုင်းယိမ်းနေပါတော့သည်။

ထို့ကြောင့် စုချိမင်းက သစ်ကိုင်းခြောက်ကြီးတစ်ကိုင်းကို မီးထဲသို့ပစ်ထည့်လိုက်သည်။

ထိုအခိုက် တစ်ဖက်ဆီမှ....

'အား....'

ဟူသော အော်ဟစ်သံ ရုတ်တရက် ပေါ်ထွက်လာသည်။

ပိုက်ချွန်းထန်ရော စုချိမင်းပါ အသံလာရာသို့ မျက်နှာမူလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စုချိုမင်းရင်ထဲ ဆိတ်သွားသည်။
တွေ့မြင်လိုက်ရသောမြင်ကွင်းက ထိတ်စရာလန့်စရာ။
ဖန်လိထိစန်မှာ လဲကျမေ့မြောနေသည်။
လက်ကောက်ဝတ်ခန့် အလုံးရှိသော မြွေတစ်ကောင်က ဖန်လိစန့်ဝမ်းဗိုက်ပေါ်အထိတက်လာပြီး အောက်သို့ လျှော ဆင်းသွား၏။

'ဟာ....ဖန်လိစန်ကို မြွေပေါက်သွားပြီ ဦးတော်ရေ'
စုချိုမင်းကလှည့်အပြော ပိုက်ချုန်းထန်က....
'ဟုတ်တယ်'
ဟု ပြောပြီးသည်နှင့် ခါးထဲရှိဓားမြှောင်ကိုထုတ်ပြီး မြွေကိုပစ်ပေါက်လိုက်၏။
တည့်လိုက်သည့် ဓားချက်။
မြွေ၏အလယ်ပိုင်းလောက်ကို တန်းလန်းစိုက်သွား၏။
မြွေက ရုန်းကန်လျက်။
စုချိုမင်းသည် ထိုင်နေရာမှ ဝုန်းခနဲထကာ မြွေကိုခုန်ဝင် ဖမ်းအုပ်လိုက်သည်။
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။
မြွေက ကြီးသည်။
ရှည်လည်းရှည်သည်။
စုချိုမင်းကိုယ်ခန္ဓာအောက်ပိုင်းကို ရစ်ပတ်တိုက်ခိုက်သည်။
စုချိုမင်း[illegible] မြွေ၏ကုပ်ကိုခဲသည်။
မြွေသေသွားသည် အထိပင်။



မြွေသေသွားတော့မှ စုချိုမင်းက ဖန်လိစန် ခြေသလုံးရှိ အမဲစက်ကလေးနှစ်စက်ကို ပါးစပ်ဖြင့်တေ့ပြီး မြွေဆိပ်တွေကို စုပ်ယူထွေးထုတ်လိုက်သည်။
'သက်သာသွားမှာပါ'

## အခန်း (၁၄)

ရသေ့ကြီး ဝှမ်ဖူးထံမှ ပြန်ရောက်ရောက်ချင်း ပိုက်ချွန်းထန်သည် တောင်ပင့်ကူ ဂိုဏ်းသားတစ်ဦးမှတစ်ဆင့် မဲကြိုးဝါ လုဖန်ရဲထံသို့ စိန်ခေါ်သည့်စာချွန်လွှာတစ်စောင် ပေးပို့လိုက်သည်။

တွေ့ဆုံတိုက်ခိုက်လိုသည့် နေရာကား မိုးထိမထောင်ကျွန်း။ တွေ့ဆုံတိုက်ခိုက်လိုသည့် အချိန်ကတော့ သည်ကနေ့သည်းအချိန်။

ထို့ကြောင့် မိုးပျံနဂါး ပိုက်ချွန်းထန်က ရောင်ပြန်မှန်ဓားကို ဆီစိမ်ကြွေဖြင့်လိပ်ထားရာမှ ဖြေလိုက်သည်။



'ဒီဓားပဲကွယ့်၊ ရောင်ပြန်မှန်ဓားဆိုတာ'

ပိုက်ချွန်းထန်က ဓားကိုဆုပ်ကိုင်လိုက်ပြီး ပြောလိုက်လေရာ ရှုချီမင်းက ဓားကိုတစူးတစိုက်ကြည့်နေသည်။

'ဟာ... အစိမ်းရောင် ထနေသိုက်တာ၊ ဆန်းတော့ဆန်းတယ် ဦးလေး'

'နောက်ဆန်းတာတစ်မျိုး သိရအောင် ကိုင်ကြည့်စမ်းရော့...'

ဟု ပိုက်ချွန်းထန်ကပြောပြီး ရောင်ပြန်မှန်ဓားကို ရှုချီမင်းထံ ကမ်းပေးလိုက်၏။

ရှုချီမင်းသည် ကမ်းပေးလာသော ရောင်ပြန်မှန်ဓားကို အမှတ်မဲ့လှမ်းယူလိုက်လေရာ အောက်သို့ကျလုကျခင်အထိ ညွှတ်ကျသွားလေတော့၏။

သို့နှင့် ရှုချီမင်းသည် ရောင်ပြန်မှန်ဓားကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ အတွင်းအားကို စုစည်းထည့်သွင်းနေရသည်။

အသက်ကို မှန်မှန်ရှူသွင်းမှုတ်ထုတ်ကာ အတွင်းအားကို တစ်ဆင့်ပြီး တစ်ဆင့် မြှင့်ယူသည်။

'ဝီ...ဝီ...ဝီ'

ဓားအစုံတွင်ပင် လေများအန်ထွက်လာသည်အထိ အတွင်းအားလှိုင်းများ စီးဆင်းလာသည်။

'ဝီ...ဝီ...ဝီ'

အခုမှ ပုံမှန်အနေအထားသို့ ရောက်ရှိလာသည်။

www.burmeseclassic.com



ထိုအခါ စုချီမင်းသည် ရောင်ပြန်ခါးအား လက်နှစ်ဖက် မြင့်ဆိုကိုင်ထားရာမှ ဘယ်ဘက်ကိုလွှတ်ကာ ညာဘက်လက် တစ်ဖက်တည်းဖြင့် ကိုင်သည်။

ထို့နောက် တစ်ချက်နှစ်ချက် ဝှေ့ယမ်းလိုက်သည်။

'ဝစ်...ဝစ်...ဝှစ်'

မည်သို့ဆိုစေ သာမန်ခါးတစ်လက်ကဲ့သို့ သွက်လက်မှုမရှိ။ အနည်းငယ် လေးလံနေသည်။

'ဟုတ်တယ် ဦးတော် ဟုတ်တယ်'

'ဘာဟုတ်တာလဲ စုချီမင်း'

'အတော်ကို လေးတာပဲ'

'ဒါကြောင့် အတွင်းအားမကောင်းတဲ့ သိုင်းသမားဆိုရင် ဒီခါးကိုမကိုင်ဝံ့ကြတာပေါ့'



'ဟုတ်ပါရဲ့ ဒီလိုခါးမျိုး ကျွန်တော်ဖြင့် အခုမှတွေ့ဖူး တော့တယ်၊ ကဲ...ရော့၊ ဦးတော်ရော့'

စုချီမင်းက ပြောပြောဆိုဆို ရောင်ပြန်ခါးကို ပိုက်ချုန်း ထန်အား ပြန်လှမ်းပေးလိုက်သည်။

ထို့နောက် စုစည်းထားသော အတွင်းအားများကို ပြန် လည်ဖြေချလိုက်၏။

ရင်ထဲမောဟိုက်၍ ကျွန်ရစ်ခဲ့လေသည်။

'ဒီခါးကို ရောင်ပြန်ခါးလို့ ဘာကြောင့် ခေါ်တာလဲ ဦးတော်'

'အဲ့ဒီခါးရဲ့ လျှို့ဝှက်ချက်ဘာစ်ချက်ပဲ ဆိုပါတော့၊ ရောင် ပြန်ခါးလို့သာခေါ်တယ် ဘယ်သို့အရောင်ပြန်သလဲ ခုထိမသိ ရသေးဘူး'

'ရောင်ပြန်ဆိုတာ နေရောင်ပဲရှိတယ် မဟုတ်လား၊ နေ ရောင်ကို အခြေတည်ထားပုံရတယ် ဦးတော်'

'ဒါလဲ မင်းယူဆသလိုယူဆပြီး ဒီခါးကိုနေရောင်မှာလှန် ကြည့်ခဲ့ပြီးပြီ၊ ဘာထူးခြားချက်မှ မရှိခဲ့ဘူး'

'ဒါဆိုရင် လရောင်နဲ့ရော ဦးတော်'

www.burmeseclassic.com

www.burmeseclassic.com



'လရှောင်မှာလဲ စမ်းသပ်ခဲ့တယ်၊ ထူးခြားမှုတွေ မတွေ့ခဲ့ရဘူး'

စုချိမင်း ပန်းများစွန့်တင်လိုက်သည်။

★

## အခန်း (၂၀)

ဓားကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ဖြစ်နေသည်၊

'ဒါဆို ဒီဓားဟာ လေးလံတာကလွဲလို့ ဘာအစွမ်းမှမရှိဘူးပေါ့'

'ဒီလိုလဲကောက်ချက်ချလို့ မရသေးဘူး'

'ဘာ ကြောင့်လဲ ဦးတော်၊ အခြားစဉ်းစားစရာအကြောင်း ရှိနေသေးလို့လား'

ပိုင်ချွန်းတန်က သက်ပြင်းတစ်ချက်ချလိုက်ကာ...

www.burmeseclassic.com

www.burmeseclassic.com



'ရှိဘယ်ခလေ...မြေဘီလူးကျင်းထိုက်ကို မင်းကြားဖူးတယ် မဟုတ်လား'

ဟု မေးသည်။

'ကြားဖူးတယ်၊ သူက မြောက်ပိုင်းသားလေ၊ သိုင်းလောကကြီး တစ်ဝက်လောက်ကို ကိုင်ထားခဲ့တဲ့ သိုင်းပညာရှင်ကြီး တစ်ယောက်ပေါ့'

'အေး.... ဒီရောင်ပြန်ဓားဟာ မြေဘီလူး ကျင်းထိုက်ရဲ့ ဓားပဲ'

ထိုစကားကို ကြားလိုက်ရသဖြင့် စုချီမင်းမှာ တအံ့တသြ ဖြစ်သွားသည်။

ဓားကြီးကိုပင် ပြန်၍ကြည့်နေသည်။

ရောင်ပြန်ဓားက နံနက်ခင်းနေရောင်ခြည်ဘွင်အစိမ်းရောင် လှိုင်းထနေသည်။

ပိုက်ချန်းထန်ပင်လျှင် ကြာကြာမကိုင်၊ သစ်မြစ်ဆုံတွင် စိုက်သွင်းထားလိုက်သည်။

'စွပ်....'

'တကယ်ပဲလားဦးတော်ရယ်'

'ဘာလဲ....မင်းက ငါပြောတာကို သံသယရှိနေလို့သား'

'မဟုတ်ပါဘူး၊ အံ့သြနေမိလို့ပါ'

'အံ့သြစရာပဲလေ'

'မြေဘီလူးကျင်းထိုက် ဆီက ဘယ်လိုနည်းနဲ့ ရလာတယ် ဆိုတာ ပြောပါဦး'

ထိုအခါ ပိုက်ချန်းထန် စဉ်းစားသည်။



စင်စစ် စုချီမင်းနှင့် ပိုက်ချန်းထန်မှာ ဂိုဏ်းတူညီ အစ်ကိုသားမဟုတ်။

စုချီမင်းက မီးအိမ်နီဂိုဏ်းသား။ ပြီးတော့ ဂိုဏ်းချုပ်ကြီး ဘောင်းကင်နဂါး ဖန်ယင်မင်း၏သား။

ပိုက်ချန်းထန်က စကြာမှော်ဂိုဏ်းသား၊ လက်ရွေးစင်ဂိုဏ်းသားတစ်ဦးလည်းဖြစ်သည်။

မည်သို့ဆိုစေ သူ့အပေါ်တွင် စုချီမင်း၏ ကျေးဇူးတော့ မေ့မကျန်နိုင်လောက်အောင် ရှိဖူးသည် ဆိုသော့လည်း ပိုက်ချန်းထန်က စုချီမင်းတို့ မောင်နှမအပေါ်တွင် သံယောဇဉ်တွေ ပိုလာခဲ့သည်။

ဓါကပယ်ဖျက်၍မရသော သံယောဇဉ်များ ဖြစ်နေလေသည်။

www.burmeseclassic.com



သည်ကိစ္စကို စကြာမော်ဂိုဏ်းချုပ်ကြီး ခွန်ထင်စု သိဘဲ့ အလောက်သိသားသည်။

မလွှဝ်စ္ဇာရဲ့ချုံမြင်ဆိုလျှင် အထူးကြိုးကြိုးစားစားစုံစမ်း နေသူတစ်ယောက်ဖြစ်သဖြင့် ပိုသိခနသည်။

သို့သော်ပိုက်ချွန်းထန်ကမူ ဂိုဏ်းအခေါတွင် စိတ်ကုန် နေသည့် အချက်လည်းပါသည်။

ထို့ကြောင့် အခု စုချိမင်းမေးသည့် အခမေးကို ဖြေကြား မဖြေပြရန် ဆုံးဖြတ်သည်။

အမှန်တော့သည်း ဇုချိမင်းက သူ့ကိုယ်သူ မီးအိမ်နီဂိုဏ်း သားတစ်ယောက်အနေနှင့်မေးခြင်းမဟုတ်ခဲ့ပေ။

ဒါကို ပိုက်ချွန်းထန် ကောင်းကောင်းသိသည်။

'သိရပါတယ်ကွာ၊ မင်းပွိုမိသားစုနဲ့ ငါတဝေဟာ တကယ် တော့ ခွဲခြားလို့ရတော့တာမှ မဟုတ်ဘဲ'

စုချိမင်းသည် ပိုက်ချွန်းထန်အား ခမော် ကြည့်နေသည်။

'ရောင်ပြန်ဓား မြေဘီလူးကျင်းယိုက်လက်ထဲ ရှိနေတယ် ဆိုတာကို ခွန်ထင်စုးသိသိချင်း မြေဘီလူးကို ခြေရာခံခဲ့တယ် နောက်ပိုင်းကျင်းတိုက်အလစ်မှာ ဒီဓားကို ခွန်ထင်စုးကမိုးယူ လာခဲ့တယ်'

'ခွန်ထင်စုး ရောင်မြန်ဓား ခိုးယူသွားတဲ့ အကြောင်းက ကျင်းတိုက်လုံးလုံးမသိဘူး၊ ကျင်းတိုက်ဆိုတဲ့သိုင်းသမားကလ နဂိုကတည်းက ရှုးဒကြောင်ကြောင် မဟုတ်သေး၊ ဒါနဲ့ သူဟာ သူ့ဓားထဲ ပျောက်ရော တစ်ခါတည်း ရူးသွပ်သွပ် ဖြစ်သွား တော့တာပဲပေါ့ကွာ၊ သနားစရာပါ၊ဆံပင်တွေလဲ မညှပ်တော့



ဘူး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ ကိုလဲ မရိတ်မပြုနဲ့ဆို တော့ သူဟာသရဲသဘက်ကြီးလိုဖြစ်နေတော့တာပေါ့'

'ဒါကြောင့် သူ့နာမည်လဲသိုင်းလောကမှာ ပျောက်သွား တာကိုး၊ ဒီအကြောင်း ကျွန်တော်အခုမှ သိရတယ်ဦးတော် ရယ်'

'ဒါတင်မကသေးဘူး၊ ကျင်းတိုက်အဖြစ်က အတော့်ကို စိတ်ဝင်စားစရာ ဖြစ်နေတာ'

'သေများသွားလို့လား'

'မဒေသ ပါဘူးရှိတယ်...ရှိတယ်၊ရှိတာကဒီလို၊ဒီအကြောင်း င်းသိရင် အံ့သြဦးမှာပဲ'

ဟု ပြောကာ ပိုက်ချွန်းထန်က ရူးသွပ်နေသော ကျင်းတိုက် အား တောင်ပင့်ကူဂိုဏ်းက ဖမ်းဆီးပြီး မြေအောက် လိုဏ် ခေါင်းအကျဉ်းခန်းထဲ ထည့်သွင်းကာ ရှောင်ပြန်ဓားအား မေးမြန်းစစ်ဆေးလျက်ရှိကြောင်း ပြောပြလိုက်သည်။

'ဒီလိုသာဆိုရင် ဒီရောင်ပြန်ဓားဟာ အန္တရာယ် ဓားတစ် ချက်တော့ မဟုတ်နိုင်ဘူး'

'သေချာတာပေါ့ကွာ၊ ဒီဓားဟာ အန္တရာယ် ဓားမဟုတ် ဘူးဆိုတာ၊ ဒါပေမယ့်ခက်တာက ဒီဓားကို ဘယ်သို့ အသုံး ချရမလဲဆိုတာပဲ၊ ဒါကိုမှ မသိရင်လဲ ဒီဓားကို ပစ်လယ်ထဲ သွားပစ်ချဖို့ပဲရှိတယ်'

'ဦးတော်ကလဲ ကျင်းတိုက်ရှိနေတဲ့ နေရာကို သိနေမှတော့ ဘာခက်တာမှတ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'မြေအိုးလူးကျွင်းထိုက်က ရှုံးသွပ်နေပြီလေ၊ သူ့ကိုမေးလို့ ရမှာတဲ့သသူ ရတော့ရော သူကပြောမလား၊ ဒါလဲ မလွယ်သေးပါဘူးကွာ'

ထို့နောက် တောင်ဘက်တောစပ်မှ တောကြက် တစ်အုပ် ရုတ်ခြည်း ထပျံ သွားသဖြင့် နှစ်ယောက်စလုံး လှည့်ကြည့် လိုက်သည်။

အခန်း(၂၀)

'ဖဲကြီးဝါလူဖန်ရဲ့ ရောက်လာပြီထင်တယ်'

စုချီမင်းက ထင်ကြေးပေးလိုက်သည်။

'မင်းပြောတာအမှန်ပဲ'

'ဒါဖြင့် ကျွန်တော်ပြန်ရတော့မလား ဦးတော်'

ဟု မြွောကာ စုချီမင်းပြန်မည်ပြုသည်။

'နေပါဦး....ဖြည်းဖြည်းပေါ့'

စကား ပြောနေသည့် အခိုက်မှာပဲ ဖဲကြီးဝါ လူဖန်ရဲ့ ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖော်မပါ။

သူမတစ်ယောက်တည်း၊ ခေါင်းတွင်ပဲကြိုးဝါများကို ပန်းပန်သလို ပန်ထားသဖြင့် ဝေခဝေဆာနေသည်။

လုဖန်ရဲကို တွေ့မြင်လိုက်ရတော့လည်းပိုက်ချွန်းထန်ရင်ထဲ ခုန်လာသည်။

သွေးလည်ပတ်နှုန်းတွေက မြန်လာသည်။

အကြည့်က လုဖန်ရဲထံမှာ စုရပ်တစ်ခုအဖြစ် ရောက်ရှိနေသည်။

လုဖန်ရဲသည် အသက်သုံးဆယ်ကျော်ရှိ၍ ရှိဦးမည်။

သို့သော် အရွယ်တင်သည်။

အသက်နှစ်ဆယ့်ငါးနှစ်ခန့်သာ ရှိမည်ထင်ရသည်။

အသားက ဖြူဝင်း ပြုံးဥနေသည်။

ကိုယ်လုံးကိုယ်ပေါက်က ပန်းပုရုပ်တုအသေး တစ်ရုပ်နှင့်မခြား၊ စွဲမက်ဖွယ်ရာလေးတွေစုပေါင်း ရက်လုပ်ထားသည့်အလှပန်းချီကားတလေး ဖြစ်ကားပါပေ။

မိန်းမချောကလေး လုဖန်ရဲကို မီမီကိုယ်တိုင် တိုက်ခိုက်၍ သတ်ရမည်မဟုတ်ပါလား။

'မိုးပျံနဂါး ပိုက်ချွန်းထန်တောင် ရောက်နေနှင့်မှကိုး'

ပိုက်ချွန်းထန်က မှာ့ချိုမပြောဘဲ စူးစူးစိုက်စိုက် ကြည့်နေသည်။

'ကျွန်မကတော့ နည်းနည်းနောက်ကျသွားတယ်၊ စုချိန်မင်းလဲပါလာတယ်နော်'

'ကျွန်တော့်ကိုယုံကြည်မှုမရှိဘူးဆိုရင် - အခု ပြန်မှာပါ'



ယုံကြည်ပါတယ်၊ နေပါ၊ ရပါတယ်၊ ဒါပြော်...ဒါထက် စိန်ခေါ်တာနဲ့ပတ်သက်လို့ ကျွန်မမေးချင်ပါသေးတယ်၊ ...းမဟုတ်မပါဘူး၊ စကြာမွှော်ဂိုဏ်းအနေနဲ့ စိန်ခေါ်တာ ...း ဒါမှ မဟုတ်...

...တစ်ချိန်က ကျုပ်ရဲ့အသက်ကိုကူညီဖြီးတိုက်ခိုက်ပေးခဲ့တဲ့ ...ကို ကျုပ်သဘောကျုပ်ဆန္ဒနဲ့တိုက်ခိုက်မှာတဲ့လား'

'ထင်ဇီတော့ အထင်သားပဲ၊ ရှင့်အနေနဲ့ ကျွန်မကို ခုလို ...ခိုက်လိမ့်မယ် မဟုတ်ဘူးဆိုတာ'

'အဲ...မင်းတာလုပ်ချင်သလဲ၊ မင်းဆန္ဒကို ပြောပါဦး'

...းပျံနဂါးနှင့် ဖဲကြိုးဝါတို့ တစ်ယောက်ကိုတစ်ယောက် ...ဆိုနေသော စကားတွေကိုကြားနေရသော စုချိန်မင်းမှာ ...ကြောင်းဘဲဖြစ်နေသည်။

'စကြာမွှော်ဂိုဏ်းက ရှင်နဲ့ကျွန်မတို့ကို တိုက်ခိုက်စေချင် ...ဆို'

ဖဲကြိုးဝါ လုဖန်ရဲက မေးလိုက်သောအခါ မိုးပျံနဂါး ...နှုန်းထန် အဖြေခက်နေသည်။

...တုံ့ဝန်က သတ်ရမည့်တာဝန်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အတိုက်ခိုက်ကြသည့်ပွဲကို ဂိုဏ်းချုပ်ကြီး ခွန်ထ
ကိုယ်တိုင် တစ်နေရာမှကြည့်နေပါလိမ့်မည်။
ထိုကိုယ်တိုင်မှဟုတ်လျှင် သူ့ကိုယ်စား စကြာမှော်ဂိုဏ်း
သား တစ်ယောက်ယောက် လာနိုင်သည်။

အများဆုံးဖြစ်နိုင်သည်ကတော့ ပလွေဝိဇ္ဇာရှကျော်မြင့်

'ကဲ...လှဖန်ရဲ၊ ခင်း ကျွန်ုပ်ကိုစတိုက်ပါ၊ ကျုပ်ကတော့
အသင့်ပဲ'

ဗိုက်ချွန်းထန်က တိုက်ကွင်းထဲတွင်နေရာယူပြီးသည်နှင့်
ဖန်ရဲအား လှမ်းပြောလိုက်သည်။
သူသည် အစပထမ ရောင်ပြန်ဓားကိုအသုံးပြုရန် ရည်ရွယ်
ခဲ့သည်မှန်သော်လည်း တကယ်တမ်း တိုက်ခိုက်တော့မည်
သောအခါ သူအိုးနေ့ကျ သာမန်ဓားကိုပဲသုံးသည်။

ရောင်ပြန်ဓားကို ဆိစိမ်စက္ကူဖြင့် ပြန်၍ရစ်ပတ်ပြီး
မင်းထဲတွင် အပ်ထားလိုက်သည်။
'ရှင်က ဘာကြောင့် စပြီးမတိုက်ခိုက်တာလဲ၊ စိန်ခေါ်
သူက စတိုက်ရထယ်လေ'

'ကျုပ်က စိန်မခေါ်တဲ့သဘောပေါ့ လှဖန်ရဲရယ်'
ဟူသော စကားတစ်ခွန်းကိုမူ ဗိုက်ချွန်းထန်က လေသံ
အုပ်အုပ်ဖြင့် ပြောသည်။
'ကောင်းပြီလေ...ရှင်ဲ ကျွန်ုပ်ရင်ပြီတာပါပဲ'



ဟုပြောပြီးနောက် လှဖန်ရဲသည် ယမ်းထုပ်တစ်ထုပ်ကို
ပေါက်လိုက်သည်။
'ဝုန်း....'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ယမ်းထုပ်ပေါက်ကွဲသွားပြီး ဝုန်းခနဲမြည်ဟည်းသောအ
နောက်တွင် မြူရော်ရော်ပြာမှိုင်းမှိုင်းယမ်းငွေ့များ အို
များပမာ ပေါ်ပေါက်လာသည်။

'ယား....'

ဟူသော ညာသံတစ်သံနှင့်အတူ မြေပြင်မှ ဟိုအမြ
ဆယ်ငှါးပေလောက်သို့ ခုန်ပျံတက်သွားသည်။

လှုပ်ရှားမှုရပ်တန့်သွားသည်နှင့် သစ်ပင်ပေါ်ရောက်
သည်။



သည်တော့မှ ဖဲကြိုးဝါနတွေပြေးဆင်းလာသည်။

အဆိပ်ပြင်းသောမြွေတွေ သစ်ပင်ပေါ်မှခုန်ဆင်းလာသည်ဟု
ဆို ခံစားလိုက်ရသည်။

ဖဲကြိုးဝါများခုန်ပျံပြေးဆင်းလာသည်ကိုတွေ့သော ပိုက်
ချွန်းထွန်သည် ဖဲကြိုးဝါတွေကိုပင် ပြန်လည်အသုံးချကာ သစ်
ပင်ပေါ်သို့ တွယ်တက်သည်။

အပေါ်ရောက်သောအခါ လုဖန်ရဲရှိနေသော နေရာကို
ဆက်မသွား။

အခြားသစ်ကိုင်းတစ်ကိုင်းတွင် နားနေသည်။

ရုချိမင်းမှာ အသက်ရှူမှား မှတ်တ တအံ့တသြဖြစ်နေသည်။
မြင်တွေ့နေရသောတိုက်ပွဲမှာ နတ်ဒေဝါတွေ တိုက်ခိုက်နေ
သလား တွေးရ၏။

ထို့နောက်....

လုဖန်ရဲက ညာလက်ဝါးတွင် အတွင်းအားတွေကိုစုစည်း
၍ ကြွားခံလေထုကိုအလိုက်သင့် တွန်းလွှတ်လိုက်လေရာ...
အမှတ်မထင်မို့ ပိုက်ချွန်းထန်ခံလိုက်ရသည်။

ကြွားခံလေထုတွန်းကန်အား လေလျှင်စီးကြောင်းထဲမျော
ပါသွားသည်။

ကြို တင်ပြင်ဆင်ထားခြင်းမရှိသောကြောင့် လွင့်မျောမှုမှာ
အစနှအဆ တေးမမှန်း

ကျွမ်းထိုးမှောက်ခုံ အချိန်မီသတိမရလျှင် ဘယ်အထိ လွင့်မျောသွားမည် မသိ။

ခုတော့ တော်သေးသည်။

ပိုက်ချုန်းထန်သူတို့ရှိသည်။

တန်ပြန်အတွင်းအားကို စုစည်းထုတ်လွှတ်သည်။

လည်ပတ်နေသောဘီးကို လက်အနားခံ၍ ရပ်စေသည်သို့ ဖြစ်၏။

ပိုက်ချုန်းထန်သည် တစ်ခနရုတ်ဘွင့် လုဖန်ရဲလွှင့်ထုတ်ထားသော အတွင်းအားစီးကြောင်းမှ အပြင်သို့ ချော်ထွက်လာသည်။

ဆယ်ပေခန့်မြင့်သောအနေရာမှ ပိုက်ချုန်းထန်ပြုတ်ကျသည်။ လေးလံသောအရာဝတ္ထုတစ်ခု ပြုတ်ကျသောအသံ ထွက်မလာ။



ရှပ်

ခပ်ဖွဖွလေးကျလာသည်။

ကြောင်တစ်ကောင်လိုလို။

နောက် ကျားတစ်ကောင်မှမာ။

ထိုတိုက်ကွက်မှာ အဆင့်မြင့်သိုင်းသမားနှစ်ဦး၏ လှုပသော တိုက်ကွက်တစ်ကွက် ဖြစ်သည်။

ပိုက်ချုန်းထန်သည် အတွင်းအားကို တစ်ဆင့်တင် သင့်ပေါ ကွက် မတင်။

တိုက်ကွင်းအနေအထားနှင့် လုဖန်ရဲအနေအထားကိုသာ စောင့်ကြည့်သည်။

ဝှစ်...ဝှစ်...ဝှစ်

အဝါရောင်တွေအတန်းလိုက် ပြေးထွက်လာ နေတော့သည်။

ထို့နောက် ပိုက်ချုန်းထန်ထံသို့မရောက်မီ အလိပ်ခတ္တခွေ သိပ်ကွာ လှိုင်းထနေသည်။

နူးညံ့၍ပျော့ပျောင်းသော အဝါရောင် အဝတ်ကြိုးစလေးများအား လုဖန်ရဲ၏ တောင်းလှသောအတွင်းအားကြောင့် သံချောင်းဖြင့်ပြုလုပ်ထားသော သံကြိုးစများ ဖြစ်သွားလေသလားမသိ။

ထိုအခါကျမှ ပိုက်ချုန်းထန်က...

ကိုယ်ဖော့ပညာကို အသုံးပြု၍ လေဟာပြင်ထဲသို့ ပြေးဝင် ခုန်တက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



ထိမ်တောင်ဖမာ သိုင်းကွန်ချာကို ဆုတ်သုံးတိုက်ခိုက်လိုက်သည်။

'ဖြောင်း....ဖြောင်း'

လက်ဝဲချင်း ပြိုင်ရိုက်သောအသံမှာ မိုးထိတောင်ကုန်းပေါ်က တောကြက်အုပ်တစ်အုပ်ကို လှန့်ထုတ်လိုက်သည်နှင့် မခြားမြည်ဟိန်းသွားလေသည်။

★

## အခန်း (၂၃)

ထိုသို့သော အဆင့်မြင့်သိုင်းအကျော်အမော်များလည်းဖြစ်သော စကြာမော်ဂိုဏ်းသားနှင့် တောင်ပင့်ကူဂိုဏ်းသားများလည်း ဖြစ်နေသော တိုက်ကွင်းအနီးသို့ သိုင်းသမားတစ်ဦး ချုံစေးပျစ်အပင်တွေကြားမှ ခေါင်းကိုငုံ့၍ လျှောက်လာပြီ ဖြစ်သည်။

မည်သို့ပင် သိုသိုဝှက်ဝှက်ဖြင့် လျှောက်လာသော်လည်း ပိုင်ချန်းထန်ကတော့ တွေ့မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး ခွန်ထင်းစုကိုယ်တိုင် ရှာဖွေလာခြင်းဖြစ်သည်။

သူနှင့်အတူလူတစ်ယောက်ပါလာသည်ကိုကားပိုက်ချွန်းထန် နောက်မှသိသည်။

ပန်းလှဝိဇ္ဇာ မဟုတ်ပေ။

'သူတို့ တိုက်ခိုက်နေကြပြီ တွေ့လား'

ခွန်ထင်းစုက သူ့ဘေးရှိ ကြော့ခမ္ဘာဂိုဏ်းသားတစ် ဦးကို အသိပေးသည်။

ထိုသူမှာ လက်ရွေးစင်တန်းမှ ဓားတိုဝိဇ္ဇာ ကြော့အင်ပိုင် ဖြစ်သည်။

'ဟုတ်တယ် ဂိုဏ်းချုပ်ကြီး၊ သိုင်းကွက်ဆယ်ကွက်လောက် တိုက်ခိုက်ပြီးသွားပုံရပါတယ်'

'ဒီဇေတာင် ရောင်ပြန်ဓားကိုင်ပြီး တိုက်နေတာမှ ဟုတ်ရဲ့လား၊ ကြည့်စမ်းပါဦး'

ခွန်ထင်းစုက လှည့်မကြည့်ဘဲ ပြောသည်။

ကြော့အင်ပိုင် အလှမ်းတစ်ခုပိုသွားသည်။

ရောင်ပြန်ဓား ဟုတ်မဟုတ်ကြည့်နေသည်။

အကွာအဝေး အသေးစိတ်မြင်တွေ့နိုင်သော နေရာအကွာအဝေး မဟုတ်သောကြောင့် အသေးစိတ်မမြင်နိုင်။

ထိုအခါ နှစ်ယောက်စလုံး မျက်လုံးသူငယ်အိမ်တွေကို ကျဉ်းကျုံ၍ကြည့်သည်။



'ရောင်ပြန်ဓား ဟုတ်မဟုတ်တော့ မမြင်ရဘူး'

ကြော့အင်ပိုင်က ပြန်ပြောသည်။

'ဘာဓားကိုပဲကိုင်ကိုင်လေ။ အခုက အနိုင်ရဖို့ပါပဲကွာ'

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီးရဲ့ အဖော်တစ်ယောက် တွေ့တယ်။ ဖွဲ့ကြိုးဝါလှုမန်ရဲ့ ခေါ်လာတာထင်တယ်'

'မှုအား...ဟုတ်တယ်'

ထိုစဉ်တိုက်ပွဲက မသိမသာ ကြမ်းလာသောကြောင့် ခွန်ထင်းစုနှင့် ကြော့အင်ပိုင်တို့ စကားစများ ပြတ်တောက်သွားသည်။

ဤတိုက်ပွဲမှာ တွေ့ကြုံဖူးသော တိုက်ပွဲများနှင့် ဝေးအောင် တစ်မူထူးခြားနေသည်ဟု ခုချိမင်းမှတ်ချက်ချလိုက်မိသည်။

အဝါရောင်များ လှိုင်းထ၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝါရောင်လှိုင်းများမှာ အခြားမဟုတ်၊ လုဖန်ရဲ့ဆံပင်ကြီးစမျှားပင် ဖြစ်သည်။

'ဝှန်း'

လုဖန်ရဲက ယမ်းထုပ်ဘစ်ထုပ်ကို ပိုက်ချွန်းထန်ရှေ့ တည့်တည့်သို့ ပစ်သွင်းဖောက်ခွဲလိုက်ပြန်သည်။

ပိုက်ချွန်းထန်က လွှတ်အောင်ရှောင်သည်။

ယမ်းငွေ့များကြားဘွင် သိုင်းသားသား နှစ်ယောက်စလုံး ပျောက်ကွယ်သွားကြပြီ။

'ဘယ်လိုလဲ လုဖန်ရဲ၊ ဘာကြောင့် ပြေးဝင်ပုန်းနေရပြန်တာလဲ'

ပိုက်ချွန်းထန်၏အသံသာ ပေါ်ထွက်လာသည်။

လူရိပ်ကွယ်ပျောက်နေသည်။

'ရှင်ကကော ကျွန်မလို ပြေးဝင်ပုန်းနေတာပဲ မဟုတ်လား'

'ကောင်းပြီလေ၊ ဒါဆိုလဲ ကျုပ်တို့ လူရိပ်မဲ့တိုက်ပွဲကို ဆက်ဆက်ဆင်နွဲကြရုံပေါ့၊ မကောင်းဘူးလား'

'ကျွန်မကိုမမေးနဲ့၊ ကျွန်မက ဘာမဆို စိန်လိုက်ထဲကပဲ'

'မင်းဟာ အမျိုးသမီးတစ်ယောက် မဟုတ်တဲ့အတိုင်းပါပဲလား'

'သိုင်းလောကမှာ 'အမျိုးသားအမျိုးသမီးရယ် ရှိသေးလို့လား၊ ကဲ…ရှောင်ပေဦးတော့ ပိုက်ချွန်းထန်ရေ၊ ရှောင်ပေဦးတော့'

'ဝှီး…ဝှီး'



'ဒေါက်…ဒေါက်'

'ဝှန်း'

ပစ်လွှတ်လိုက်သော အရာများမှာ သံစူးလက်နက်ပုန်းအလေးများဖြစ်သည်။

www.burmeseclassic.com



အခန်း (၂၄)

'မှုပ်…ရှုပ်'

ခြေသံကိုသာ ကြားရသည်။

ပိုက်ချန်းထန်ပုံရိပ်ကို မမြင်ရ။

'ဝှီး…ဝှီး'

'ဒေါက်…ဒေါက်'

'ဒုန်း'

ဒုတိယအကြိမ် ပေါ်ထွက်လာသော အသံများမှာ ပိုက်ချန်းထန်ပစ်လွှတ်လိုက်သော သံစူးလက်နက်ပုန်းကလေးများဖြစ်သည်။

ဤလက်နက်ပုန်းကလေးများသည် လုဖန်ရဲထံသို့မရောက်။ လုဖန်ရဲမရှိသော သစ်ခေါင်းပေါက်ထဲသို့သာ ခြေးဝင် ရှုးစိုက်သွားကြသည်။

ယင်းနောက် ပိုက်ချန်းထန်က အရင်ဆုံး ရှေ့ထွက်လာရှင်သည်။

နောက် လုဖန်ရဲ…

တစ်ယောက်နှင့် တစ်ယောက် ဇော်ချွေးများ ပြန်လျက် စိုက်ကြည့်နေကြသည်။

ထည်မှာ လုဖန်ရဲက သူ့မခေါင်းခပေါ်က ဖဲကြိုးဝါစတွေကို ခါဆတ်၍ထုတ်သည်။

'ဝှစ်…ဝှစ်…ဝှစ်'

'ဝှီး…'

အဝါရောင်တွေ လှိုင်းထနေလေပြီ။

သည်တစ်ကြိမ် လုဖန်ရဲ တိုက်ကွက် ပြောင်းလိုက်သည်။

ဒါကို ပိုက်ချန်းထန် မသိနိုင်စရာမရှိ။

သို့သော် လုဖန်ရဲ၏သိ။

ဖဲကြိုးဝါတွေအားလုံး ပိုက်ချန်းထန်၏ ခန္ဓာကိုယ်ကို ရှတ်ခြည်း ရစ်ပတ်သွားပါလေတော့သည်။

ပိုက်ချန်းထန် မလှုပ်နိုင်တော့ပြီ။

'ဝုန်း…'

ထိုစဉ် ဖဲကြိုးဝါလုဖန်ရဲ သစ်ပင်ပေါ်မှ ခုန်ချလာလေသည်။

၉

www.burmeseclassic.com



ပြီးမှ ဗိုက်ချန်းထန်လည်မျိုကို လက်ဝါးစောင်းနှင့် ချိန်ရွယ်ထားသည်။

ထို့နောက် ဖဲကြိုးဝါ လုဖန်ရဲက မိုးပျံနဂါး ပိုက်ချန်းထန်မျက်နှာကို မော့ကြည့်ကာ တိုးတိတ်ညင်သာ ပြောလိုက်သည်။

'ရှင် ကျွန်မကို အလွယ်တကူ သတ်နိုင်ရဲ့သားနဲ့ ဘာကြောင့် မသတ်တာလဲ၊ သိုင်းကွက်ခုနစ်ကွက်မှာ ရှင်ကျွန်မကို သတ်လို့ရတယ် မဟုတ်လား'

'သိုင်းကွက်ကိုးကွက်မှာရော မင်းလက်ဝါးနဲ့ ကျုပ်ဝမ်းဗိုက်ကို ဖောက်လို့ရသားပဲ၊ ဘာကြောင့် ရှောင်သွားရတာလဲ'

'ဒီလောက်အထိ ရှင်သိတယ်ဆိုရင် ပြီးတာပါပဲ၊ ကျွန်မ ကျေနပ်တယ်၊ ကဲ...ကျွန်မသွားလိုက်ပါဦးမယ်'

ဟု ပြောကာ လုဖန်ရဲသည် သူမ၏ဖဲကြိုးဝါစတွေအား လုံး ပြန်လည်ဆွဲယူပြီး ရိပ်ခနဲ ပျောက်သွားလေတော့သည်။

တောအုပ်ထဲသို့ မြန်လှသော အလျင်ဖြင့် ပြေးဝင်သွားပုံ ရသည်။

ထိုအချိန်တွင် ၊ စကြာမှော် ဂိုဏ်းချုပ်ကြီး ခွန်ယင်စူးနှင့် ကြော့အင်ပိုင်တို့ မရှိကြတော့ပြီ။

စုချီမင်း တစ်ယောက်သာ ကြွင်းကျန်ရစ်သည်။

'ဘာဖြစ်လို့ဖြစ်တာလဲ ဦးတော်ရယ်'

*



သည်ကနေ့ ဖန်လီစန်တို့ ခေါက်ဆွဲကြော်ဆိုင် လူကျနေသည်။

'ခေါက်ဆွဲကြော်တစ်ပန်းကန် ပေးစမ်းပါ'

'ကော်ရည်ခေါက်ဆွဲပဲ လုပ်တော့ဗျာ'

ဈေးသည်နှင့်ဈေးဝယ် သည်းခံမှုရှိလျှင် ဈေးသည်ကသာ သည်းခံရမည် ဆိုသော်သည်း သည်ကနေ့ ဈေးသည်လေး ဖန်လီစန် သည်းမခံ။

'ဘယ်လို ဖြစ်နေတာလဲ၊ အခု ခေါက်ဆွဲကြော်၊ အခု ကော်ရည်။ ကျွန်မတို့က ဘာလုပ်ပေးရမှာလဲ၊ ရှင် တစ်ယောက်တည်း မဟုတ်ဘူးရှင့်'

'ညီမလေးကလဲကွာ၊ ဒေါသချည်းပဲ၊ ခေါက်ဆွဲကြော်စားရင် ရင်ပြည့်မှာစိုးလို့ပါ၊ အစ်ကိုက နေထိုင်မကောင်းလို့ပါ'

ဈေးဝယ်က အရက်မူးနေဟန်တူသည်။

သူ့စကားမှာ ဝါးတားတား။

'ဟဲ...ဟဲ...ဖန်လီစန်၊ နင့်ဘာဖြစ်နေတာလဲ၊ စောစောတုန်းကလဲ အချဉ်ထပ်တောင်းတဲ့လူကို ထပ်တောင်းရမလားဆိုပြီး စကားများတဲ့အထိ ဖြစ်ခဲ့ရပြီ၊ ခုလဲဖြစ်ပြန်ပြီခက်တော့တာပဲ'

ဖခင်ပိန်းချီစန်က ဒယ်အိုးထဲရှိ ပွက်ပွက်ဆူနေသော ဆီထဲသို့ ခေါက်ဆွဲဖတ်များ ဆုပ်ကိုင်ပစ်ချလိုက်ရင်း လှမ်းပြောနေသည်။

'ဒီကောင်မလေး ဒီကနေ့ ဘာဖြစ်နေသလဲ မသိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီး ဝါဖေးအသံ၊ ဝက်သားသစ်တုံးကို ဝက်သား လှီးသော ဓားပြားကြီးဖြင့် နုပ်နုပ်စဉ်းနေရာမှ လှမ်းပြော သည်။

'ရပါတယ် အဖေ ရယ်၊ ဟခြားလူတွေမှတ်လို့၊ ရတယ် ရတယ်'

လူကြီးက ပြောပြော်ဆိုဆို ဖန်လိစန်မျက်နှာကို မော့ ကြည့်သည်။

## အခန်း (၂၅)

ဘူ အခေတာ်လန့်သွားပုံရသည်။

မျက်လုံးများ ပြူးလျက်....

မှန်သည်၊

ဖန်လိစန်ကလည်း လူကြီးကို အသံတိတ် ပါးစပ်လှုပ်ပြနေ သည် မဟုတ်လား။

သူ၏လှုပ်ရှားနေပုံက ဆဲရေး တိုင်းထွာနေသည့်ပုံမျိုး၊

'ကြည့်စမ်း....ဆိုင်မှာ ဘာဂါထာတွေ ရွတ်နေတာလဲ၊ ကဲ....ကဲ....စိတ်မပါလှဲ့ အိမ်ပြန်တော့'

www.burmeseclassic.com

www.burmeseclassic.com



သည်စကားကို ကြားလိုက်ရသောအခါ ဖန်လိစန် လက်ထဲက ပန်းကန်တစ်လုံး ဂွမ်းခနဲ လွှတ်ချလိုက်သည်အထိ ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားသည်။

သို့နှင့် ဖန်လိစန်သည် အပေါ်တွန့်တက်နေသော အင်္ကျီစတွေကို ဆွဲချပြီး ခေါက်ဆွဲကြော် ဆိုင်ကလေးထဲက ပြေးထွက်သွားလေသည်။

ဖန်လိစန် စိတ်လှုပ်ရှားနေသည်။

အိမ်ကို မရောက်နိုင်သောကြောင့် အိမ်ရောက်လိုစိတ်ဖြင့် စိတ်လှုပ်ရှားနေခြင်း မဟုတ်။

စုချီမင်းတို့မောင်နှမ ကျန်စီမြို့သိုင်းပြိုင်ပွဲခရီးတွင် မပါဘဲ ကျန်နေမည်စိုးသောကြောင့် ဖြစ်သည်။

လွန်ခဲ့သောနေ့က စုချီမင်းက ဖန်လိစန်ကို နောက်ပြောင် ပြောလိုက်တာလားမသိ။

'ငါတို့ကတော့ နင့်ကိုစောင့်နေမှာ မဟုတ်ဘူး၊ နောက်ကျနေလို့ကတော့ ထားခဲ့မှာပဲ'

ဟု ပြောခဲ့သည်။

ထို့ကြောင့် ဖန်လိစန် ကသောကမျော လျှောက်လာသည်။

လမ်းခုလတ်အရောက်တွင် စုချီမင်းနှင့်တွေ့သည်။

ကွမ်းယုံမင်း မပါ။

'ဒါက ဘယ်သွားမလို့လဲ ဖန်လိစန်၊ နင့်ကိုကြည့်ရတာ ပျာယာဖျာယာနဲ့'

ဟု စုချီမင်းက မေးသည်။



ထိုစကားကိုကြားသောအခါ ဖန်လိစန် အတော်ဒေါသဖြစ်သွား၏။

ခြေကိုစုံရပ်လိုက်ပြီး နှုတ်ခမ်းတလန် ပန်းဘလန်နှင့် ရန်တွေ့လေတော့သည်။

'ဘာ...ဘာပြောတယ်၊ မနေ့ကပြောထားတာ မေ့သွားပြီလား၊ ဒီနေ့ ခရီးထွက်ကြမယ်ဆို၊ အစီအစဉ်တွေ အားလုံးပြီးကုန်ပြီဆို၊ နောက်ကျနေရင်တောင် ချန်ထားခဲ့မယ်ဆို'

ဖန်လိစန်က အသံစာစာ စာစာနှင့် ကတ်ကတ်လန် ရန်တွေ့နေသဖြင့် လမ်းသွားလမ်းလာတွေက ကြည့်သွားကြသည်။

အချို့ကပြုံး၍ အချို့ကရယ်သွားကြ၏။

အသိမိတ်ဆွေတွေကတော့....

www.burmeseclassic.com

www.burmeseclassic.com



'ဒီမေါ်တာမ ဘာဖြစ်နေတာလဲ၊ ကြွေးတောင်းနေတာလား၊ ပေးလိုက်ပေါ့...ပေးလိုက်၊ ဒီကောင်မလေးက မရဘူး၊ တော်ကြာ အင်္ကျီချွတ်ယူနေဦးမယ်'

ဟု ပြောသွားသည်၊

'ဟော...တွေ့တယ်မဟုတ်လား၊ လူတွေက ပြောကုန်ပြီ မရှက်ဘူးလား၊ စကားပြောတာ အာကိုပြဲလွန်းတယ်'

စုချိမင်း မနေသာတော့၊

ဖန်လီစန်ကို သတိပေးရပြီ၊

သည်တော့မှ ဖန်လီစန်သည် သူ့အပြစ်သူသိပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်၊

ဤခြေဆည်သည်၊

'နင်က ဘာတွေလာပြောမှန်းမှ မသိတာ'

'ငါက ဘာပြောလို့လဲ'

'ဘယ်ကလာတာလဲဆို'

'အေးလေ...ဘယ်ကလာတာလဲလို့မေးတာ ဘာဖြစ်သွားသလဲ'

'ဒီနေ့ခရီးထွက်ကြမယ်ဆိုတာနင်လဲ့သိသားနဲ့၊ ဒါမေးရမှာလား'

ထိုအခါ စုချိမင်းက ဖန်လီစန်အား ရယ်မောလိုက်တော့သည်း

'နင့်ကိုစတာပါဟာ'

'တော်စမ်းပါ၊ ငါ့ကိုရေအောင် ငါက ခွေးကလေးကြောင်ကလေးမှ မဟုတ်တာ'



'ကဲပါ...ဒါတွေနောက်ထား၊ ပြောစရာရှိလို့ ငါထွက်လာတာ၊ လာ...လာ၊ အိမ်ကိုအရင်သွားကြမယ်'

ထို့နောက် နှစ်ယောက်သား စကားတပြောပြောနှင့် အိမ်ဆက်သို့ လျှောက်လာခဲ့သည်၊

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

'သိုင်းပြိုင်ပွဲက မရေရာတော့ဘူး ဖန်လီစန်၊ ကျင်းပဖို့ရက်ကိုလဲ ခုထိမကြေညာသေးဘူး၊ နောက်ပြီး ကြားရတဲ့သတင်းအရဆိုရင် တို့တွေ ဝင်ပြိုင်ဖို့တောင် မကောင်းဘူး'

'ဘာဖြစ်လို့လဲ စုချီမင်း'

'ဘာဖြစ်ရမလဲ၊ ပြိုင်ပွဲကို ကမကထလုပ်မှာက တောင်ပင့်ကူဂိုဏ်းဆာမဟုတ်လား၊ ဒီတော့ သူတို့ဂိုဏ်းသားတွေကိုပွဲထုတ်မယ့်သဘော လုပ်မှာတဲ့'



'ဒါဆိုရင် နည်းမှန်လမ်းမှန် ဝင်ပြိုင်တဲ့လူတွေ နာမှာပေါ့'

'သေချာတယ်'

ချောင်းကူးတံတားပေါ်သို့ ရောက်လာသောအခါ စကားပြတ်သွားသည်။

အောက်ဘက် ချောင်းရေအစီးကိုအတူငုံ့ကြည့်လိုက်ကြသည်။

ရေမှာခန်းခြောက်စ ပြုနေပြီ၊

'ဒါဖြင့်တို့တွေကျန်စီမြို့ကို မသွားတော့ဘူးလား'

'သွားတာကတော့ သွားကြရမှာပေါ့၊ ပြိုင်ပွဲကျင်းပလို့အခြေအနေပေးရင်လဲ ဝင်ကြဲ လိုက်ကြတာပေါ့၊ ဦးတော်ပိုက်ချွန်းထန် သင်ပေးထားတဲ့ သိုင်းကွက်အသစ်တွေ ကိုရောလေ့ကျင့်ထားရဲ့လား'

စုချီမင်းက တံတားပေါ်က ဆင်းလာစဉ်သူ့ဆန္ဒကို ထုတ်ပြောသည်၊

'သိုင်းပြိုင်ပွဲဖြစ်ရင်ကောင်းမယ်၊ သူတို့လူတွေပွဲတုတ်သလိုပါကလဲ ငါ့သိုင်းစွမ်းရည်ကိုပြလိုချက်ပါသေးတယ်၊ ဦးတော်ပိုက်ချွန်းထန်သင်ပေးထားတဲ့ သိုင်းကွက်သစ်တွေဆိုလို့ 'သိန်းစွန်လက်သည်း' သိုင်းကွက်အကွက်သုံးဆယ်ထဲကသုံးကွက်လေးကွက်လောက်မေ့သွားလို့ပြပေးဦးနော်'

'နင်ကတော့ လုပ်ပြီ၊ ကောင်းပါတယ်၊ သိုင်းပြိုင်ပွဲရေရာတာ နင်ခုသိုပေါ့တီးပေါ့ဆဖြစ်နေပုံနဲ့ အချိန် ဆွဲသွားလေကောင်းလေပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်စုချီမင်းတို့ အိမ်သို့ရောက်လာသည်။

ကွမ်းယိုမင်းက ထင်းခြမ်းတွေကို ရဲအင်း တစ်ချောင်း ဖြင့် ခွဲနေသည်။

* * *

သူတို့မိခင်ကြီး လီဝမ်ဟူကား အိမ်ပေါ်တွင် အိမ်ဗာဟီရ အလုပ်တွေ ရှုပ်နေဟန်တူသည်။

တဆွဲသွဲ့ လုပ်နေသည်ကိုပဲ တွေ့ရသည်။ ထွက်မလာ။

'ကွမ်းယိုမင်း...ဖယ်စမ်း၊ နှင်မောနေပြီ၊ ငါခွဲပေးမယ်'

ဟု ပြောကာ ဖန်လိစန်က ကွမ်းယိုမင်းလက်ထဲက ရဲအင်းကိုလှယူပြီး ထင်းခွဲခြမ်းတွေကို ဆက်ခွဲသည်။

'ဦး...ဒုတ်'

'ဦး...ဒုတ်'

စုချီမင်းသည် ဖန်လိစန်ကို စူးစူးစိုက်စိုက် ကြည့်နေရာမှ အတွေးတစ်ခုပေါ်လာကာ...



'ဩော်...နှင့်ကို မေးမယ်...မေ့မယ်နဲ့ မေ့နေတဲ့ ကိစ္စ တစ်ခု မေးကြည့်ရဦးမယ်'

ဟု ပြောလိုက်သောအခါ ဖန်လိစန် ထင်းခွဲရပ်ထား လိုက်သည်။

ကွမ်းယိုမင်းကတော့ ထင်းခွဲခြမ်းပုံပေါ်တွင်ထိုင်ပြီးအမောဖြေနေရာမှ မော့ကြည့်သည်။

'နှင်တို့အမေ ငါ့ကို တစ်ခါက ပြောဖူးသလား၊ လို့တာ အကြောင်းက တခြား မဟုတ်ဘူး၊ မြေဘီလူး ကျင်းထိုက် ဖျောက်ဆုံးနေတဲ့ကိစ္စ'

ထိုစကားကို စုချီမင်းပြောလိုက်သည်နှင့် ဖန်လိစန်မျက်နှာ ထားတည်ငြိမ်သွားသလိုရှိသည်။

သည်အကြောင်းကို အထူး စိတ်ဝင်စား နေသည့်ဟန် ရှိသည်။

သို့သော် သူမက ဘာမှမမေး။

'သိုင်းလောကတစ်ဝက်လောက်ကို ကိုင်လှုပ်ခဲ့တဲ့အကျော်အမော် သိုင်းသမားကြီးတစ်ယောက်၊ ဆိုတာလောက်တော့ ငါလဲသိပါတယ်'

'အဲ့ဒါ ဘာဖြစ်လို့လဲ'

'သူဟာ ဖန်လီစန်ရဲ့ဘကြီးဆို ဟုတ်သား'

ဖန်လီစန်က အဖြေပေးချင်ဟန်မတူ။

'နှင့်ကို ဘယ်သူပြောလဲ'

www.burmeseclassic.com



'ငါခုပြောပြီးတာ၊ နှင်တို့အခုမ ငါ့ကိုပြောဖူးသလိုလို ဘးလို့၊ ဟုတ်တယ် မဟုတ်လား'

ထိုအခါ ဖန်လိစန်က လက်ထဲကရဲခင်းကို ထင်းခွဲ ခြမ်းပုံပေါ် ပစ်ချလိုက်ပြီး သက်ပြင်းတစ်ချက်ချသည်။

*

## အခန်း (၂၇)

ပြီးတော့မှ....

'ဟုတ်တော့ ဟုတ်ပါတယ်'

ဟု ပြောရ၏။

'ငါလဲထင်သားပဲ၊ ထင်လို့ခုနးကြည့်တာ။ ကြားရတာက တော့ စိတ်မကောင်းစရာဘဲ၊ သူဟာ အခု ရူးကြောင်ကြောင် ဖြစ်နေတယ်တဲ့'

'ငါတို့သိပါတယ်၊ ရောင်ပြန်ဓားပျောက်သွားပြီးကတည်း က ရူးကြောင်ကြောင်ဖြစ်သွားတာ၊ အခု ပျောက်ဆုံးနေ တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



စုချိုမင်းသည် ဖန်လိစန်ကိုကြည့်ရင်း ရှောင် ပြန့် ခ
အကြောင်း ပြောသင့်မပြောသင့် ချိန်ဆနေသည်။

ပြောလိုက်လျှင် ပိုက်ချန်းထန်အပေါ် အငြိုးထားမည်
လား။

ဒါကို သူတွေးမိသည်။

လောလောဆယ် မပြောသေးဘဲထားတာ ကောင်းမည်
ဟုလည်း တွက်သည်။

သို့နှင့်...

စုချိုမင်းက....

'နင်တို့ဘကြီး မြေအိလူးကျှင်းကိုက် ပျောက် ဆုံးနေတာ
မဟုတ်ပါဘူး'

'ပျောက်ဆုံးနေတာ မဟုတ်ဘူး၊ ဟုတ်လား'

ဖန်လီစန် ဝမ်းသာလာပြန်သည်။

'ပျောက်ဆုံးနေတာ မဟုတ်ဘူး၊ တောင်ပင့်ကူကိုက်
သူ ကိုဖမ်းထားတာ'

'ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်'

'ဘယ်သူပြောလို့လဲ စုချိုမင်း'

'ဦးတော် ပိုက်ချန်းထန်ပြောတာ အနောက်ဘက်လှ ပြီး
ကို သွားတုန်းကပြောတာ'

'ငါရှိနေတာပဲ'

'နင်အိပ်ပျော်နေတဲ့အချိန်မှာပြောတာ၊ နင်ဘယ်သိမှာ'

'ဟုတ်လား....သေချာလား'



'ဟုတ်ပါတယ်....သေချာပါတယ်'

'ဒါဆို အမေနဲ့အဖေ ဝမ်းသာကြမှာပဲ၊ ငါအိမ်ပြန်ရောက်
ရင် ပြောပြလိုက်မယ်နော်'

'ဒီအကြောင်း မပြောဘဲထားလို့ ဘယ်ဖြစ်မလဲ'

ထို့နောက် သုံးယောက်သား တစ်ယောက်မျက်နှာ တစ်
ယောက်ကြည့်လျက်....

* * *

နေဝင်သည်နှင့် ကျောစိတ်ို့အရက်ဆိုင်တွင် လူစည်ကားနေ
လှသည်... 

လူသာ စည်ကားသည်။

အမြည်းမကောင်း။

နေရာထိုင်ခင်းကလည်း ခပ်ညံ့ညံ့။

အခန်းကျဉ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူကျပ်သည်။

အလင်းရောင်လည်း မရ။

လူတွေကျလာပြီဆိုလျှင် အရက်ဆိုင်ဘောင်ဘက်ကွန်းထဲ ဆင်းပြီးသောက်ကြရသည်။

သို့သော် ကွာစိတ္တိအရက်ဆိုင်ကိုပဲ အရက်သမားတွေ သဘောကျသည်။

ဘယ်ဆိုင်တွေ ဘယ်လောက်ကောင်းကောင်း ကွာစိတ္တို အရက်ဆိုင်မှ အရက်ဆိုင်။

ဤသို့ဖြင့် ကွာစိတ္တိအရက်ဆိုင်ကို အရက်သမားပရိသတ် အပေါင်း နှစ်ထောင်းအားရဖြစ်နေသည်မှာ အခြားကြောင့် မဟုတ်၊ ကွာစိ၏ဆက်ဆံရေးကောင်းခြင်း၊ သည်းခံတတ် ခြင်းတို့ကြောင့်ပင် ဖြစ်သည်။

နေ့ာက် အကြေးရောင်းသည်။

ကွာစိတ္တိအရက်ဆိုကို စုံချီမင်း မရောက်တာကြာပြီဖြစ်၍ သည်နေ့တော့ ရောက်လာသည်။

အရက်ကိုသောက်တတ်၍သောက်သည်မဟုတ်သော် လည်း လောကအကြောင်း သိချင်စရာလေးတွေရှိလျှင်တော့ ခုလို ပဲ စုချီမင်းရောက်လာမြဲ။

သည်နေ့တော့တစ်ယောက်တည်း ထောင့်စားပွဲဘွင် နေ ရာယူပြီး အရက်တစ်အိုး အမြည်းတစ်ပွဲနှင့် ငြိမ်နေသည်။

အမူးသောက်လို့တော့ မဖြစ်သေး။



ဟိုအကြောင်းသည်အကြောင်း သိချင်၍လာသည်မှာ အမူး လွန်သည်နှင့် အဓိပ္ပာယ်မရှိဖြစ်သွားနိုင်သည်။

ဆိုင်ထဲရောက်၍အရက်တစ်ခွက်လားသောက်ရသေးသည်၊ နောက်စားပွဲမှာ အသံကျယ်လာသည်။

ဘယ်သူတွေပါလိမ့်....။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

စုချိမင်းက နောက်လှည့်မကြည့်ဘဲ နားစွင့်နေသည်။

'တော်လောက်ပြီထင်တယ် ခေါင်းတုံးချင်ထင်းရာ၊ ... တော်တော်မူးနေပြီ'

'ဒီမှာ ခေါင်းမှုည်ကော့ကျွန်း၊ တို့သောက်တာအရက် ... အိုးပဲ ရှိသေးတာ၊ အရက်သမားသိက္ခာကျလိုက်တာ'

'ဟုတ်တယ် ခေါင်းရှည် ကော့ကျွန်းရဲ့ နောက်တစ် ... မှာဦးမူဖြစ်မယ်'



'မျက်မှေးလီပင်း...မင်းက မထိန်းတဲ့အပြင် မြှောက်ပေးနေပြန်ပြီ၊ ခေါင်းတုံးချင်ထင်းမူးလာရင် ရစ်တတ်မှန်းလဲသိသားနဲ့'

သူတို့ နာမည်တွေကို မကြားဖူးသောကြောင့် စုချိမင်းပြီး စိတ်ဝင်စားသွားသည်။

ခေါင်းတုံးချင်ထင်း၊ ခေါင်းရှည်ကော့ကျွန်း၊ ပြီးတော့ မျက်မှေးလီပင်းဘယ်လို နာမည်တွေပါလိမ့်။

စုချိမင်းက စဉ်းစားရင်း သီဟိုဠ်စေ့လှော် တစ်ခုစေ့ကို ကောက်ကိုင်ပြီး ပါးစပ်ထဲသို့ ပစ်ထည့်လိုက်၏။

'တော်ပါတော့ကွာ၊ ဒီနေရာက တို့နေရာလဲ မဟုတ်ဘူး၊ နေရာမှာ တောင်ပင့်ကူဂိုဏ်းရယ်၊ စကြာမှော်ဂိုဏ်းရယ်၊ ပြီး ...မီးအိမ်နီဂိုဏ်းရယ် တွင်ကျယ်နေတာ'

မျက်မှေးလီပင်းကသဲကွာ၊ ကြောက်စရာမဟုတ်ဘာ ရှာ ...ကြောက်နေပြန်ပြီ၊ မင်းကိုယ်မင်း ပျံ့ကျ ဂိုဏ်းသား တစ်ယောက်ဆိုတာ မေ့များ မေ့နေပြီလား'

ထိုစကားကိုကြားလိုက်တော့မှ ဤနယ်အတွင်းမှ မဟုတ်သော ပျံ့ကျ ဂိုဏ်းသားတွေမှန်း စုချိမင်း သတိထားလိုက်သည်။

ပျံ့ကျဂိုဏ်းသားတွေ ဆိုပါသော၊ ဒီကောင်တွေ ဟုတ်...ဟုတ်ရဲ့လား၊ အရက်သောက်သို့ကောင်းအောင် ဟန်...ပ်နေတာလားမသိဘူး။

www.burmeseclassic.com



စုံချီမင်းက နောက်လှည့်ကြည့်ချင်သော်လည်းမကြည့်ဘေ ဘဲ အရက်နှင့် အရက်ခွက်တို့ကို တစ်ပြိုင်တည်း ကောက်ကိုင် ပြီး အရက်ခွက်ထဲအရက်ထည့်သည်။

• • •

'ကွာစိရေ…အရက်တစ်အိုး ထပ်ပေးကွာ'

ဘယ်သူမှန်းမသိ။

ပျံကျဂိုဏ်းက အရက်တစ်အိုးထင်မှာသည်။

အရက်မှာသူက ဆိုင်ရှင်နာမည်ကို တိတိ ကျကျ ခေါ်၍ အရက်ထပ်မှာနေသဖြင့် သည်အရက်ဆိုင်သို့ရောက်ဖူးသော ဖူးသူများသာဖြစ်မည်ဟု မှတ်ချက် ချလိုက်မိသည်။

ကွာစိကိုယ်တိုင် အရက်အိုးတစ်အိုး လာပို့သည်။

'နေပါဦးကွာစိ၊ မင်းအရက်ကရေအိုးဖြစ်နေပါလားကွ' ဟု ရန်စကားပြောသည်။



'ဆရာကိုကံလဲဗျာ၊ ကျုပ်အရက်ဟာ ဒီနယ် တဝိုက်မှာ အကောင်းဆုံးပါဗျာ၊ ပြင်းလဲပြင်းပါတယ်၊ ကျွန်တော်ပြမယ် ကြည့်'

ဟု ကွာစိက ရှင်းလင်းပြောပြပြီး အရက်အိုးထဲကအရက် အနည်းငယ်ကို စားပွဲပေါ်သွန်ချပြီး မီးရှို့ပြသည်။

မီးက အပြာရောင်။

'ဒီမှာကိုယ့်လူ အရက်မှန်ရင်မီးလောင်တာချည်းဘဲ၊ကျုပ် တို့ကို နှပ်မနေနဲ့'

သည်မှာ သူတို့ထဲက တစ်ယောက် ကယိမ်းကယိုင်ထပြီး ကွာစိကိုဆွဲလိုက်လေသလားမသိ။

ပြိုလဲသံ၊ ပုလင်းကွဲသံတွေပေါ်ထွက်လာသည်။

'ဝုန်း….'

'ဂလွမ်…'

ထိုအခါ စုချီမင်းနောက်အက် လှည့်ကြည့်လိုက်သည်။

ထင်သည့်အတိုင်း မှန်နေသည်။

ခေါင်းတုံး ရိပ်ထားသော လူတစ်ယောက်နှင့် ကွာစိတို့ ကြမ်းပြင်ပေါ်လဲကျနေသည်။

စုချီမင်း မနေသာတော့ပြီ။

သည်လောက် စော်ကားမော်ကားလုပ်နေသည်ကိုကြည့်၍ ဖြစ်တော့ပြီ။

သို့သော် စုချီမင်းရှေ့ထွက်မည်အလုပ်ပျံကျတို့လူ စားပွဲ ပေါ်သို့ သိုင်းသမားတစ်ယောက် ဝုန်းခနဲကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း...'

ဘယ်သူများပါလိမ့်။

ဘယ်ဂိုဏ်းက ဂိုဏ်းသားလဲ။

အခန်း (၂၉)

ဝတ်ထားသောဝတ်စုံက မီးခိုးရောင်။

ကြည့်စမ်း...ဘယ်သူများလဲ မှတ်သည်။

ဘယ်ဂိုဏ်းသားလဲဆင်သည်။ သိသိုက်ရှသောအခါဖြန့်လီ

မြို့အဖေ ပိန်းချိန်ပြစ်နေခဲ့လေသည်။

ထိုကြောင့်ရုချိမင်းကပါဝင်သရုပ်ဆောင်ခြင်း မပြုခဲ့တော့

ဘဲပွဲကြည့်ပရိသတ် လုပ်ခဲ့ရလေတော့သည်။

အရာဆိုင်ခန်းကျဉ်းကလေးထဲမှာတော့ အဆောင် ရှုပ်ရှုပ်

ထွေးထွေး ဆူဆူပွက်ပွက် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆော်သူ့အော့်၊ ခေါ်သူခေါ်နှင့်။

'ဟိတ်....မတရားတာမလုပ်နဲ့၊ ပိန်းချိစန် အဘိုးအို ဆိုဘာ ငါပဲ၊ အရွှးအခေါ်လို့ ပဲ့ခေါ်တယ်၊ မင်းတို့ပျံကျသုံးယောက် ကြိုက်တဲ့ကောင်ထွက်'

ပိန်းချိစန်စားပွဲပေါ်တွင် ရပ်လျက်စိန်ခေါ်နေပြီ။

ပျံကျသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လိုက်ကြသည်။

ပြီး....ပြုံးကြသည်။

မျက်နှာပြုပြုအရပ်ပုပုဆံပင်မွေးအနီနှင့်ခေါင်းတုံးချင်ထင်း ကကြမ်းပြင်ပေါ်တွင် [illegible]န်းကုန်းကွဲဟွ ဖြစ်နေရာမှထလာပြီး စားပွဲခုံအစွန်းကို ကိုင်မြှောက်လိုက်သည်။

ပိန်းချိစန်က အပေါ်သို့ ခုန်တက်သွား၏။

'ခုန်း....'

စားပွဲခုံမှာ အောက်တွင် ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားလေ သည်။

ခြေတစ်ဖက်ကျိုးသွားပြီ။

ထိုအခါခေါင်းရှည် ကောကျန်းက အချိန်ကို အလဟဿ အကုန်မခံ။ကိုယ်ဖော့အားကို အသုံးပြုလျက် မျက်နှာကြက်က တန်းများကို ခုန်ပျံ၍ ဘွဲခိုက်ာမျောက်လွဲကျော် သိုင်းကွက်ဖြင့် ပိန်းချိစန်ကိုဆိုက်လံတိုက်ခိုက်သည်။

'ဟိတ်'

'ယား....ယား'



သိုင်းကွက် ငါးကွက်တိတိ အထက်မျက်နှာကြက်တန်းများ တွဲခိုလျက် လွဲ၍လွဲ၍ ခြေဖျားများကိုအသုံးပြု တိုက်ခိုက်ကြ သည်။

သိုင်းကွက် ခြောက်ကွက်အရောက်တွင်မူ ပိန်းချိစန်၏ထိမိ သော ကန်ချက်ကြောင့် ခေါင်းရှည်ကောကျန်းမှာ ကျွဲခြေ ငွေသိမ်းစားပွဲရှေ့သို့ ဦးခနဲပြုတ်ကျသွားလေသည်။

ခေါင်းကွဲသွား၏။

သွေးစများ....

'ဟား....ဟား ..ဟား'

ရယ်မောသံများမှာ အရက်ဆိုင်ခန်းတစ်ခန်းလုံး လွှမ်းထား လေလည်။

www.burmeseclassic.com



အရက်သောက်နေသူများက ဤတိုက်ပွဲကို ကြိုးတောင့်ကြိုးခဲတိုက်ပွဲတစ်ခုဟု ထင်မှတ်နေရော့သလား မသိ။

ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြသည်။

စုချိမ်ပင်းက မလှုပ်မချောက်။

သည်တော့ ခေါင်မိုးတိုးချပ်ထင်းက တစ်စခန်း ထလာပြန်လေသည်။

သူသည် ဘဲဥကြော်ပန်းပန်ကိုကောက်ယူပြီး လက်ညှိုးပေါ်တင်၍ လှည့်သည်။

ခေလမှတ်၍လည်း လှည့်နေသည်။

ပရိသတ်များသာမက စုချိမ်ပင်းပါ အရက်သောက်ဖို့မေ့နေသည်။

အကြည့်က သူတို့ထံက ခွဲခွာ၍မရတော့။

ဘဲဥ ပန်းကန်ပြားကလေး လက်ညှိုး ပေါ်တွင် မှတ်နေအောင်လည်သာသောအခါ လက်ကိုမြှောက်၍ ပိန်းချိစန်၏ ရင်ညွန့်ဘည့်တည့်သို့ မစ်သွင်း ပိုက်လေသည်။

ဝိုး…

ဘဲဥပန်းကန်ပြားသည် လေထဲတွင် မှတ်နေအောင် လည်ပတ်ပြီးနောက် ပိန်းချိစန်၏ရင်ညွန့်ကို လွှစက်ဘစ်ခုနှင့်မခြားဝိုင်းဖြတ်လေတော့သည်။

သို့သော် ပိန်းချိစန်က သိနေဟန်တူသည်။

အနီးရှိစားပွဲခုံပေါ်မှ ဆံသိန်နှင်ချိုးဟင်းချို ပန်းကန်လုံးကို ဖျတ်ခနဲကောက်ယူ၍ ခုခံပြီးနောက် ပက်ဆုတ် သိုက်လေသည်။



'ဂွမ်…ခွပ်…ဂလွမ်း'

အသံသုံးသံက ဆက်တိုက်လိုလိုပေါ်ထွက် လာပြီးနောက် ပန်းကန်တွေအားလုံး တစ်နေရာတွင် တိုက်မိကြပြီး အစိတ်စိတ်အမြွာမြွာကြွေကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ပျံကျဂိုဏ်းသားများ၏ အချိုးမျိုးသော တိုက်ကွက်များကိုသော်မှ မမှုဘဲ အလွယ်သကူ ချေမှုန်း တိုက်ခိုက်နေသည့် ပိန်းချိစန်ကို မျက်ဝါးထင်ထင် တွေ့ရသော အခါ ပရိသတ်က ပိန်းချိစန်၏ သိုင်းကွက် များကို အံ့သြခြင်းမက အံ့သြ ရသလို ပျံကျဂိုဏ်းသားများကလည်းတိုက်ခိုက်ရင်းလန့်၍လာ လေတော့သည်။

'တစ်ယောက် ကျန်သေးတယ် မဟုတ်လား၊ အားစမ်း အောင်ထွက်ခဲ့လေကွာ'



ပိန်းချိစန်အဘိုးက ကျန်တစ်ယောက် ကိုပါ ခေါ်ထုတ် သိုက်ရာ ကျန်ရှိနေသော မျက်မှေးလိပင်းမှာ သီ၏ ကျောက် ပေါက်မာတွင်းများ ချွေးသီး ချွေးပေါက်များ ပြည့်မတတ် ထွက်လာလေတော့သည်။

သူသည့်ပိန်းချိစန်အဘိုးအိုကိုထိုက်ခိုက်ရကောင်းမကောင်း အတွေးလွန်ဆွဲနေစဉ် ပိန်းချိစန်းအဘိုးအိုက ကျွမ်းတစ်ချက် ထိုး၍ သူ့ရှေ့သို့ရောက်လာသည်။

ထိုသို့ရောက်သည်နှင့် ညာခြေဖျားဖြင့် ဝေ့ဝိုက်၍ ခတ် ထုတ်လိုက်သည်။

'အင့်....'

'အား....'

မျက်မှေးလီပင်းမျက်နှာလည်းထွက်သွားလေပြီ၊

သို့သော် သူကလည်း ပျံကျ ဂိုဏ်းသား တစ်ယောက် ဟုတ်လား၊

သည်လောက်ချည်းတော့ အညံ့မခံ၊

ပါးစပ်ထဲကို လက်နှစ်ချောင်းထိုးထည့် လိုက်ပြီး လေချွန် သံတစ်ချက် ရှူးရှူးဂါးဝါးမှုတ်ထုတ်လိုက်သည်၊

'ရှီ....ဟူ....ဟူ....ဟူ'

အမှတ်မထင် မှုတ်လိုက်သော လေချွန်သံကြောင့် ပိန်းချိ စန်အဘိုးအို ရပ်နေရာမှ ခန္ဓာကိုယ် တပတ်တိတ် လည်ထွက် သွားလေသည်၊

ထိုမြင်ကွင်းကို မြင်လိုက်ရသော စုချီမင်းသည် စားပွဲပေါ် ချထားသောအနီရောင် ကော်တူနှစ်ချောင်းအနက်တစ်ချောင်း

www.burmeseclassic.com



ကို ကောက်ယူလိုက်ပြီး ညာဘက်လက် တစ်ဖက် တည်းဖြင့် အလယ်မှဖိ၍ ချိုးပြီး အချွန်အတက်ဖြစ်သွားသော တူအကျိုးနှစ်စကိုတောက်ထုတ်လိုက်သည်၊

'ဝှီး'

'ဒေါက်....ဒေါက်'

'အွန့်........ား....အား'

မျက်မှေးလိုပင်း၏ ကျောက်ပေါက်မှာ မျက်နှာကြီးမှာ အရုပ်ဆိုးစွာ ရှုံ့မဲ့၍ အော်ဟစ်ညည်းညူရင်း လေမချွန်နိုင် ဖြစ်သွားလေသည်၊

သည်မှာ ပိန်းချိစန့် မူးမိုက်သွားရာမှ သတိရလာသည်။

သတိရလာသည်နှင့် ပျံကျသုံးယောက်ကို ဆက်လက်တိုက်ခိုက်ပြန်သည်၊

ခုတော့သည်း ပိန်းချိစန့်ကတစ်ယောက်၊ ပျံကျဂိုဏ်းသားတွေကသုံးယောက်။

'ယား'

'ယား'

တိုက်ကွက်တစ်ကွက်တည်း တိုက်ရိုးသာရှိသည်၊

ပျံကျသုံးယောက် အရက်ဆိုင်ခန်းထဲမှ ပြေးပျောက်ထွက်သွားလေတော့သည်၊

'ကျေးဇူးတင်တယ် စုချီမင်း'

'ရပါတယ်ဦးတော်ရယ်၊ ကူညီရမယ့်အခြေအနေမို့ ကူညီလိုက်ရတာပါ'

'ဒီလို ကူညီရတာကိုပဲ အထူးကျေးဇူးတင်နေရတာပါ'



ပြီးတော့ ပိုက်ချန်းထန့်လက်ထဲ ရောင်ပြန်ဓားရောက်ရှိနေကြောင်း သူ့အနေနှင့် ဖန်လီဟန်တို့မိသားစုကို မပြောဘဲနေလျှင် မကောင်း၊ ပြောရမည်သာဖြစ်သည်။

ပြောလိုက်လျှင် သူတို့မိသားစု ပိုက်ချန်းထန့်ကို ရန်ပြုတိုက်ခိုက်ကြမည်မှာ အမှန်။

ပိုက်ချန်းထန်လို ဓားသမားမျိုးကို သူတို့မိသားစု အနိုင်တိုက်ခိုက်နိုင်မည် မဟုတ်။

'ဟိတ်....ရပ်လိုက်စမ်း'

အသံက မာလွန်းနေသည်။

သည်လိုဆက်ဆံမှုမျိုးကို စုချီမင်းမခံတတ်ပေ။

နောက်ကျောတွင် လွယ်ထားသောဓားကို အသင့်အထားပြင်လိုက်သည်။

ပြီး အသံလာရာသို့ လှည့်ကြည့်ပြီး....

'ဘယ်သူလဲ ကျုပ်ကို ရပ်ခိုင်းတာ၊ မင်းကဘာကောင်မို့လို့လဲ၊ သတ္တိရှိရင် အပြင်ကိုထွက်ခဲ့လေကွာ'

စုချီမင်းက ပြန်၍အော်လိုက်တော့မှ သစ်ပင်နှစ်ပင်ကြားတွင် သိုင်းသမားကြီးတစ်ယောက် မားမားရပ်လျက် ပေါ်လာသည်၊

ဆံပင်နီ၊ မုတ်ဆိတ်နီနီနှင့် မျက်ကွင်းက ညိုညို။

'ခင်ဗျား ဘယ်သူလဲ'

မုတ်ဆိတ်နီသိုင်းသမားကြီးက အဖြေမပေးသေးဘဲ ဓားကိုတဖ်လှမ်းချင်း လျှောက်လာသည်။

၁၂

www.burmeseclassic.com



'ဟေ့လူ....ကျုပ်မေးနေတာ မကြားဘူးလား'

ဟု ဆက်မေးလိုက်ပြီး အရိပ်အခြည်ကို သတိထားနေလေသည်။

မပြောမဆိုနှင့် လက်ဦးမှုယူပြီး တိုက်ခိုက်တတ်သူများလည်း သိုင်းလောကတွင် ရှိခဲ့ဖူးသည် မဟုတ်သား။ သည်လို လူမျိုးဖြစ်နေလျှင် ခက်မည်။

မုတ်ဆိတ်နီ သိုင်းသမားကြီးကလည်း ဓားကိုခါးတွင် ချိတ်ထားခြင်းမရှိ၊

နောက်ကျောတွင်သာ လွယ်ထားသည်။

သူသည် အပြာရောင်ဝတ်စုံပွပွကို ဝတ်ထားသဖြင့် ကိုယ်ဟန်ထွားကျိုင်းသယောင် မတွေးထင်စရာရှိ၏။

'မင်းဟာ မီးအိမ်နီဂိုဏ်းသား စုချိမင်း မဟုတ်သလား'

တစ်နေရာသို့ ရောက်သောအခါ ရပ်တန့်လိုက်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်တယ်၊ ခင်ဗျားကရော ဘယ်သူလဲ'

'ဆန္ဒစောလှချည်လား၊ ကျုပ်ဘယ်သူလဲဆိုတာ အရေးမကြီးသေးပါဘူး၊ မင်းဘယ်သူဆိုတာကိုပဲ ကျုပ်သိချင်ပါတယ်'

'ဘာသဘောလဲ'

'သိရမှာပေါ့ကွာ၊ မင်းကစုချိမင်းဆိုတော့ မင်းအဖေက မီးအိမ်နီဂိုဏ်းချုပ်ကြီး ကောင်းကင်နဂါး ဖန်ယင်မင်းပေါ့ ဟုတ်လား'

'မှန်တယ်'



'ဟား....ဟား... ဟား'

မုတ်ဆိတ်နီ သိုင်းသမားကြီးက အားရပါးရ ရယ်မောလိုက်လေသည်။

ရယ်မော၍ အားရတော့မှ မျက်နှာကို တင်းမာစေလျက်....

'ကျုပ်က ရုပ်ခဲပြောင်းရုပ်လွှဲဝိဇ္ဇာ ဝမ်ယုထုပဲ'

'ကျုပ်နဲ့ခင်ဗျား ဘယ်လိုပတ်သက်နေလို့လဲ၊ ပြောပြစမ်းပါဦး'

'ပြောတာပေါ့၊ ကျုပ်ဘယ်သူဆိုတာကို မောင်ရင်ကသိချင်တယ်ဆို၊ ဒီတော့ ပြောရသေးတာပေါ့၊ ဆက်ပြောမယ်'

'ခင်ဗျားဘယ်သူ....ဩော်....ရုပ်ခဲပြောင်းရုပ်လွှဲဝိဇ္ဇာ ဝမ်ယုထု၊ ဟုတ်ပြီ...ဝမ်ယုထုနဲ့ ကျုပ် စကားပြောစရာအကြောင်းရှိလို့လား'

'ထားပါလေ....ဆက်ပြောမယ်၊ ကျုပ်မိန်းမက ရုပ်ဆိုးမကြီး ရှားနီတဲ့'

'ကျုပ်နဲ့ ဘာဆိုင်လို့လဲ'

'ဒီမှာမောင်ရင်၊ တို့က မြောင်လူမျိုး'

'ခက်တော့ဘာပဲဗျာ....ကျုပ်သွားမယ့် လမ်းခရီးမှာ ခင်ဗျားလာပြီး သက်သက်မဲ့ အနှောင့်အယှက်ပေးနေတာပဲ'

'ဒီလိုလဲ သဘောမထားပါနဲ့လေ'

ဟု ပြောပြီးနောက် မုတ်ဆိတ်နီကြီး ဝမ်ယုထုက လက်ခုပ်သုံးချက် တီးလိုက်သည်။

'ဖြောင်း....ဖြောင်း....ဖြောင်း'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုထု လက်ခုပ်သုံးချက် တီးလိုက်ပြီးသည်နှင့် စုန်မင်းနှင့် ဝမ်ယုထုကြား မြေကွက်ပေါ်တွင် ယမ်းထုပ်တစ်ထုပ် ပေါက်ကွဲလာလေတော့သည်။

'ဝုန်း....'

ယမ်းငွေ့များ အလုံးလိုက်ထ၍ မှောင်မည်းသွားတော့သည်။

အခန်း (၃၅)

ယမ်းငွေ့များ ပျက်ပြယ်သွားသောအခါ အနီရောင်ဝတ်စုံနှင့် ရှပ်ပုံလွှာတင်ခုံပေါ်လာသည်။

ဘယ်အချိန်က ရောက်ရှိနေသည်မသိ၊

အနီရောင်ဝတ်စုံရှင်သည် ဆံပင်ဖွေးဖွေး မျက်နှာပေါ်အုပ်ထားပြီး သရဲကြီးနှင့်တူလှသော မိန်းမကြီးတစ်ယောက် ဖြစ်နေလေတော့၏။

'ခင်ဗျားက ဒီဆရာကြီးရဲ့မိန်းမ ရှပ်သိုးမကြီး ရှာနိုင်[illegible]လား'

'ဟား...ဟား...ဟား'

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ ရုပ်ဆိုးမကြီးရှာနိုက သေသွားပြီ၊ ကျုပ်က ဘယ်သူလဲသိလား'

'ဘယ်သိမှာလဲ'

'မိုးပျံသရဲမ ဝုဖေးလျူ'

စုချီမင်းမှာ အတော်ကလေး ဦးနှောက်ခြောက်သွားပေ သည်။

သူ့ကိုပြဿနာနှင့်သူတို့ လာရှုပ်နေကြပါလားဟု အတွေး ရောက်လိုက်မိသည်။

ထိုစဉ်....

'မင်းအဖေ ကောင်းကင်နဂါး ဖန်ယင်မင်းရော အခု ဘယ်မှာလဲ'

ဟု မေးသည်။

မေးသူမှာ မိုးပျံသရဲမ ဝုဖေးလျူဖြစ်၏။

ထိုအခါ စုချီမင်း အနည်းငယ်တုန်လှုပ်သွား၏။

မိမိအဖေကို မေးနေပြီဆိုတော့ သူတို့နှင့်အဖေ မည်သို့ သော ပြဿနာ ရှိနေပြီလဲ။

ပြီးတော့ သူတို့က မြောင်သူမျိုးတွေဟု ဆိုသည်။

မြောင်လူမျိုးဆိုတာ စုချီမင်းကြားဖူးသည်။

မြောက်ပိုင်းကန္တာရတွင် နေထိုင်သည့် မျိုးနွယ်စုတစ်ခု ဖြစ်သည်။

သူတို့သည် သူတို့လူမျိုးစုနှင့်သူတို့ အေးအေးဆေးဆေး နေကြသော်လည်း နတ်ကိုးကွယ်ခြင်း၊ ယစ်ပူဇော်ခြင်း၊ သရဲ



တစ္ဆေမွေးခြင်းစသော အပြုအမူ အစွဲအလမ်းကြီးသူများဟု ဆိုသည်။

လက်စားချေသည့်နေရာတွင်လည်း 'အားကြီးလွန်းသည်။ သားစဉ်မြေးဆက် လက်ဆင့်ကမ်း လက်စားမချေသွားကြ သည်။

သည်လိုလူမျိုးစုဖြစ်လေရာ စုချီမင်းမှာ ဖခင်အတွက် စိုးရိမ် စိတ် ဝင်သွားမိသည်။

လောလောဆယ် ဖခင်ဖန်ယမ်မင်းမှာ မီးအိမ်နီဂိုဏ်း တည်ရာဌာနတွင်မရှိ။

အနောက်ဘက်လွင်ပြင် တိဗက်လားမားကြီးများထံသို့ မီး အိမ်နီဂိုဏ်း၏ အကြောင်းကိစ္စ တစ်ခုခုကြောင့် ရောက်နေ သည်။

သည်အကြောင်းကို ထုတ်ပြောလိုက်လျှင် ဖြစ်နိုင်သော် လည်း သူတို့ပုံမှာ ဖခင်နောက်သို့ မလိုက်နိုင်ဟု မပြောနိုင်။

'ကျုပ်....မသိဘူး'

'မင်းက မသိဘူးဟုတ်လား၊ စဉ်းစဉ်းစားစားလေးပြောပါဦး မှပေါ့ဟ၊ မီးအိမ်နီဂိုဏ်းသားတစ်ယောက်လဲဖြစ်၊ ဂိုဏ်းချုပ် ကြီးရဲ့သား လက်ရွေးစင်ဂိုဏ်းသားလဲဖြစ်တဲ့ မင်းက ကိုယ့် အဖေဂိုဏ်းချုပ်ကြီး ဘယ်သွားလို့ ဘယ်လာတယ်ဆိုတာကို မသိရလောက်အောင် မင်းက အနေနနေလို့လား၊ မင်းတို့ မီးအိမ်နီဂိုဏ်းသားတွေက ဒီလို အအ အနတွေပဲလား'

ဝမ်ယုထုက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တို့က အေးအေးဆေးဆေး နေခဲ့လို့ မင်းတို့က မပြော
တာလား၊ ငါ့လိုသတောလား'

မိုးပျံသရဲ ဝုဇေးလျှာအား ပြောပြောဆိုဆို မျက်နှာပေါက
ဆံပင်တွေကိုခါ၍လှတ်လိုက်လေသည်။

တောအုပ်ထဲတွင် လူသုံးယောက် စကားပြောသံများမှာ
မှိုလှင့်လျှက်ရှိသည်၊

ထိုသို့စကားပြောရပ်သွားပါက မောင်နှက်ပေး တွန်ကျူ
သံ ဟောင်ပံခတ်သံ ပျံသန်းလာသည့်အသံများကို ကြားရ
သည်။

'ဟုတ်တယ်၊ ကျုပ်အခဖအကြောင်း ကျုပ်မသိပေမယ့်
သူဘယ်မှာ ရှိတယ်ဆိုတာကိုတော့ ကျုပ်သိပါတယ်၊ ဒါပေ
မယ့်....'

'ဒါပေမယ့် ဘာဖြစ်လဲ'

'ခင်ဗျားတို့လို ချန်ထူလား မိတ်ဆွေဟား မသိရသေး
လူတွေကမေးတိုင်း ကျုပ်က အလွယ်တကူ ပြောရမှာလား

ထိုအခါ ဝမ်ယုထုနှင့် ဝုဇေးလျှာတို့သည် တစ်ယောက်
တစ်ယောက် ကြည့်လိုက်ကြသည်။

ဝမ်ယုထုက ခေါင်းညိတ်ပြလိုက်သည်။

သည့်အခါ မိုးပျံသရဲ ဝုဇေးလျှာ ဟက်ခနဲ ရယ်ချ
ရယ်လိုက်ပြီး....

'အေး...ဟုတ်တယ်'

ဟု ပြောသည်။

'ကဲ...ပြော ပြောလိုက်ပါကွာ'



ဝမ်ယုထုက ဝုဇေးလျှာကို လှမ်းပြောသည်။

'ဒီလိုကွ၊ တို့မြောင်လူမျိုးတွေက အစွဲအလမ်း သိပ်ကြီး
တာ....။

'တို့ကိုးကွယ်ထားတဲ့ ယွန်နုတ်မင်းကြီးရုပ်တုမှာ တပ်ဆင်
ထားတဲ့ဓားတစ်လက်ရှိတယ်၊ အဲဒီဓားက သွေးအဆိပ်ဓားတဲ့၊
အဲဒီဓားကို ယွန်နုတ်မင်းကြီးပူဇော်ပွဲ ကျင်းပတော့မယ်ဆိုရင်
အမြဲတမ်းဖြုတ်ဟူပြီး တစ်ယောက်ယောက်က တာဝန်ယူ
သွေးရတယ်....။

'အဲဒီလို သွေးတဲ့လူဟာ သွေးချင်တိုင်း သွေးလို့မရဘူး၊
မိန့်ကိုရတယ်၊ မဲကျမှသွေးခွင့်ရတယ်၊ လွန်ခဲ့တဲ့ ယွန်နုတ်မင်း
ကြီးရုပ်တုပူဇော်ပွဲမရောက်မီ သုံးလအလိုမှာ သွေးအဆိပ်ဓား
သွေးပွဲ ပြုလုပ်တယ်'

ထိုစကားကြားသောအခါ စုချိမင်းမှာ အိပ်မဝင်စားတဲ့
မနေနိုင်အောင် ဖြစ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

'ယုံးစံအတိုင်းမဲနှိုက်တဲ့အခါမှာ ဒီနှစ်သွေးအဆိပ်ဓားသွေးနှင့် မဲ့ပေါက်တဲ့လူဟာ ဟောဒီ ကျုပ်အစ်ကို ရုပ်ပြောင်းရုပ်လွဲဝိဇ္ဇာကြီး ဝမ်ယုထု ရဲ့မိန်းမ ရှပ်ဆိုးမကြီး ရှားနီဖြစ်ခဲ့တယ်....။

'ရှားနီဟာ အဒီသွေးအဆိပ်ဓားကို ယွန်နှတ်မ ကြီး ရှပ်တုက ဖြုတ်ပြီး သွေးဖို့ ယူသွားတဲ့ နောက်တစ်နေ့မှာရုပ်ဆိုးမကြီး ရှားနီ သေဆုံးနေတာကို တွေ့ခဲ့ရတာက....။



'တွေ့ရတဲ့နေရာက မြစ်ဆိပ်လမ်းမှာ ရင်ဝကို ခါးနှုတက်တက် ခွဲပြီး အူတွေကို ထုတ်ထားခဲ့ကယ်'

'ရှပ်ဆိုးမကြီးရှာ နီလို အကျော်အမော် သိုင်းသမား တစ်ယောက်ကို ရင်ခွဲပြီး အူနှုတ်ထားနိုင်တဲ့ရန်သူဟာ သာမန်သိုင်းသမား မဖြစ်နိုင်ဘူးလို့ တို့တွက်တယ်....။

'ပြီးတော့ သွေးအဆိပ်ဓားလဲ ပျောက်ချင်းမလှ ပျောက်သွားတဲ့အတွက် ရှားနီကိုသတ်ပြီး သွေးအဆိပ်ဓားကိုယူသွားတာ သေချာတယ်'

ထိုစကားကိုကြားသောအခါ စုချီမင်းကဖခင်ဖန်ယင်မင်းအတွက် စိုးရိမ်မကင်း ဖြစ်လာသည်။

ဖခင်ကြီး ကောင်းကင်နဂါး ဖန်ယင်မင်းကလည်း ဝေးလံထူးခြားသော အရပ်ဒေသသို့ သွားလာနေတတ်သည် မဟုတ်လား။

'သွေးအဆိပ်ဓားကိုဘယ်သူယူသွားလို့လဲ'

စုချီမင်းက ပြောလိုက်လေရာ ဝမ်ယုထု နှင့် ဝူဖေးလျူတို့က ပြုံးလိုက်ကြသည်။

ထို့နောက် ဝုဖေးလျူက....

'ကျုပ်ယောက်မ ရုပ်ဆိုးမ ရှားနီကိုသတ်တာ တခြားလူမဟုတ်ဘူး၊ မင်းအဖေ ကောင်းကင်နဂါး ဖန်ယင်မင်းပဲ'

'ဘာပြောတယ်၊ ကျုပ်အဖေ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုဘ်ဘဏ်...မင်းအဖေပဲ၊ သွေးအဆိပ်ခါးကို ယူသွားတာမင်းအဖေပဲ ဖြစ်ခယ်'

'မဖြစ်နိုင်ဘူး'

စုချိမ်မင်း ကမ္ဘာဖ ကို အခုလို မဘာရား စွပ်စွဲသည်ကို မခံနိုင်....။

မိမိအဖေလို မီးအိမ်နီဂိုဏ်းချုပ်ကြီးဘစ်ဦးတစ်ယောက်ကလည်း မတရားသောအလုပ်ကို လုပ်လိမ့်မည်မထင်။

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ မင်းအဖေမှ မင်းအဖေ အစစ်'

ရုပ်ပြောင်းရုပ်လွှဲဝိဇ္ဇာဝမ်ယုထုံကဒေါသ တကြီးပြောပြီး ရှေ့ထွက်လာသည်။

'သူဘစ်ယောက်ကို ဒီလိုမဘာရား ပြောလို့ ရရောသား။ ခင်ဗျားမိန်းမရှားနီကို ကျုပ်အဖေက သတ်တယ်ဆိုတာ ဘာအထောက်အထားရှိလို့လဲ၊ ခါ ယူသွားတာကရော'

'ဒေါ်...မင်းက ခိုင်လုံတဲ့အထောက်အထား သိချင်တယ်ဆိုပါဘာ၊ ...ဒီအချိန် ဘိုမြို့ကိုရောက်ခနတဲ့ ဧည့်သည်ဆိုလို့ မင်းအဖေပဲရှိတာ၊ ဒါ့ကြောင့်ရှားနီကိုသတ်ပြီး သွေးအဆိပ်ခါးကိုယူသွားတဲ့သူဟာ ဘင်းအဖေပဲဖြစ်ရမှာ'

'ဟား...ဟား...ဟား၊ ခင်ဗျားတို့ အထောက်အထားတွေက မခရကျသိုက်ဘာ'

စုချိမ်မင်းက ဤသို့ပြောလိုက်သောအခါ ဝမ်ယုထုံကရော ဝူဖေးလျူပါ ဒေါသ ခြောင်းခြောင်း ထွက်လာလေသည်။



နောက်ကျောမှ ခါးတော့ကို အသီးသီး ထုတ်လိုက်လေသည်။

'မင်းက အေးအေးဆေးဆေး ခမ်းခနတာမို့ ခေါင်းမာနေတာလား'

'ခေါင်းမာနေတာ မဟုတ်ဘူးဗျ၊ လက်မာတာပါ'

ဟု ပြောပြီးသည်နှင့် စုချိမ်မင်းကလည်း နောက်ကျောတွင် လွယ်ထားသော ခါးကို ဆွဲထုတ်လိုက်သည်။

ခါးရောင်တွေ တလျှပ်လျှပ်ဝင်းလက်သွားလေပြီ။

သည့်တိုက်ပွဲမျိုးက သတိအလွန်ထားရသည်။

သိုင်းသမားကြီးတွေက အဆင့်မြင့်ရှိသာမက အမတ္တုကြုံရှိသောသိုင်းသမားကြီးတွေ။

ပြီးတော့....

သွေးကြွေးဆပ်ရန်နှင့် သွေးအဆိပ်ခါး ပြန်လည်ရရှိရေးအတွက်ရောက်ရှိလာသော သိုင်းသမားကြီးတွေ။

သူ့ကိုသတိမထား၍ မဖြစ်။

'ကဲ...လက်မာတယ်ဆိုတဲ့ကောင် မာတဲ့လက် ပြတ်ကရောပေ'

မိုးပျံသရဲမ ဝူဖေးလျူက အေဘ်ပြောရင်းအမှတ်မထင်ခုန်ဝင်ခုတ်ပိုင်းချလိုက်၏။

ဘယ်ဘက်တွင် ရှိနေသော ရုပ်ပြောင်းရုပ်လွှဲဝိဇ္ဇာ ဝမ်ယုထုံက အကဲ့အဖက်ညီသည်။

ပြေးဝင်၍ပင့်ထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားချက်တွေ ရှေ့ကရော၊ ဘယ်ဘက်ကပါတစ်ပြိုင်တည်း လိုလိုပြေးဝင်လာသည်။

ဝင်းခနဲ လက်ခနဲ။

စုချီမင်းက လျင်မြန်ဖျတ်လတ်မှုအပြည့်။

ဝှူဖေးလျှု၏ ခုတ်ဓားကို ခေါင်းတိမ်း၍ရှောင်သည်။

လွတ်သည်။

လွတ်သည်နှင့်လက်ယာရစ် ခန္ဓာကိုယ်ကို တစ်ပတ် လှည့်ရင်း ဓားကို ပင့်တင်၍ ခုတ်ဆွဲလိုက်သည်။

'ထန်....'

နောက်မှ ခုန်ဝင်လာသော ဝမ်ယူထု၏ ခုတ်ဓားကို ခုတ်ကာကွယ်ပြီးသားဖြစ်သွားသည်။

သည့်နောက်ဓားချင်း ထိပ်တိုက်တွေ့နေသည်။

စုချီမင်းသည် ရှေးကြီး ဝှမ်ဖူး တက်ပေး ထားသော ကိုးနဂါးအချက်ပွားသိုင်းကွက် (၁၁၀)ထဲမှ အမှတ် (၇) ကိုအသုံးပြုသျှက်မိုးပျံသရဲမ၏ ရင်ဘတ်ဆီသို့ ပြင်းထန်သော အားဘာအားဖြင့်ခုတ်ချလိုက်သည်။

'ဝှမ်....'

စုချီမင်း၏ဓားချက်သည် မိုးပျံသရဲမဝှူဖေးလျှု၏ ရင်ဘတ် အနီးသို့ရောက်သည်နှင့် ၎င်းပကဘယ်ဘက်လက်ကို ဝှေ့ယမ်းလိုက်ပြီး လက်နက်ပုန်းဖြင့်ကာကွယ်လိုက်သည်။

'ထန်....'

စုချီမင်း၏ ဓားလမ်းကြောင်း ပြောင်းလဲသွားကာလေထဲ ဝဲဝိုက်သွား၏။



စုချီမင်း မကျေမနပ်ဖြစ်နေပြီ။

သေချာပေါက် ဓားချက်မဟုတ်လား။

ကျိန်းသေတွက်ထားပြီးသားမို့ ဆိုဓားချက်ကိုပင် နှုမြောသွား။

သို့သော်သတိအလစ်မခံ။

★

www.burmeseclassic.com

## အခန်း (၃၇)

ညာခြေကို ရှင်လိုက်ပြီး ဘယ်ခြေကိုအားပြုကာ၍ အနီးရှိ သစ်မြစ်ဆုံကြီး တစ်ခုခေါ်သို့ ကိုယ်ဖော့အားဖြင့် ခုန်တက်သည်။

ဟန်ချက်ညီ ကျကာ ရှိသေးသည်။

ဝမ်ယိုထု ကပြေးဝင်ခုတ်ပြန်သည်။

စုချီမင်းကနောက်သို့ ရှင်ကို ကော့ချလိုက်ပြီး ခြေအစုံကို ရှေ့သို့ ခုန်ထွက်၍နောက်ဘက် မြေပြင်တက်သို့ တစ်ပတ်ကျွမ်းထိုးချလိုက်သည်။

ရှဥ့်ဘျ၊ ကြောင်ကျ ကျသည်။



အမှန်တော့...

ဤတိုက်ကွက်ဝှင် စုချီမင်း၏ကိုးနဂါး အမျက်ဖွားအမှတ် (၇) သိုင်းကွက်ဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်။

အချည်းနှီးပင်။

တစ်ဖက်ရန်သူ၏ သိုင်းပညာကို ထိုးဖောက်၍ မခံရခြင်းသာဖြစ်သည်။

ထို့ကြောင့် စုချီမင်းက အတွင်းအားကို အဆင့်မြှင့်၍စည်းပြီး ဓားကိုင်ထားသော လက်ကောက်ဝတ်ဆီသို့ ပို့လွှတ်လိုက်သည်။

ယား...

ထိုအခိုက် ဝမ်ယုထုက လှုပ်တစ်ပြက် တိုက်ခိုက်သည်။

စုချီမင်းမှာ ဆက်လက် တိုက်ခိုက်ရန်အတွက် အသင့်မဖြစ်သေး။

သို့သော် မဆိုင်းငံ့ဘဲ တစ်ဖက်သို့ ခန္ဓာကိုယ်ကို တိမ်းပြီး ဓားကို ကန့်လန့်ဖြတ်ခံလိုက်သည်။

ထန်း...

ခုတ်ဓားနှင့်ခံဓားတို့ထိတွေ့သံမှာ မြည်ဟိန်း၍သွားသည်။

မြည်ဟိန်းသံကို ကြားရခြင်းဖြင့် အတွင်းအားနှစ်အား၏ အနေအထားကို ခန့်မှန်းနိုင်ပေသည်။

ထို့နောက် စုချီမင်းက နောက်ဘက်ခြေနှစ်လှမ်းခုန်၍ဆုတ်လိုက်သည်။

အခြေအနေကောင်းဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘက်မှ သိုင်းသမားကြီးမှောင်နှမနှစ်ဒယောက် ပြိုင်တူ
မြေးဝင်လာသည်။

ခားရောင်ဒတ္တက တဖျပ်ဖျပ်။

စုချိမင်းသည် ခုခံတိုက်ခိုက်နေရင်းစဉ်းစားနေသည်။

ဤမြောင်လူမျိုး သိုင်းသမားကြီးနှစ်ဦး၏ အတွင်းအားနှ
သိုင်းပညာအဆင့်မှာ မနိမ့်လှ။

ယခုသူတို့အသုံးပြုနေသော သိုင်းကွက် သည်ပင်လျှ
လှိုင်းလုံးအကွက်ကဲ့သို့ သိုင်းကွက်ထဲကတိုက်ကွက်တွေဖြစ်နေသည်

အထင်သေးရွမရတော့ပြီ။

ဤသိုင်းကွက်မျိုးကို တောင်ပိုင်းသား သိုင်းလောကတ
အလွန်တွေ့ခဲသော သိုင်းကွက်ဖြစ်များဖြစ်သည်။

အကြယ်၍သာ မိမိဖခင် ကောင်းကင်နဂါး ဖန်ယမ်မင်
က ဤသိုင်းကွက်၏ သဘောသဘာဝတွေကို မသင်ပြခဲ့လျှ
မိမိသည် ယခုလို ကြံ့ကြံ့ခံနိုင်မည်မဟုတ်ပေ။

တိုက်ခိုက်နေရင်း ဖခင်ကို ကျေးဇူးတင်နေမိသည်။

ဖခင်ကြီး တစ်ခါတစ်လေကျတော့လည်း သိုင်းပညာတွင် တိုက်ခိုက်
လာသူရန်သူ၏ သိုင်းကွက်ကို ပြန်လည်ထိုးနှက် တိုက်ခိုက်ရ
အတွက် သူတို့အသုံးပြုသောသိုင်းကွက်ကိုသာ အသုံးပြု တို
ခိုက်ရသည်။

သို့မဟုတ် တူညီသောတိုက်ကွက်များကို သုံး၍ တိုက်ခိုက်
ရသည်။

သို့နှင့်....



ချိမင်းသည် ကျောပိုးအိတ်ကို ဖြုတ်ချလိုက်ပြီး ဝူဖေး
မျက်နှာတည့်တည့်သို့ ပစ်သွင်းလိုက်သည်။

'ဝိုး....'

ဝူဖေးလျှုက ကျောပိုးအိတ်ကို ဘယ်ဘက် လက်မောင်း
ခတ်ထုတ်၍ ပုတ်လိုက်လေသည်။

ကျောပိုးအိတ်တွင် အတွင်းအား စီးဝင်လိုက်ပါနေသည့်
ချက်ကို ဝူဖေးလျှုသတိမထားလိုက်ချေ။

ကျောပိုးအိတ်နှင့်အတူ နောက်သို့လွင့်ပါသွားသည်။

သစ်ပင်တစ်ပင်နှင့်ရိုက်မိပြီး လဲကျသွားသည်။

ဤသည်မှာ စုချိမင်း၏ အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

ည်အခွင့်အလမ်းကို စုချိမင်းလက်လွှတ်မခံ။

ဝုန်းခနဲခုန်လွှား၍ လိုက်သွား၏။

ဝူဖေးလျှု၏သည်မျိုတည့်တည့်သို့ ဓားကို လှမ်းထောက်
ပ်သည်။

'ရှူး....'

သွေးများက ရေအိတ်ပေါက်သလို အပြင်သို့ မန်းထွက်
သည်။

နောက်ဘက် ဝါးတစ်ရိုက်ခန့်အကွာတွင် ဝေးကျန်ရစ်
သာ ဝမ်ယုသု အံ့အားသင့်နေဆဲ စုချိမင်းက သူ့ဓားကို
ပြန်ဆုံးပြန်ဆွဲထုတ်လိုက်သည်။

ထို့နောက် ကိုယ်ဖော့ပညာဖြင့် လျှပ်ရှားသိုက်ရာ ခန္ဓာ
ကိုယ်သည် လေထဲမြောက်တက်သွားလေသည်။

သစ်ကိုင်းသစ်ခက်တွေကြားထဲတွင်ပျောက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးပျံသူရဲမ ဝူဖေးလျှုသည် သွေးပန်းထွက် နေသော လည်မျိုကို ဘယ်လက်ဖြင့်ပိတ်ပြီးစုချီမင်းခုန်တက်သွားသော သစ်ပင်ကြီးပေါ်သို့ နောက်မှခုန်ပျံ တက်လိုက်သွားလေသည်။

ချွင်....ချွင်'

သစ်ကိုင်း တစ်ကိုင်းတည်းမှာ အတွေ့ရပ်လျက် ဆက်လက် တိုက်ခိုက်နေကြသည်။

အခန်း (၃၈)

ပထမတော့ စုချီမင်း တအံ့တသြ ဖြစ်နေသည်။

နောက်မှ ဝူဖေးလျှုသည် မိမိအား သွေးရှူး သွေးတန်း ဖြင့် လိုက်လံတိုက်ခိုက်နေခြင်းဖြစ်ကြောင်း သိလိုက်သည်။

ထိုစဉ်ဝမ်ယုကုသည် လက်တစ်ဖက်ကို အပေါ်သို့ ဆန့် တန်း၍ ထုတ်လိုက်လေသည်။

လက်နက်ပုန်းများတန်းစီ၍ တက်သွားသည်။

စုချီမင်းသည် နေရောင်တွင် လက်နက်ပုန်းများ တန်းစီ၍ တက်လာသည်ကိုတွေ့သည်နှင့် ဓားဖြင့် ဝေ့ယမ်း ထုတ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ထန်း....ထန်း....ထန်း....'

လက်နက်ပုန်းများမှာ စုချိမင်း၏ခေါင်းနှင့် တွေ့ထိ လွင့် သွားကြ၏။

လက်နက်ပုန်းတစ်ခုက လမ်းကြောင်းပြောင်းကာ မင်း၏ ရင်ဘတ်သို့မသွားမူဘဲ ဝှူဖေးလျှ၏ နံကြားသို့ စိုက်နစ်ဝင်သွားလေသည်။

'အား'

စူးစူးရှရှအသံတစ်သံပေါ်ထွက်လာပြီးနောက် ဝှူဖေးလျှ ၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်လာသည်။

ထို့နောက် သူဆုပ်ကိုင်ထားသော သွေးစေးများ စွန်း ပေနေသည့်ဓားသည် လက်ထဲမှ အောက်သို့ လွတ်ကျသွား လေသည်။

ဓားကရှီးရှီးမကျ။

လည်၍ကျသွားသည်။

ထို့နောက် မြေပြင်ရှိ သစ်ရွက်သစ်ခြောက်တွေပေါ် စိုက်သွား၏။

ထို့နောက် တစ်ဆက်တည်းလိုပင်....

'ဝုန်း'

ပတ်ဝန်းကျင်တစ်ခုလုံး ညံသွားသောအသံကြီးတစ်သံ ကြားလိုက်ရပြန်သည်။

ဤအသံမှာ အခြားမဟုတ်။



ကညင်ပင်ကြီးတစ်ပင်ပေါ်မှ မိုးပျံသရဲမ ဝှူဖေးလျှ ခြေ အားရှား လက်ကားရားဖြင့် ဖြုတ်ကျသွားသော အသံဖြစ် သည်။

မြေကြီးပေါ်သို့ရောက်သောအခါ ပါးစပ်ထဲမှ သွေးများ ပေါ့ခနဲပျို့အန်ထွက်ကာ မျက်ဖြူတစ်ချက် လန်သွားပြန် သည်။

ထိုအခါ ရှုပ်ပြောင်းရှပ်လှဲဝိဇ္ဇာ ဝမ်ယုထု သည် ရှက်ရှက် နှင့် ပြေးလာကာ....

'ဖေးလျှ....ဖေးလျှ'

ဟုခေါ်ပြီး အသေအချာကြည့်သည်။ ဖေးလျှကတော့ အသက်မရှိတော့။

မျက်ဖြူလန်လျက်။

ဝမ်ယုထု အလွန် တုန်လှုပ်သွားခြင်းနှင့်အတူ မျက်နှာ ပေါ်တွင် မကျေမချမ်းခြင်း၊ ခံပြင်းခြင်းစိတ်များပေါ်ထွက် လာလေသည်။

'တောက်....'

ဝမ်ယုထု တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက် သည်။

ထို့နောက် သစ်ပင်အထက်သို့ မော့်ကြည့်သည်။

စုချိမင်းက ဝမ်ယုထု ၏ အရိပ်အခြည်ကို စောင့်ကြည့် နေသည်။

သူသည် သူ့ညီမမိုးပျံသရဲ အသက်ခံရခြင်းအတွက် မိမိ အား ဆက်လက် တိုက်ခိုက်လိမ့်မည်ဟုထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အသင့်မစောင့်ကြိုနေသည်။

ကိုင်ထားသောဓားကို ဆသည်။

အတွင်းအားဖြင့် သူ့ကျင့်စဉ်အတိုင်းကျင့်၍ စုစည်းထားမြဲ စုစည်း၍ထားသည်။

ရှပ်ပြောင်းရှပ်လွဲဝိဇ္ဇာ ဝမ်ယုထု သည် ဝုဖေးလျှုံ့ထံ အားတွင် စိုက်လျက်ရှိသောဓားကို ဆုပ်ကိုင်၍ ဆွဲနုတ်ယူလိုက်သည်။

ဓားရိုးတွင် သွေးစတွေ ကပ်နေစေဖြစ်နေသည်။

လက်ရှိဓားနှင့် ဝုဖေးလျှုံ့၏ဓားကို ကိုင်လိုက်သည်။

ဓားနှစ်လက်နှင့် သိုင်းသမားကြီး ဖြစ်ချေပြီ။

ထို့နောက် ဝမ်ယုထု သည် မေးရိုးကြီးစွာ ကားထွက်လာသည်အထိ အံကြိတ်ကာ သစ်ပင်ပေါ်သို့ခုန်တက်ရှိနေသော စုချီမင်းကို မော့ကြည့်ကာ....

'ဟေ့....စုချီမင်း၊ မင်းအဖေနဲ့အတူ သေဖို့ချက်ချင်း လာခဲ့ပေတော့'

ဟု ပြောပြီး ဓားကို ဓားအိမ်အသီးသီးတွင်သည့်၍ သိမ်းနေသည်။

စုချီမင်းငြီးစား၍မရသေးမီ အချိန်အတောအတွင်းမှာပင် ရှပ်ပြောင်းဆရာကြီး ဝမ်ယုထု သည် သူ့နှမဖြစ်သူ ရဲ့ဝုဖေးလျှုံ့၏ ရှပ်အလောင်းကိုမကာ ကိုယ်ဖြေ့အားကို အသုံးပြု၍



ခုန်လွှားပြေးထွက်ရင်း တောထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။

'သွေးအဆိပ်ဓားဆိုပါလား၊ သူ့ဘိုက မြောင်လုံ့မျိုးတဲ့ အဖေနဲ့ပတ်သက်နေတာ တကယ်ပဲလား'

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

သည်ညကား လပြည့်ည၊

လပြည့်ည ညဥ့်သန်းခေါင်တွင်မှ ရသေ့ကြီး ကျင်းထိုက်ကို မြေအောက်ဥမင်လိုဏ်ခေါင်း အချုပ်ခန်းထဲမှ ထုတ်လာသည်၊

ထုတ်လာသည့်လူများမှာ ဘောင်မင့်ကူဂိုဏ်းသားများဖြစ်သည်၊

'ဟေ့ကောင်တွေ....ငါ့ကို အခုဘယ်ခေါ်သွားမလို့လဲ ငါဘယ်ကိုမှ မသွားချင်ဘူး၊ ငါ့ကိုမင်းတို့သတ်မလို့ မဟုတ်လား၊ ဟား....ဟား....ဟား၊ ငါကသေနေတဲ့လူပဲ၊ လူသေ



ကောင်ကြီးပဲ၊ ဟား....ဟား....ဟား၊ ငါ့ကိုမင်းတို့ ဘယ်နှစ်ခါ သတ်မလို့လဲ၊ အရှုံးတွေ....အရှုံးတွေ'

မြေဘီလူးကျင်းထိုက်သည် အသံကြီးဖြင့်အော်ဟစ်လိုက်ပါလာလေသည်၊

သူ၏ စကားသံများမှာ သံကြိုးများရိုက်သံနှင့် ဆူညံနေသည်၊

သူ၏ ခြေထောက်နှစ်ဖက်၊ လက်နှစ်ဖက်တွင် သံကွင်းပတ်ပြီး ဆက်သွယ်ထားသော သံကွင်းဆက်သံကြိုးကြီးများ ဖြစ်သည်၊

'ချွင်လင်....ချွင်လင်....ချွင်လင်'

'အရှုံးတွေ....ပြောနေတာမကြားဘူးလား၊ အခုရပ်လိုက်ကြစမ်း၊ ပြောနေတာ မကြားဘူးလား'

ကျင်းထိုက်လို အကျဉ်းသားဘဝ ရောက်ရှိနေသော လူတစ်ယောက်၏စကားကို ဘယ်သူကအလေးထားဂရုပြုမှာလဲ၊

'ဟား...ဒီအရှုံးကြီးကလဲ၊ နားညည်းလိုက်တာ၊ လွန်ပါရော'

ဟုပင် သိုင်းသမားတစ်ဦးက မှတ်ချက်ချသည်၊

တိုသိုင်းသမားကြီးသည် ဝတ်စုံပြာကိုဝတ်ထားသည်၊

ခန္ဓာကိုယ်က ဝဝတုတ်တုတ်၊ ဗသကောင်းအောင်း၊ ဗိုက်အိုးကြီးက ရှေ့တွက်နေသည်၊

သူသည် ကျင်းထိုက်ရှေ့မှ ကျင်းထိုက်အား ချည်ထားသည့် သံကြိုးစကို ဆွဲကိုင်လာသူဖြစ်သည်၊

သူ၏အမည်မှာ နှစ်ဖက်သွား ကျင်စိ ဟူ၏၊

www.burmeseclassic.com

www.burmeseclassic.com

## ၈။ မောင်နှင်းဆွေ

တောင်ပင့်ကူဂိုဏ်းတွင် သိုင်းပြိုင်ပွဲပြုလုပ်စဉ်က သူက နှစ်ဖက်သွားဓားဖြင့် ဝင်ရောက်ပြိုင်ဆိုင်ခဲ့ရာ မီးအိမ်နီဂိုဏ်းသား တစ်ဦးဖြစ်သော ရုပ်ဆိုးကြီးကျန်မင်ကို အနိုင်တိုက်ခိုက်နိုင်ခဲ့သောကြောင့် နှစ်ဖက်သွားဘွဲ့ကို ရရှိခဲ့ခြင်းပင်။

ကျင်းထိုက် လမ်းမလျှောက်ဘဲ ပေကတ်ကတ် လုပ်သည့်အချိန် နောက်မှလှံတံဖြင့် ထောက်ထောက် ပေးနေသူမှာလည်း တောင်ပင့်ကူဂိုဏ်းသားတစ်ဦးပင် ဖြစ်၏။

သူကား အရုပ်ရှည်ရှည် ခပ်ပိန်ပိန်၊ သူ့ကိုမိန်းမလျှာအရိုးခြောက် လုပင်းဟု ခေါ်ကြသည်။

သို့ဖြင့် ခမြဒ်အဘက် ဥမင်လိုဏ်ခေါင်းဝသို့ ရောက်ရှိသာပြီး မီးအလင်းရောင်အစား လရောင်ကို မြင်လာရ၏။

ပူနွေးနေခြင်းသည်း မရှိဘော့။

အေးစိမ့်လာလေပြီ။



ဤပတ်ဝန်းကျင်မှာ နက်ရှိုင်းသော တောအုပ်တစ်ခုအတွင်း ဖြစ်နေသောကြောင့် သစ်ရွက်သစ်ခက်များ အုပ်မိုးကာ အအေးဓာတ်ဝင်နေခြင်းဖြစ်သည်။

လရောင်က အရာရာကိုပက်ဖျန်းထားသကဲ့သို့ ရှိသည်။

အချို့သောသစ်ရွက်စိမ်းများမှာ နှင်းရည်လိမ်းထားသဖြင့် တပြောင်ပြောင် တလက်လက်။

လေနုအေးကလည်း မတိုက်တစ်ချက် တိုက်ဘာစ်ချက်။

မြေဘီသူ့းကျင်းထိုက်သည် လရောင်ကိုမြင်လိုက်သည်နှင့်....

'အူး....ဟူး....ဟူး'

'အီး...ဟီး...ဟီး'

'အား....ဝါး....ဝါး'

စသည်ဖြင့် အရူးကြီးတင်ယောက် သနားစဖွယ် အော်ဟစ်နေသကဲ့သို့ အော်နေသည်။

'လလ....ဟိုမှာ လလ'

'ခက်တော့တာပဲ၊ ဟိုမှာ ဘာဖြစ်လဲ၊ လသာနေတာပဲပေါ့၊ ခင်ဗျားက လကိုဘာလုပ်မလို့လဲ'

ကျင်စိတ်ကြီးက လှည့်ပြီးပြောဏ်။

စိတ်မရှည်သည့်ပုံ။

'လသာတော့ ကောင်းတာပေါ့၊ ဟား....ဟား....ဟား'

ကျင်းထိုက်က ကျင်စိကို ဂရုမစိုက်သည့်ဟန်နှင့် ပြန်ပက်လိုက်၏။

ကျင်စိမှာ အရူးမို့ ပြန်မဖြေချင်သည့်တန် ငြိမ်နေသည်။

www.burmeseclassic.com



သည်မှာ အနောက်က ကပ်လိုက်လာသော မိန်းမလျှာ အရိုးခြောက်လုပင်းက....

'ဒီလူကြီးကို ဂိုဏ်းချုပ်ကြီး ယွမ်စိမ်းဒန်က အခသမသတ်နဲ့ဦးပြောထားလို့ သာ၊သူ့အတွက်အလုံရှုပ် လွန်းလို့ အပြတ်ရှင်းပစ်ချင်တာကြာပြီ'

ဟု ပြောသည်။

'အေးကွ....ဒီလောက် ရှုးကြောင်ကြောင် ဖြစ်နေမှတော့ သူကိုင်ထားတဲ့ရောင်ပြန်ခေါးကိုမေးဖို့မလွယ်ဘူး'

လူဝကြီးနှစ်ဖက်သွားကျင်စီ ပြောလိုက်သော စကားတွင် ရောင်ပြန်ခေါး ဟူသော စကားကို ကြားလိုက်သဖြင့် ကျင်းထိုက်က ဆက်မသွားတော့ဘဲ ရပ်လိုက်သည်။

ထို့နောက်ထိုင်ချလိုက်သည်။

ထိုအခါ ရှေ့မှသံကြိုးစဆွဲသူ ကျင်စီမှာ ဆက်လျှောက်မရတော့။

'ဟား...ဒီလူကြီးတော့ ခက်တော့တာပဲ၊ ဟေ့လူကြီး၊ထ ဗျာ....ထ၊ ဆောက်တော့မယ်'

ဟု ချော့မော့ချော့ခေါ့ခေါ့ ပြောလိုက်သည်။

သို့သော်ကျင်းထိုက်ကမထ။



ပေကပ်ကပ် ထိုင်နေသည်။

'ဘယ်မှာလဲငါ့ခေါး၊ ရောင်ပြန်ခေါးလေ.... ရောင်ပြန်ခေါး၊ မင်းတို့ငါ့ခေါးကို ခိုးထားတယ် မဟုတ်လား၊ ပေး....ပေး၊ငါ့ခေါးကို အခုပေး'

★

www.burmeseclassic.com

# အခန်း (၄၀)

ထိုအခါ ကျင်စီရော လှုပင်းပါ အတော် အံ့ကြံအိုက်သွားသည်။

'ဟာ ကြောင်နေ ပြန်တာလဲဗျ၊ ခင်ဗျားရဲ့ ရောင်ပြန်ခွေး ခင်ဗျားဆီမှာပဲ ရှိရမှာပေါ့ဗျ၊ စကားမရှည်နဲ့၊ ထသွားမယ် အချိန်မရှိဘူး'

ဟု ပြောပြီး ဆွဲခေါ်သည်။

မြင်း တစ်ကောင်ကို ကြိုးဖြင့် ဆွဲခေါ် နေသည် နှင့်ပင် တူသည်။



'ငါ့ခွေးလား၊ ရှိတယ်လေ'

ထိုစကားကိုကြားလိုက်သော တောင်ပင့်ကူ ဂိုဏ်းသား သိုင်းသမားနှစ်ယောက် အတော်ဝမ်းသာသွားသည်။

ဂိုဏ်းချုပ်ကြီးမေးမရသောအချက်ကို သူ့ကိုမေး၍ရတော့သည်။

ဂိုဏ်းချုပ်ကြီးကို မျက်နှာပြကောင်းမည်ဟု တွက်သည်။

'ဟာ...တယ်ဟုတ်ပါလား၊ ရောင်ပြန်ခွေးရှိတယ် ဟုတ်လား၊ ဘယ်မှာလဲ ဘယ်မှာလဲ'

လှုပင်းက သူ၏ရှည်လျားလှသောခါးကျောကြီးကိုချိုး၍ ကုန်းပြီး အငမ်းမရမေးလိုက်လေသည်။

'ဟိုမှာ...ဟိုမှာ'

မြေဘီလူးကျင်းထိုက်က လပြည့်ဝန်းကြီးကို လက်ညှိုးညွှန်နေသည်။

ကျင်စီရော လှုပင်းပါ မော့၍ကြည့်သည်။

ကောင်းကင်ပြာတွင် တိမ်လွှာတိမ်ပါးအချို့ ရွေ့လျားမှန်းမသိ ရွေ့လျားနေသည်။

ငွေလဝန်းကား ပြည့်ဖြိုးဝိုင်းစက်စွာဖြင့် လင်းထိန်နေလေသည်။

သစ်ပင်ထိပ်ဖျား ကိုင်းတင်ကိုင်းမှာ လေဖြင့်တိမ်းတစ်ခါ ယိမ်းတစ်ခါရှိနေသည်။

www.burmeseclassic.com



ကျောင်းထိုက် လသာနေသည်ကို သက်ညိုးညှိုးပြနေမှန်း သိတော့မှ ကျောင်စိန်နှင့် လူပင်း အကြောင်းချိုက်ခံရမှန်း သိသွားပြီ။

'ဟား...နေသေတော့မှာပဲ'

ဟုပြော၍ သံကြိုးစကို ကျောင်စိကဆွဲလိုက်ရာ ကျောင်းထိုက် ကုန်းချွဲသည်ပြုပြီး ရုတ်တရက် ရှုန်း၍ ထွက်ပြေးလေတော့သည်။

တောင်ပင့်ကူကိုက်းသား သိုင်းသမား နှစ်ယောက်သည် ကျောင်းထိုက်၏ အမှတ်မထင်တိုက်ခိုက်ခြင်းကို ခံလိုက်ရသော ကြောင့် ရုတ်တရက် ကြောင်ခံနေသည်။

သတိရပြီး ထလိုက်ကြသောအခါကျောင်းထိုက်က အတော် ခပ်ဝေးဝေးသို့ ရောက်ရှိနေပြီ။

သို့နှင့်...



နှစ်ယောက်သား ကိုယ်ဖော့အားကိုသုံး၍ ပြေးလိုက်ကြရသည်။

မြေဘီလူး ကျောင်းတိုက်မှာ ခုတစ်ခေလာ ကျွန်းမာရေး ကောင်းသူမဟုတ်သောကြောင့် ရန်သူ့လက်မှ လွတ်အောင် ပြေးနိုင်ခဲ့ပေ။

နှစ်ဖက်သွားကျောင်စိက နှစ်ဖက်သွားဓားကြီးကို ရှမ်းခနဲ့ ဆွဲအောင် ထုတ်လိုက်ကာ...

'ဒီလိုလွယ်လွယ်နဲ့ထွက်ပြေးလို့ရမှာတဲ့လား၊ တောင်ပင့်ကူ ကျွန်းကို ဘာထင်လို့လဲ' ...

ဟု ပြော၏။

ထိုအခါ အနေပါ ဘက်တောင်ကုန်းမှ လုပင်းလည်းရောက် လာကာ ဝိုင်းထားလိုက်သည်။

'ဟား...ဟား...ဟား၊ မင်းတို့ကိုယ်မင်းထို့ တောင်ပင့်ကူ ကျွန်းသားတွေတဲ့လား၊ ထွက်ခဲ့လေ...ဘာလို့ ရပ်ကြည့်နေ ကြတာလဲ'

မြေဘီလူးကျောင်းတိုက်က ပြောပြောဆိုဆို သံကွင်းဆက် ကြိုးကို ဝေ့ယမ်းလိုက်သည်။

'ဝှီး...ဝှီး'

သံကွင်းဆက်မှာ လည်ခေတာ့သည်သည်။

အရှိန်မပြင်းလှပေ။

ဤသည်မှာ ကျောင်းထိုက်သည် အဘွင်းအား လေသကျင့်မှု ရှိသည်း မရှိ၊ ကျန်းမာရေးမကောင်းဘဲ ရှိနေသောကြောင့် ဖြစ်၏။

www.burmeseclassic.com



ကျောင်စိသည် နှစ်ဖက်သွားဓားကြီးကိုကိုင်လျက် တိုက်ခန်းထဲတို့ဝင်ရန် ချိန်နေသည်။

သူ့ ခေါးတွင်ရပ်ခနေသူမှာ လူစင်းဖြစ်သည်၊

## အခန်း (၄၁)

လှပင်းကလည်း မျက်တောင်မခတ်ကြည့်နေသည်။

'အရှမ်းမဝင်နဲ့ဟေ့၊ သူကသာမန်အရှူးမဟုတ်ဘူး၊ အဆင့်သိုင်းသမားအရှူး အကဲခင်သေးလို့မရဘူး'

ကျောင်စိက နှစ်ဖက်ဓားသွားကို ဓားအိမ်ထဲပြန်သွင်းလိုက်သည်။

ကျင်းထိုက်သည် သံကွင်းဆက်ကြိုးကို လက်အစုံဖြင့်ကိုင်၍ သည့်နေရာမှ ရပ်နားလိုက်လေသည်။

ဟန်ရေးပြ၍ ခြောက်လှန့်လိုက်သည့် သဘောဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အယ့်နှယ်ရှိစ၊ မင်းတို့တွေ ငယ်ပါသေးတယ်ကွာ၊ ငါ့
သိုင်းလောကကြီးကို ခါးစောင်းတင်လာတဲ့လူပါ'

ထိုစကားပြောနေစဉ် ကျင်စိက....

'ဟိတ်'

'ယား'

ဟု ငြာသံပေး လျှပ်တစ်ပြက် ခုန်၍လည်း ဝင်ပူးလိုက်
သည်။

ကျင်းထိုက်မှာ ခြေတွေလက်တွေကို သံကွင်းဆက်များနှင့်
ချည်နှောင်သော့ခတ်ထားခြင်းခံနေရသည့်အထဲ အခုလို ပိုး
ဖက်၍ ချုပ်ထားခြင်းကို ခံလိုက်ရသောအခါ သံကွင်းဆက်
ကြီးဖြင့် ဝေ့ယမ်းခုခံရန်မဖြစ်တော့။

သို့သော် ခန္ဓာကိုယ်အားဖြင့် တွန်းကန်ခြင်း၊ ကျင်စိ၏
လက်ကို ကုန်းကိုက်ခြင်းပြု၏။

ကျင်စိ၏လက်မောင်းက ကြွက်သားကို ကျင်းထိုက်က
ရရ ကိုက်ခဲထားလေသည်။

ထို့ကြောင့် လုပင်းမှာ ရှေ့ထွက်၍ ကူညီတိုက်ခိုက်ရန်
မဖြစ်တော့။

ရှေ့တိုးလိုက်သည်နှင့် ကျင်းထိုက်က တိုး၍ကိုက်၏။
အသားများ ပေါက်ထွက်ကုန်၏။

'အား'

ကျင်စိ၏လက်မောင်းအသားများတွင် သွေးများရိုက်ထ
ကာ သွေးများစီးကျလာလေပြီ။



သည်အတိုင်းသာဆိုလျှင်လက်မောင်းသားအသားစိုင်ဘိုး
တစ်တုံး ကျင်းတိုက်ပါးစပ်ထဲ ကျန်ခဲ့တော့မည် ဖြစ်သည်။

'အား...အား'

ကျင်စိကလည်း အသားအနာခံနေသည်။ ချုပ်ထားသော
လက်တွေကို မလွှတ်စသေး။

'လွှတ်လိုက် ကျင်စိ၊ လွှတ်လိုက်'

သို့သော် ကျင်စိက မလွှတ်သေးဘဲ ချုပ်မြဲချုပ်ထားသည်။
သွေးများက မြင်မကောင်း။

ကျင်းထိုက်၏သွားကြားကပင် ယိုစီးကျလာ၏။

သည်တော့မှ လုပင်းသည်ကိုယ်ဖော့အားကိုသုံး၍အပေါ်
သို့ ခုန်ပျံတက်လိုက်ပြီးနောက် အပေါ်မှအောက်သို့ ပြန်
အကျတွင် ကျင်းထိုက်၏ ခေါင်းကို မြင်းထန်လှသော ကန်
ချက် တစ်ချက် ကန်သွင်းလိုက်သည်။

'အွန့်'

မြေဘီလူးကျင်းထိုက် ခေါင်းငိုက်စိုက်ကျသွားလေတော့
သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက လှုပ်လှုပ်ရှားရှား၊
လူတွေ၊ လှည်းတွေ၊ မြင်းစီးသမားတွေ မြို့ချေး လမ်း၊ တစ်လျှောက် သွားလာလှုပ်ရှားနေသည်။
အထမ်းသမား၊ ဈေးသည်များသည် ဈေးဝယ်များကို အော်ဟစ်ခေါ်ကာ ရောင်းချနေသည်၊
ဈေးလမ်းတစ်နေရာတွင် ကလေး၊ လူကြီးများ ဝိုင်းအုံ လျက်ရှိနေသော ဈေးသည်မိသားစု ကခေးကစားစရာ အရုပ်များ အော်ဟစ်ရောင်းချနေသည်၊

ဖြူဖြူ ဝဝ ပျော်ပျော်ပါးပါးနေသည့်ဟန် ရှိသည်၊
လူကြီးက အသက်ငါးဆယ်ကျော်ပြီ။
အမျိုးသမီးကြီးကလည်း သူ၏ခင်ပွန်းနည်းတူ ပျော်ပျော် ရွှင်ရွှင် နေတတ်သည့်ပုံပင်။
သူ့ကိုတွေ့လိုက်လျှင် ပြုံးနေတတ်သည့်သာ၊
သမီးငယ်ကတော့ ခုမှ အသက်ဆယ့်ရှစ်နှစ် ဆယ့် ကိုးနှစ် လေ... ပင် ရှိဦးမည်၊
ဖြူဖြူတုတ်တုတ်လေးပင်၊
အိအိလေးဟုလည်း ဆိုနိုင်ပေသည်၊
သူမကလည်း သူ့မိဘနှစ်ပါးနှင့်အတူ လူတိုင်းကို အလေး မထားချင်။
တွေ့လိုက်ရမှဖြင့် နောက်သိုက်ပြောင်လိုက်ရမှ ရယ်ကာ မောကာနှင့် သူတို့ကား အခြားသူတွေမဟုတ်၊
ပိန်းချိုစန်၊ ကြာခါဖေးနှင့် ဖန်လိပန်တို့မိသားစုပါပေ၊



တောင်ပင့်ကူဂိုဏ်းချုပ်ကြီး ယွမ်စိမ်းဖန်က ရခေသကြီး ကွင်းထိုက်ကို ဖမ်းဆီးထားသည်ဆိုသော သတင်းစကား ကြောင့် သတင်းခြေရာခံရန် မြို့ပေါ်သို့ တက်လာခြင်းပင်။

★

www.burmeseclassic.com



ဖန်ချိစန်က သူ့စကားအဆုံးတွင် ဇနီးသည် ကြုံဝါဖေး လှမ်းပေးသော ကလေးကစားစရာ အရုပ်တစ်ရုပ်ကိုမြှောက်၍ ကိုင်ပေါက်ပြသည်။

အရုပ်ကလေးမှာ မြေကြီးပေါ်တွင် ခုန်ပေါက်သွားသလို မြေကြီးနှင့်ထိပြီး တစ်ဖန် မြောက်တက်လာသည်။

ဘာအပျက်အစီးမှမရှိ။

'တွေ့တယ် မဟုတ်လား။ ဘာဆိုဘာမှမဖြစ်ဘူး၊ ဘယ်လောက်မကောင်းသလဲ၊ ငယ်မလား၊ ဪ...ကြည့်မလို့လား၊ ကြည့်ပါ...ကြည့်ပါ'

ပိန်းချိစန်က ခေါက်ဆွဲကြော်ရောင်းနေသော ဈေးသည်တစ်ယောက်မို့ ခုလို ဈေးရောင်းရသည့်အတွက် ဘာအခက်အခဲမှ မရှိခဲ့။

သူ့ အခုငါ့ ဈေးခေါ်ကောင်းလေလေ လူတွေက ဝိုင်းအုံလာလေလေ ဖြစ်နေသည်။

အချို့က ကုန်ပစ္စည်းဝယ်လိုစိတ်ထက် သူ၏အပြောအဆိုအမူအရာကိုသဘောကျပြီး လာရောက်ထိုင်ပြီး နတ်ကရာကြည့်မော ငေးမောနေသူတွေ ရှိသည်။

'ကဲ...နင်တို့ သားအမိ ဒီမှာခဏနေခဲ့ကြဦး၊ ငါ ဟိုဘက်ခဏသွားလိုက်ဦးမယ်'

ပိန်းချိစန်က သူ့စိတ်ကူးနှင့်သူ ပြောလိုက်ပေမယ့် ဇနီးသည် ကြုံဝါဖေးက ဘဝင်မကျ။

'လုပ်ပြီ၊ မသိရင်ခက်မယ်'

ဟု ပြန်ပြောလိုက်သည်။

## အခန်း (၄၂)

ရှသေ့ကြီးကျင်းထိုက်မှာ ကြုံဝါဖေး၏အစ်ကို တော်ခ[illegible] သူဖြစ်လေရာ အစ်ကိုတစ်ယောက်လုံး အတိဒုက္ခရောက်နေ[illegible] အချိန်မျိုးတွင် မကယ်တင်၍မဖြစ်၊ ကယ်တင်ရမည်သား။

ဤသို့ ကြုံဝါဖေးက သဘောထားနေပြန်တော့လည်း ဖန်ချိစန်တို့သားအမ မနေသာ လိုက်လာခဲ့ကြရပြန်သည်။

'အရုပ်ကလေးတွေ၊ ထန်းလက် အုန်းလက်နဲ့ ရက်လု[illegible] ထားလို့ အထင်မသေးကြနဲ့နော်၊ သိပ်ခိုင်ခံ့တာ၊ ကြည့်[illegible] ကျုပ် ကိုင်ပေါက်ပြမယ်၊ ဘာမှမဖြစ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'နှင်ထင်သလို မဟုတ်ပါဘူးကွာ'

ဟုသာ ပြောပြီး ထွက်လာသည်။

ခြေဦးလှည့်လိုက်လည်းမှာ သက်ဘန္ဓာရောင် စားတော်ဆက် ဖြစ်သည်။

* • •

ပိန်းချိစန် ရောက်သွားသော အချိန်မှာ နံနက်ခင်း ဖြစ်သည်။

ထို့ကြောင့်လည်း အရက်သောက်သူဆို၍ စားပွဲတစ်လုံး တွင်သာ လူသုံးယောက်ကို တွေ့ရသည်။

တစ်ခြား စားသုံးသူ ညွှေ့သည်တွေ ကတော့ အရက် မသောက်။

အစားအသောက် များသာ မှာယူ စားသောက် နေကြ သည်။

ပိန်းချိစန်က ပါးနပ်သည်။



အရက်သမားလူစုတေး၍ စားပွဲကိုရွေးထိုင်သည်။

အရက်နှင့်အမြည်းကို စားပွဲထိုးအလာ မစောင့်ဘဲ ဆိုင်ထဲ ဝင်လာကတည်းက ဆိုင်ရှင်ကို မှာခဲ့သည်။

ထို့ကြောင့်လည်း အရက်သမား လူစုသည် စကားပြော ကောင်းနေသည်။

သူတို့အား၍ စားပွဲတွင် ပိန်းချိစန်လူကြီး ဝင်ထိုင်သည်ကို မသိလိုက်ကြ။

အရက်သမားလူစုမှာ တောင်ပင့်ကူဂိုဏ်းသားများ ဖြစ်ကြ သော ကျုံစိ၊ လူပင်းနှင့်ဖောင်းထု ဆိုသူတို့ ဖြစ်သည်။

လူပင်းက အရက်အိုးထဲက ယက်ကျန် အရက်ကို ဆကြည့် ပြီး....

'ဟေ....ဖောင်းထု၊ တို့ဒီအရက်လေ၃က်နဲ့ ရေချိန်ကိုက် ပါ့မလား'

ဟု မေးသည်။

ဖောင်းထုက....

'ဟုတ်တယ်၊ နောက်ထပ် အရက်တစ်အိုးလောက် မှာဦးမှ ထင်တယ်'

ဟု ဖြေသည်။

ထိုမှာ ကျုံစိ ဆတ်သားခြောက်ကင် အမြည်းကို စားး ရင်း....

'အလွန်အကျွံ မသောက်ကြနဲ့နော်၊ ဒီည တို့ဆီကို ဂိုဏ်းချုပ် ကြီးလာမယ်ကြားတယ်'

ဟု ပြောဆို သတိပေးသည်။

www.burmeseclassic.com

ထိုစကားကိုကြားလိုက်ရသော ပိန်းချိုစန်သည် ဟာ အားတက်သွားသည်။

တောင်ပင့်ကူဂိုဏ်းသားတွေနှင့်မှ ထိပ်တိုက် တိုးနေသဖြင့် ပျော်နေမိလေသည်။

'ဘာကိစ္စလဲ'

'တုံးလုံချည်ဟား ဖောင်းထုံရာ၊ ဟိုအရူးကိစ္စ ပဲပေါ့။ ခက်တာပဲ၊ ရောင်ပြန်ဓားကိုအရူးကြီးဖွက်ထားတယ် ထင်ပြီး အမျိုးမျိုးစစ်ဆေးနေတာ'

လှုပင်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

'နေစမ်းပါဦး လှုပင်းရဲ့ ဒီရောင်ပြန်ဓားက ဘာဓားမို့ ဒီလောက်လိုက်နေကြတာလဲ၊ ဘယ်လောက် အစွမ်းထက်နေလို့လဲ၊ နဂါးနိုင်ဓားမျိုးလား'

ဖောင်းထုံက မေးသည်။

'ဒီလောက်လိုက်နေကြတယ်ဆိုမှတော့ တစ်ခုခု စွမ်းလို့နေမှာပေါ့ကွာ၊ ဘာစွမ်းတယ်၊ ဘယ်လိုအသုံးချရတယ် ဆိုတာ သူတို့သိလို့ပဲနေမှာပေါ့'

တကယ်တမ်း ကျတော့ လှုပင်းသည်း ရောင်ပြန် ဓား အကြောင်းကို မသိ။

သည်မှာ ကျောင်းစိ လက်ထဲရှိအရက်ခွက်ကို မော့သောက်လိုက်ပြီး...



'တစ်ခုတော့ရှိတယ်၊ မြောဘီလူးကြီးကျင်းထိုက်စိတ်ကောင်း နေတဲ့အချိန်တုန်းက သိုင်းလောကကြီးကို ကောင်းကောင်း ကိုင်လှုပ်နေတာ အမှန်ပဲလေ'

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

'အဲဒီလိုအခြေအနေ ရောက်အောင် ပွဲပိုးနေတဲ့ အရာဟာ ဒီရောင်ပြန်ဓားကြောင့်လို့ ဆိုချင်တာလား ကျင်စိ'

'ဟုတ်တယ် ဖောင်းထု၊ အဲဒါအမှန်ပဲ၊ အခုကျင်းထိုက်လက်ထဲမှာ ရောင်ပြန်ဓားလဲ ပျောက်နေရော ကျင်းထိုက်ယဲ သိုင်းလောက အပြင်ကို ရောက်တော့တာဘဲမဟုတ်လား'

'ဒါနဲ့ ဂိုဏ်းချုပ်ကြီးက ကျင်းထိုက် လက်ထဲမှာ အဲဒီရောင်ပြန်ဓား ရှိရမယ် ဆိုပြီး အတင်းအဓမ္မ တောင်းနေတယ်ဆို'

'ဒါက အထင်ပါကွာ၊ ဒီအမျိုးကြီးကျင်းထိုက် တကယ်ဆာ [illegible]တွေးတယ်ဆိုရင် အခုလောက် အနှာခံမှာ မဟုတ်ဘူး....



'ဟာ...လုပင်းရေ၊ ရှုးနေပါတယ်ဆို၊ သူဘယ်ပြောနိုင်မှာလဲ'

'တော်စမ်းပါကွာ၊ ဒီအကြောင်းပြောရတာ ဦးနှောက်ခြောက်ပါတယ်'

'ဟုတ်တယ် ကျင်စိ၊ အရက်သောက်ရတာ ဇိမ်မရှိဘူး၊ အမြည်း ဆတ်သားခြောက်ကင် နောက်ထပ်တစ်ပွဲနဲ့ အရက်တစ်အိုး ပေးပါဦး၊ ဒီမှာရေချိန်ကိုက်ဖို့ နည်းနည်းလိုနေသေးလို့ပါ'

တောင်ပင့်ကူဂိုဏ်းသားတွေ ပြောသွားသောစကားတွေကို ပိန်းချီစန် အားလုံးလိုလို ကြားသိလိုက်ရပြီ၊

အခုချက်ချင်း မိန်းမကိုပင် ပြန်ပြောလိုက်ချင်သည်။

သို့သော် သည် တောင်ပင့်ကူဂိုဏ်းသား သုံးယောက်ကို ထက်လွှတ်၍မရတော့၊

သူတို့တွေ ဘယ်သွားလို့ဘယ်လာသည်ကိုသိထားမှဖြစ်မည်၊

သည်တော့ သူတို့နောက်က နောက်ယောင်ခံ လိုက်သွားဖို့လိုသည်၊

'ဒါပေမယ့် ဒါဒီမှာထိုင်စောင့်နေလို့ မဖြစ်ဘူး၊ အရင်ထွက်ထားမှဖြစ်မယ်'

ပိန်းချီစန်က စဉ်းစားပြီး ချက်ချင်းပင် အရက်စားပွဲကထသည်၊

ကျသင့်ငွေကို ဆိုင်ရှင်ထံသို့ တိုက်ရိုက် ငွေရှင်းပေးလိုက်သည်၊

၁၅

www.burmeseclassic.com

www.burmeseclassic.com



သက်တန့်ရောင်စားသောက်ဆိုင်ခန်းမှ ထွက်လာပြီး ဆိုင်နှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီး တစ်ပင်အောက်တွင် ထိုင်စောင့်နေသည်။

ထိုအချိန်၌ သက်တန့်ရောင်စားသောက်ဆိုင်တွင်မူ ကျင်စီတို့သည် တစ်ယောက်နှာ တစ်ယောက်ကြည့်ကာ ရယ်မောလိုက်ကြသည်။

'ဟော...ဖောင်းထုံ၊ မင်းကဘာကြောင့် တို့နှစ်ယောက် ရယ်တာကို လိုက်ရယ်ရတာလဲ'

'ငါသိလို့ လိုက်ရယ်တာပေါ့ကွာ'

'ကဲ...ပြော၊ ဘာလဲ'

'တို့နောက်စားပွဲက လူကြီးတစ်ယောက် တို့ကိုလာဈေးစမ်းနေတာ သဘောကျလို့ ရယ်တာပါကွာ၊ ဒီလောက်တော့



သိပါတယ်၊ ဒီလောက်မှမသိလဲ အခုလို တောင်ပင့်ကူဂိုဏ်းသားတစ်ယောက် မလုပ်ဘူး'

'တော်ပါကွာ၊ တော်ပါ၊ ဟုတ်တယ် ငှိုတောင်ပင့်ကူဂိုဏ်းသားတွေဟာ တောင်ပင့်ကူ အဆိပ်ပြင်းသလို တိုကလဲရာရာမှာ ပြင်းပြင်းထန်ထန် သိရှိနားလည်ထားရမယ်'

'ဒီလူကြီး တို့ကို တစ်နေရာက စောင့်ကြည့်နေဦးမှာ သေချာတယ်၊ မယုံရင်းမင်းထွက်ကြည့်'

လှပင်းက ထကြည့်သည်။

ကြည့်ရာမှ ပြန်လှည့်လာသောအခါ...

'အေး...ကျင်စီပြောတာမှန်တယ်၊ ကဲ...ဒီလိုဆိုရင် ဘာလုပ်ကြမလဲ'

'လွယ်ပါတယ် ဖောင်းထုံရ၊ အခု တို့အပြင်ရောက်တာနဲ့ တစ်ယောက်တစ်လမ်း ဦးတည်ပြီး လျှောက်သွားမယ်၊ ဒါဆို ဒီလူကြီး ဘယ်သူ့နောက် လိုက်ရမှန်း မသိတော့ဘူးပေါ့ကွာ'

'ဒါဖြင့်သွား၊ ဘယ်ဂိုဏ်းသားလဲဆိုတာ မစစ်ဆေးတော့ဘူးလား'

'ဘည်နေမှာလဲကွာ၊ ကဲ...လာ သွားကြစို့'

သို့နှင့် တောင်ပင့်ကူဂိုဏ်းသား သုံးယောက် တစ်ယောက်တစ်လမ်း ဦးတည်လျှောက်လာကြသည်။

ပိန်းချိုစန်မှာ လိုက်ရမည့်သူ ၃၀ ခွဲမရတော့။

သို့နှင့် အလယ်လူဖောင်းထုံ နောက်သို့သာနောက်ယောင်ခံလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့အထွက်သချိုင်းအနီးသို့ရောက်သည်နှင့်ကျင်စိကနွေး
သို့ဖျတ်ခနဲလှည့်လိုက်ထာ....

'မိတ်ဆွေက ကျုပ်တို့နောက်ကို ဘာကြောင့် နှေး
ယောင်ခံလိုက်လာရတာလဲ'

ဟုမေး၏။

## အခန်း (၄၄)

'ဟား....ဟား ..ဟား....'

ပိန်းချိစန်နောက်မှရယ်မောသံနှစ်သံ တစ်ပြိုင်တည်းကြား
လိုက်ရသောကြောင့် လှည့်ကြည့်လိုက်သည်။

လုပင်းနှင့် ဖောင်းထု တို့ နှစ်ယောက်သား သိုင်းကွက်
အနေအထားပေါ်တွင် ရပ်၍ကြည့်နေသည်။

ပြီးတော့မှ တဖြည်းဖြည်းချင်း ရှေ့သို့လျှောက်လာသည်။

'တောင်ပင့်ကူဂိုဏ်းသားတွေကို ဒီလိုလုပ်လို့ မရဘူးလေ၊
ဆဲ....ပြော မင်းဘယ်သူလဲ၊ ဘယ်ဂိုဏ်းကလဲ၊ ဘာလာလုပ်တာ
လဲ'

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ပိန်းချိစန်က ဘာမှပြန်မပြောဘဲ ခါးကဓား ကို ဆွဲထုတ်မည်အပြု အနီးသို့ အရိပ်ထရိပ်ရိပ်ခနဲရောက် သည်။

မြန်လိုက်သည့်ကိုယ်ဖော့အား၊ ဝင်ရောက်ပူးကပ်လိုက်မှု ဓားထုတ်ချိန်ပင် မရလိုက်။

ထို့နောက်လုပင်းက ပိန်းချိစန်၏နောက်ကျောရိုးသုံး ရာလောက်ကိုသာ လက်ညှိုးဖြင့်စမ်း၍နှိပ်လိုက်သည်။

ပိန်းချိစန်မှာ အငိုက်မိလေပြီ။

သည်တော့ သူသည် ကျောတွင် ကျဉ်ခနဲ ခံစားလိုက် ပြီး မျက်လုံးများ ချက်ချင်း မှေးစင်းသွားပါတော့သည်။

အကြောပိတ်ခြင်းခံလိုက်ရချေပြီ။

* * *

တောအုပ်သည် ကျောက်တုံး ကျောက်ခဲများပြွမ်းလျက် ရှိလော တောအုပ်တစ်အုပ်ဖြစ်သည်။

ကျောက်တုံး ကျောက်ခဲများ ပေါခြင်းကြောင့် ဖြစ်နိုင် သည်။



စမ်းရေသည်မြစိမ်းရောင်သန်းယှက်ပြီးတသွင်သွင်စီးဆင်း နေသည်ကို တွေ့ရ၏။

သည်မှာ အမျိုးသမီးနှစ်ဦး။

အခြားသူတွေမဟုတ်။

ကြူဝါဖေးနှင့် ဖန်လီစန်တို့ သားအမိဖြစ်သည်။

သူတို့သားအမိသည် မကာရသေးမီ မီးကန္တလန့်ကာ ချခဲ့ သော အဖြစ်မျိုး ကြုံနေရသည်။

ဖခင်ကြီးကို ရှာမရတော့။

လုံးဝအစမပျောက်နေပြီ မဟုတ်လား။

သို့နှင့် တောင်ပင့်ကူဂိုဏ်းသားတွေလက်ဦးမှ ခိုလိုက်ရပြီ အထင်နှင့် သည်သားအမိ သည်တော့ သည်တောင်ကိုအမြန် ဆုံးလိုက်လာခဲ့ကြရပြီ။

သည်မှာ သူတို့သားအမိ အမှတ်မထင် တွေ့လိုက်ရသူကား ပါကြိုးဝါ လုဖန်ရှိ။

သည်တစ်ခါ သူမတစ်ယောက်တည်း။

'ရှင်တို့နှစ်ယောက်က သားအမိလား၊ ဒီတောကို ဘာ ကြောင့် ရောက်လာတာလဲ'

ကြူဝါဖေးရော ဖန်လီစန်ပါ အဖြေမပေးဘဲ ငြိမ်ခနေ သည်။

အမှန်တိုင်းပြောရကောင်း၏၊ မကောင်း၏ စဉ်းစား၍နေ သည်။

'ကျုပ်မေးနေတာကို ကြားပါတယ်နော်' ကြူဝါဖေးက သက်ပြင်းတစ်ချက်ကို ချလိုက်ပြီ'....

www.burmeseclassic.com

www.burmeseclassic.com



'ကြားပါတယ်၊ ဒါပေမယ့် ကျုပ်တို့ဘယ်သူ့ဘယ်ဝါဘာ့ကြောင့်လာတယ်ဆိုတာ မပြောနိုင်ဘူး၊ ဒါက ကျုပ်တို့ ကိုယ်ရေးကိုယ်တာပဲ'

သည့်တော့ ဖဲကြိုးဝါက...

'တင်း...ဟင်း...ဟင်း'

ဟု နှုတ်ခမ်းလှာ မပွင့်တပွင့်လုပ်၍ ရယ်သည်။

'ဒီကျောက်တစ္ဆေတောအုပ်ထဲကိုဝင်လာသမျှဒီလို ဆက်ဆံလိုက်တော့ အမြန်လမ်းမှာ အသက်နဲ့ကိုယ်အိုးစားကွဲသွားကြရတယ်ဆိုတဲ့ ကျောက်တစ္ဆေပုံပြင်ကိုမကြားမိဘူးထင်တယ်'

'ဩော်...ဩော် ကျောက်တစ္ဆေတောအုပ်ကဒီလိုပဲလား၊ အဆိပ်ရှိတဲ့ သားရဲ တိရစ္ဆာန်တွေ ပေါလို့ ဆိုပါတော့၊ ဒီလိုဆိုလို့ကတော့ ကျုပ်တို့က မုဆိုးတွေပဲကွယ့်'

'ဟား...ဟား...ဟား မုဆိုးမတွေလား'

သည့်တော့ ကြိုးဝါဖေးအမျက်စ၍ ထွက်သည်၊

မျက်ထောက် နီရဲသွား၏။

လက်ချောင်းတွေရှိ ကြွက်သားတွေ လှုပ်ရှားလိုက်သည်။

ကြိုးဝါဖေးလှုပ်ရှားသမျှ အနောက်ဘွင်ရပ်နေသော ဖန်လိုရန်က စောင့်ကြည့်နေသည်။

'ဒီမှာ ကျုပ်အေးအေးဆေးဆေးပြောတာ ရှင်တို့ဒီနေရာက လှည့်ပြန်ပါ'

'မပြန်ဘူးဆိုရင်ကောကွယ်'

ထိုအခါ ဖဲကြိုးဝါလုဖန်ရဲဒေါသထွက်သွားပုံရသည်။

စေ့စေ့ကြည့်လိုက်သည်။



'ရှင်က သေချင်ပြီထင်တယ်'

ဟု ပြော၍စကားမဆုံးမီ ဘယ်လက်ကို လျှပ်တစ်ပြက် လှုပ်ရှားကိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

'ဝုန်း'

ဖဲကြိုးဝါ၏ ညာဘက်လက်ဝါးသည် ရှေ့သို့ တန်းတန်းမတ်မတ် ထွက်လာသည်။

ထိုလက်ဝါးသည် ကြုံဝါဖေးရင်ဘတ်ဆီသို့ ဦးတည်သွားခြင်းဖြစ်သည်။

အကယ်၍ ဖဲကြိုးဝါ၏ ရိုက်ချက်လည်း ချိန်မှတ်တည့်တည့်ကို ရိုက်မိမည်ဆိုပါလျှင် ကြုံဝါဖေး၏ရင်ဘက်သည်နှစ်ခြမ်းအက်ကွဲသွားနိုင်သည်။



သို့သော် ကြုံဝါဖေးက အချိန်မီ ဘယ်ဘက်လက်ဝါးကို အတွင်းအားစုစည်းပြီး ရှေ့ထုတ်လိုက်လေရာ အားနှစ်အားရိုက်မိသည်နှင့် ဝုန်းခနဲ မြည်ဟိန်းကာ နှစ်ယောက်စလုံးနောက်ကိုခြေသုံးလှမ်းမျှ လွင့်သွားသည်။

'အမယ်…လတ်စသတ်တော့ သိုင်းသမားအကျော်အမော်ကြီးတွေ ထင်ပါ့၊ နဒမည်ကလေး တစ်ဆိတ်လောက် ပြောထားပါဦး'

'ကျုပ် ဘယ်နှစ်ခါပြောရမှာလဲ၊ ကျုပ်တို့ကိုယ်ရေးကိုယ်တာ ကိစ္စကို မပတ်သက်စေချင်ဘူး၊ သိစရာ မလိုဘူးဆိုတဲ့စကား၊ ဒီတော့ ကျုပ်နဲ့ကျုပ်သမီးသွားမယ့်လမ်းမှာအကာအဆီးမလုပ်ဖို့ ကျုပ်ကလဲ အေးအေးဆေးဆေး ပြောချင်တယ်'

ထိုစကားကိုကြားလိုက်ရသောအခါ ဖဲကြိုးဝါ တစ်ချက်မဲ့ပြုံး ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ ဒီလိုဆိုရင်လဲ ရှင်တို့သားအမိဘာလဲကိုယ့်အလုပ်ကိုယ်သွပ်ပြီး ကျုပ်ကလဲ ကျုပ်အလုပ် ကျုပ်လုပ်ရသေးတာပေါ့'

ဟုပြောကာ ဖဲကြိုးဝါတ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်သည်။

လှုပ်ရှားမှုက မြန်လွန်းသဖြင့် လင်းခနဲသက်ခနဲမျှသာ မြင်နိုင်သည်။

'ဝှစ်'

www.burmeseclassic.com



ဖဲကြီးဝါလုဖန်ရဲ၏ လှုပ်ရှားမှုမှာ ညာလက်ကိုထုတ်၍ ဘယ်ဘက်ဝတ်ရုံတွင်းရှိ ဓားပျံတစ်လက်ကို နှုတ်ယူကာ ကြုံဝါဖေး လည်မျိုကို ပစ်သွင်းလိုက်ခြင်းဖြစ်သည်။

ဓားပျံသည် လေထုကို ဖောက်ထွင်းတိုးခွဲ ပြေးဝင်လာသော်လည်း ကြုံဝါဖေးက လက်ထဲတွင်အသင့်ကိုင်ထားပြီးဖြစ်သော သံဇကာယပ်တောင်ကို ဖွင့်၍ ကာကွယ်ခတ်ထုတ်လိုက်လေရာ....

'ထန်း'

ဓားပျံနှင့် သံဇကာယပ်တောင် ထိခတ်သံသည် ဆက်တိုက်ပေါ်ထွက်လာ၏။

ထို့နောက် ဓားပျံက လာရာလမ်းအတိုင်း ခေါက်ချိုးကွေ့၍ ပြေးဝင်သွားပြန်ရာ....

'ဟိတ်'

ဖဲကြီးဝါလုဖန်ရဲမှာ မိမိဓားပျံနှင့် မိမိသေရတော့မည်ဖြစ်သဖြင့် ကိုယ်ဖော့ပညာကိုသုံး၍ အမြင့်သို့ခုန်တက်သွားရချေပြီ။

ဖဲကြီးဝါလုဖန်ရဲ၏ ခန္ဓာကိုယ်မြောက်တက်သွားပြီး ပြန်အကျတွင် ကြုံဝါဖေးက တိုက်ကွင်းသို့ခုန်ဝင်ကာ လက်အစုံကို ဆန့်ထုတ်လိုက်သည်။

ထို့နောက် ကျောကိုကော့ညွတ်စေပြီး ခြေထောက်များကို ရှေ့သို့ [illegible] ဆန့်ထုတ်လိုက်သည်။

သည်တိုက်ကွက်ကတော့ ကြုံဝါဖေးအဖို့ အချည်းနှီး ဖြစ်သွားသည်။



အကြောင်းမှုကား ဖဲကြီးဝါလုဖန်ရဲက လျင်မြန်သော အဟုန်ဖြင့် ချာခနဲလှည့်ကာ ကြုံဝါဖေးအား လှမ်း၍ရိုက်ချလိုက်သောကြောင့်ဖြစ်သည်။

သည့်နောက်တော့ အဆင့်မြင့်သိုင်းသမားနှစ်ယောက်တို့သည် ဘယ်ညာတိုက်ကွက်ညီညီ သိုင်းကွက် ငါးကွက်တိတိ တိုက်ခိုက်၏။

ထိုမြင်ကွင်းကိုမြင်နေရသော ဖန်လီစန်မှာ အထိတ်တလန့်ဖြင့်သာ ကြည့်နေနိုင်သည်။

မည်သို့ ဝင်ရောက်တိုက်ခိုက်ရမည်မသိ ဖြစ်နေသည်။

'ဝုန်း....ဝုန်း'

လေထုဖြို့ခွဲရိုက်ခတ်သံများ ဆက်ကာဆက်ကာ ပေါ်ထွက်နေသည်။

ဖန်လီစန်သည် သူမ၏မိခင်အား ဘဝတစ်လျှောက်လုံး ရိုးပေါ်ပေါ်မြင်လာခဲ့ပါလျက် အခုလိုအဆင့်မြင့် သိုင်းပညာမျိုးဖြင့် ခုခံတိုက်ခိုက်နေသည်ကို တွေ့လာသောအခါ အံ့သြခြင်းမှ အံ့သြနေမိပေတော့သည်။

မည်သို့ဆိုစေ....

ဖဲကြီးဝါလုဖန်ရဲအဖို့ကတော့ ကြုံဝါဖေးကိုအမျက်သို့လာသည်။

အလွယ်တကူ တိုက်ခိုက်အနိုင်ယူမည့် အတွေးမှာ ခုတော့ ပျက်သွားပြီ။

ဖဲကြီးဝါ သိုင်းကွက်ကို အသုံးပြု၍ တိုက်ခိုက်ရတော့မည့် အခြေအနေပေတကား။

www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်ရောက်ကာမှ ဖန်လီစန့်က လုဖန်ရဲ့ ထွေးနှုံ့ပြီ အမှတ်ဖြင့် နောက်ဘက်မှလက်နက်ပုန်းဖြင့် ပစ်ခတ်ကာ တိုက်ကွင်းအဘွင်းသို့ ဝင်လိုက်သည်။

ဖန်လီစန်၏လက်နက်ပုန်းမှာ လုဖန့်ရဲ့ဆီသို့ပင် မရောက်။ သူ့ထံသို့ပြန်လာသည်။

ပြီး လက်ခမောင်းကို စူးစိုက်ဝင်သွားသည်။

'အင့်....အား'

ဖန်လီစန်မှာ မတ်မတ်ပင်မရပ်နိုင်။ ဒူးညွှတ်ကျသွားတော့သည်။

စင်စစ် ဖန်လီစန်၏လက်နက်ပုန်းသည် ဖဲကြိုးဝါ၏နောက်ကျောသို့ ဦးတည်သွားသည်ကား မှန်သည်။

သို့သော် လေဟိုးသံမှ ကြားသိနေသော ဖဲကြိုးဝါက တန်ပြန် လက်နက်ပုန်းများကို အချိန်မီထုတ်နှုတ် သိမ်းလိုက်လေရာ မျှော်လင့်မထားသော ဖန်လီစန်မှာ ဖဲကြိုးဝါ၏လက်နက်ပုန်းကို မရှောင်သာဘဲ ဖြစ်သွားရခြင်းပင်။

သွေးများက ဘတ်စုံဖြူကို စွန်းထင်သွားချေပြီ။

'သမီး စန်'

ကြုံဝါဒဖးက ဘဝိနေရာမှ စိုးရိမ်စာကြီး လှမ်းခေါ်လိုက်သည်။

သားသမီးခဇာတက်နေသော ကြုံဝါဖေအား ဖဲကြိုးဝါ လုဖန့်ရဲ တိုက်ခိုက်ဦးမည်ဆိုသျှင် ခုလိုအချိန်မျိုး ပွဲသိမ်းတိုက်ကွက် ဆင်နိုင်သည်။

စလောက်အထိ လုဖန့်ရဲ စိတ်ယုတ်မာမဲ့ခွမ်းခဲ့၊



ထို့ကြောင့် အခြေအနေကို စောင့်ကြည့်နေစဉ်....

'နေကြပါဦး....နေကြပါဦး'

ဟု အော်ပြောလိုက်သောအသံက သစ်ပင်ကြီးများနောက်ရှတ်တရက်ထွက်ပေါ်လာသည်။

အားလုံး အသံရှင်ကို လှည့်ကြည့်လိုက်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၈)

သစ်မင်ကြီးများနောက်ကွယ်မှ တိုးထွက်လာသူမှာအခြား
လူမဟုတ်၊

စုချီမင်း၊

'ဟင်...စုချီမင်းပါလား'

ဖဲကြိုးဝါ လုဖန်ရဲသည်စုချီမင်းကို မီးအိမ်နီဂိုဏ်းချုပ်ကြ
ကောင်းကင်နဂါး ဖန်ယင်မင်း၏သားမှန်း သိသော်သည်
မိုးမျှနဂါး ပိုက်ချန်းထန်ကို အကြောင်းပြု၍ သံယောဇဉ်
နေခြင်း ဖြစ်သည်။



စုချီမင်းက အနီးရောက်လာပြီး ပုံလဲပြီး ညာဘက်လက်မောင်းတစ်ဖက်လုံး မြင်မကောင်းအောင် သွေးများခြင်းခြင်းနီရဲနေသည့် ဖန်လိစန်ကိုတွေ့သွားသဖြင့် အတော်စိုးရိမ်မကင်းဖြစ်သွားကာ....

'ဟာ....မှားကုန်ပြီထင်တယ်'

ဟုပြောရင်း ဖန်လိစန်၏ ဒဏ်ရာအခြေအနေကို ကြည့်နေသည်။

လက်မောင်းကို လက်နက်ပုန်းရှပ်မှန်သွားမှန်း သိရတောမှ သူ့ရင်ထဲ အေးသွားပုံရသည်။

သို့နှင့် သူသည် ထက်စုံထဲမှ ဒဏ်ကြေဆေးလုံး အနီသေးတစ်လုံးကို ဖန်လိစန်၏ပါးစပ်ထဲပစ်ထည့်၍ ကျွေးလိုက်၏။

ပြီး ထရပ်ကာ လုဖန်ရဲကိုကြည့်ပြီး....

'သူတို့ဟာ ကျွန်တော့် မိတ်ဆွေတွေပါ ဖန်လုရဲ၊ လူကောင်းတွေပါ'

ဟု ပြော၏။

ဆိုအခါ....

လုဖန်ရဲက....

'ငါလဲ တိုက်ခိုက်ဖို့အထိ မရည်ရွယ်ပါဘူး၊ မေးပါခဲ့သေးတယ်၊ သူတို့က....'

ဟုပြောကာ လုဖန်ရဲ ဆက်သက်၍ပြောပြရန် အခက်တွေ့နေသည်။

www.burmeseclassic.com



သည်မှာ ကြုံဝါဒဖေးက ဖန်လိစန်အား ပွေ့ဖက်၍ထား ရာမှ....

'ကျုပ်အပြစ်ပါကွယ်'

ဟု ပြောကာ ခင်ပွန်းသည် ပိန်းချိစန်အား တောင်ပင့်ကူဂိုဏ်းသားတော့ ဖမ်းသွားသည်ထံ၍ လိုက်လာကြသည့်အကြောင်း ရှင်းလင်းပြောပြလေ၏။

'ဒါဆိုရင် ကျွန်မနဲ့အရင်တွေလို ဘေါ်ဒသားတာပေါ့၊ ကျွန်မတူမ ဗျပ်ခစာင်းသခင် ချန်ရိဖန်နဲ့ ခတွေရင် မလွယ်ဘူး'

'ဟုတ်တယ်အဒေါ်၊ ချန်ရိဖန်ကို အခေါ်သိဘယ်မဟုတ်လား၊ တောင်ပင့်ကူဂိုဏ်းချုပ်ကြီး ယွမ်စွမ်းဖန်ရဲ့သမီးဆိုတာ သူကကြမ်းတယ်၊ လူငယ်လဲလူငယ် မဟုတ်သား၊ ကျွန်တော်ကိုတောင် လာတိုက်ပါသေးတယ်'

စုချိမင်းက ကြားဝင်ပေးသည်။

'ကောင်းပြီလေ...အစ်မကြီး ကြုံဝါဒဖေး အန္တရာယ်များပါတယ်၊ ဆက်မသွားပါနဲ့၊ ကျောင်းကိုက် အဖမ်းခံထားရတဲ့ကိစ္စကို ကျွန်မပဲ တာဝန်ယူ စုံစမ်းပေးထားပါမယ်'

'ဒီအကြံကောင်းတယ်၊ ဒမလှဖန်ရဲ အခနနဲ့ အဘွင်းကိုဝင်နိုင် တွက်နိုင်ဆိုတော့ ပိုပြီးအဆင်ပြေကာပေါ့'

ဟု စုချိမင်းက ပြောပြန်သည်။

'ကောင်းပါတယ်ကွယ်၊ အခုလိုဆိုရင်တော့ သင့်သလိုလုပ်ကြတာပဲ ကောင်းပါတယ်၊ ကဲ...တို့ ဒီကလှည့်ပြန်ကြစို့.'



ထို့နောက် စုချိမင်းက ဖန်လိစန်ကို ဝင်၍တွဲခေါ်လေသည်။

နေရောင်ခြည်ပင် ဖျော့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၇)

ကျောက်တစ္ဆေ တောအုပ်အတွင်းသို့ ဖန်လီစန်ဝင်လာ
ဘာမှမကြာသေး၊ တောကထင်သည်ထက် ပို၍နက်ရှိုင်း
သည်။

သည်ကနေ့ ပဲကြီးဝါလုဖန်ရဲနှင့်တွေ့ရမည်ဆို၍ ဖန်လ
ထွက်လာခဲ့ခြင်းပင်။

အမှန်တော့ သည်ခရီးကို မိခင်ကြီး ကြုံဝါဖေးသွား
ဖြစ်သည်။

သည်ကနေ့ကျကာမှ မိခင်ကြီး ကြုံဝါဖေးက ကော
ကာ ငင်ကာ ဖျားနေသည်။ ဆေးပင်သောက်ရသေးသ
ထို့ကြောင့် မိခင်ကြီးဆေးတိုက်ပြီး ကျောက်တ
တောအုပ်အတွင်း တစ်ယောက်တည်း ဝင်လာသည်။



အကယ်၍ စုချီမင်းရှိနေလျှင်လည်း သူသည် သည်ခရီးကို
သွားရမည်မထင်။

ဖန်လီစန်က မိန်းကလေးဆိုပေမယ့် အဆုရာကို စူးစမ်း
င်သည်၊ လေ့လာချင်သည်။

သည်လိုအလုပ်မျိုး ဘယ်သောက်လုပ်ရလုပ်ရပျော်သည်၊
ပျော်စရာအလုပ်မျိုးဟု သူထင်သည်။

ဖန်လီစန်သည် တောအုပ်ဟိုဘက်ဖက်မှ ရေတံခွန်သံ
သြား၍ လှမ်းလာသောခြေလှမ်းများကို ရပ်တန့်လိုက်သည်။

သည်လို ခြေလှမ်းများ တန့်ရပ်လိုက်သောအခါမှာတော့
တေးသီချင်းတစ်ပုဒ် ပျံ့လွင့်လာသည်။

တေးသီချင်းမှာ ရှေးဟောင်းတေးသီချင်းတစ်ပုဒ် ဖြစ်
သည်။

တောတွေ တောင်တွေ၊ သဘာဝပန်းတွေ၊ ကျေးငှက်
တွေ၊ ရေတံခွန်စိမ့်စမ်းတွေ၊ တိမ်တွေ၊ လေးညင်းနှင်းနုတွေ
သည်လိုပတ်ဝန်းကျင်မှာ မင်းရှိပါစေ၊ ကြိုနေပါစေ။

မင်းမရှိတောင် မင်းရဲ့ဝိညာဉ်လေးရှိပါစေ၊

သီချင်းသံနှင့်အတူ ဗျပ်စောင်းသံကို ကြားရသည်။

ဖန်လီစန်သည် ပထမ အမှတ်မထင် နားထောင်နေမိ
သည်။

သာယာသောအသံမို့ လူသားပီပီ ခံစားချင်သည်၊
ခုလို ပတ်ဝန်းကျင်မှာဆိုတော့ ပိုလို့ခံစားချင်သည်၊
သီချင်းဆိုသံ ပျောက်သွားပြီးနောက် ဗျပ်စောင်းသံကို
သည်း ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗျပ်စောင်းသံသည် စပြီးကြွားရစဉ်က အနုပညာသအေ
သတာဝတွေ သက်ဝင်နေသည်။

နောက် ထိုသတ္တဝ သဘောတွေကို မခံစားရတော့။ဂီ
သံမှာ ကြွမ်းတမ်းလာသည်။ဂီတသံဟုပင် ပြောရန်ခက်ယ
သည်။

ဗျပ်စောင်းတီးခတ်သံများကား မိုးတောင်ကချုန်းသ
မိုးလုံးပြည့်မြည်ဟည်းသောအသံတွေလို ဖြစ်လာသည်။

ထို့နောက် ရုတ်တရက် ဂီတသံများ ပြတ်တောက်သွ
သည်။

နောက်ဆက်တွဲ ကြားလာရသည်မှာ အသံတစ်သ
သစ်ရွက်သစ်ခက်တွေကြား တိုးဝှေ့လာသောအသံ၊မည်သ
အသံများလဲ အတွေးရောက်ဆဲ။

'ခြေသံ...ဖန်လီစန်ဆိုတာ မင်းကို တိုက်ရမှာတော့ အား
နာလိုက်တာ'

'ကောင်ပင့်ကူဂိုဏ်းသားတွေဟာ ဒီလိုကြွားကြွားဝါဝါ
ပြောတတ်ကြတယ်'

'ဟေ ....ဖန်လီစန်၊ နင့်ပါးစပ် မိတ်ထားလိုက်စမ်း'

ချန်ရိဖန်က သူမအပေါ် ဖဲကြိုးဝါ လုဖန်ရဲ ကြိုးပြေ
ထားသည့်အတိုင်း ကြမ်းလှန်းသည်။

သူမမျက်နှာကိုက ကျောက်တုံး ကျောက်စိုင် တစ်ခု
မာကျောလှန်းသည် ထင်ရ၏။

'နင်တို့အခုတွေ့လုပ်နေတယ်ဆိုတာ ငါအကုန်သိတယ်'



'သိရင် ပိုကောင်းတာပေါ့၊ ပြောပြစရာ ဘာမှ မလိုတော့
ဘူး'

'ဟုတ်ပေမယ့် ပြောပြစရာလိုဘူး၊ အခု ပြောပြချင်သေး
တာက နင့်ဘကြီးရဲ့ ရောင်ပြန်မှန်ကိုစွဲ၊ ဒီရောင်ပြန်မှန် အခု
ဘယ်မှာလဲ၊ ဒါကိုသိချင်တယ်'

'ဘယ်သိမှာလဲ၊ ငါတို့အခုလို အလုပ်ရှုပ်နေတယ် ဆိုတာ
ရောင်ပြန်မှန်ကိစ္စ ဟုတ်ဘူး၊ ငါတို့ဘကြီး ကျင်းဆိုက်ကိစ္စ၊
အခုနေတော့ ငါတို့အဖေ ပိန်းချိစန့်ကိုပါ လာရှာတဲ့ကိစ္စ ရှင်းပြ
လား'

'နင်တို့ဘာပဲပြောပြော ယုံရခက်တဲ့သား၊ ကဲ...ဘယ်မှာ
လဲ မှန်ရောင်ပြန်'

'မသိပါဘူးဆိုနေ၊ ဘယ်လဲခက်ပါလွား'

'နောက်နေပြောင်နေတာ မဟုတ်ဘူးနော်'

'ဘယ်ကရော နောက်ပြောင်နေလို့လဲ'

'ချန်ရိဖန့်ကို အခုလောက် ခွန့်တုံ့ မခံ ပြန်ပြောနေပုံ
ထောက်တော့ ချန်ရိဖန်အကြောင်း မသိသေးဘူးထင်တယ်၊
ကဲ... ကဲ'

ဟု ပြောပြီး နောက်ထင်တီးသုံးတစ်ပုဒ်ကို တီးလိုက်လေ
သည်။

သူမ ဗျပ်စောင်းတီးခတ်ခြင်းမှာ အတွင်းအားလေ ကျင့်
မှု တစ်ခုဟု ဖန်လီစန် သိထားသည်။

သည်စကားကို စချီမင်း ပြောဖူးသည်။

www.burmeseclassic.com



သို့နှင့် ဖန်လီစန်သည် ခုန်ဝင်ကာ ချန်ရှိဖန် တီးခတ်နေသော ဗျပ်စောင်း၏ ကြိုးစများကို ခြေအစုံကန်ချက်ဖြင့် ဖြတ်တောက်ပစ်လိုက်သည်။

'ဒင်....ဒင်....ဒု''

ဗျပ်စောင်းကြိုးစအချို့ ပြတ်တောက်သွားချေပြီ။

ထိုအခါ ချန်ရှိဖန် အမျက်ဒေါသတွေ ခြောင်းခြောင်းထွက်ကာ မျက်နှာတစ်မျက်နှာလုံး နီမြန်း ရဲ၍လာသည်။

မျက်လုံးတွေက အရောင်တဝင်းဝင်း။

သို့နှင့် ချန်ရှိဖန်သည် ရှေ့သို့ဝုန်းခနဲ ခုန်ပျံထွက်လာသည်။

ဖန်လီစန်၏ တိုက်ကွင်းထဲသို့ ရောက်နေပြီး သိုင်းကွက်အသင့်အနေအထားနှင့် စောင့်ကြိုနေသည်။

'ရှင်က အလာကြီးပါလား'

ချန်ရှိဖန် ပြောပြောဆိုဆို ဘယ်လက်ကိုဟန်ပြ၍ ဖန်လီစန်က ခုခံကာကွယ်နေစဉ် ညာလက်ဝါးဖြင့် ဖန်လီစန်၏ပါးကို ရိုက်လိုက်သည်။

ဖန်လီစန်မှာ အသိနှောက်ယှက်သွားပြီ။

ပြန်လည်တိုက်ခိုက်ချိန် မရ။

ခန္ဓာကိုယ်သည်ပင် ဝဲယာဘက်သို့ လည်ထွက်သွားသည်။

ထိုအခါ ဖန်လီစန်၏ နောက်ကျောကုန်းသည် ဖန်ရှိစန်ရှေ့သို့ တည့်တည့်ရောက်ရှိသွား၏။



သည်မှာ ချန်ရှိဖန်သည် ညာလက်ဝါးကို အတွင်းအားအပြည့်ထည့်သွင်းကာ မြှောက်၍ပြင်းထန်စွာ ရိုက်ချလိုက်သည်။

'အား....'

ဖန်လီစန်သည် နောက်ကျောကော့သွားခြင်းနှင့်အတူ ဗူးဝါးဝါး အားဟု တစ်ချက်အော်လိုက်ပြီးနောက် မြေကြီးပေါ်သို့ မှောက်လျက်သား ထိုးကျသွားသည်။

★

www.burmeseclassic.com

## အခန်း (၄၈)

ယို မှောက်လျက်သား ဝမ်းလျားထိုး လဲကျနေသော ဖန်လီစန်၏ နောက်ကျောကုန်းကိုပင် နောက်ထပ် ခြေဖနောင့်ဖြင့် ဖောက်ခွဲရန် ခြေထောက်ကိုမကာ....

'ဟိတ်....တော်ပြီ'

ဟု ထစ်ခေါလုံး မြည်းဟည်းမတတ် အော်၍ပြောလိုက်သော အသံတစ်သံ ပေါ်ထွက်လာသည်။

နောက်အပေါ်ဘက်မှ အပြာရောင်ဝတ်စုံနှင့် အဆင့်မြင့် သိုင်းသမားကြီး တစ်ယောက် ပျံဝဲ၍ တိုက်ကွင်းအလယ်သို့



ရောက်ရှိလာလေရာ ချန်ရိဖန်သည် ပျံဝဲရောက်ရှိလာသူအား မိုးပျံနဂါး ပိုက်ချန်မန်း သိသည်နှင့် ချက်ချင်း နောက်ဆုတ်၍ တောအုပ်ထဲသို့ ခုန်ဝင်၍ ထွက်ပြေးသွားတော့သည်။

ပိုက်ချန်းထန်သည် မှောက်လဲနေသော မိန်းကလေးကို ပထမ မည်သူမည်ဝါမှန်းမသိ၊ ခန္ဓာကိုယ်ကိုစောင်းလှဲ၍ကြည့်လိုက်တော့မှ....

'ဟင်....ဖန်လီစန်ပါလား'

ဟု ရေရွတ်လိုက်သည်။

ပြီးမှ ဆိုးရိမ်သွားမိသည်။

ဖန်လီစန်မှာ နောက်ကျောကို အရိုက်ခံထားရသဖြင့် အဟွင်းကြေ ကြေနေပြီ။

ပါးစပ်ထဲမှ သွေးများပျို့အန်ထွက်နေလည်းကိုလည်း တွေ့သည်။

'ဖန်လီစန်'

'ဖန်လီစန်'

ဟု ခေါ်လိုက်သောအခါ ဖန်လီစန်အားယူ၍ မျက်လုံးအစုံကိုဖွင့်ကြည့်သည်။

နောက် ပြန်မှိတ်သွားပြီ။

'ဒီအတိုင်းဆိုရင် သူ့ကိုအမြန်ဆုံးဆေးကုပေးမှ ဖြစ်မယ်'

ဟု ပြောကာ ဖန်လီစန်ကိုပွေ့ချီ၍ ခေါ်လာခဲ့လေသည်။

အချိန်တိုတိုနှင့်ရောက်ရန်အတွက် ကိုယ်ဖော့အားကို အသုံးပြုပြီး အမြန်ဆုံးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် စုချီမင်းနှင့်တွေ့သဖြင့် အဘော် ဖြစ်သွားလေသည်။

'ကျွန်တော် စိုးရိမ်လို့လိုက်လာတာပါ၊ ကျွန်တော်မသိဘူး ဦးတော်၊ သူ့အခမဲ့ပြောတို့ သိရတာ၊ အခု သိသိချင်းလိုက်လာခဲ့တာပါ'

'အေး...အတော်ပဲ၊ မင်းပါ တခါတည်းလိုက်ခဲ့၊ တို့အခု မိုးထိတောင်ကုန်းကို သွားကြမယ်'

'ဟုတ်ကဲ့...ဦးတော်'

သည်ကနေ့ နေမစောင်းမီ မိုးထိတောင်ကုန်းကို ရောက်လာကြသည်။

သည်မှာ သူတို့သိုင်းပညာ လေ့ကျင့်စဉ်များ၊ ပွဲလုပ်သည့်အခါ စတည်းချသည့် အိမ်တစ်လုံး ရှိသည်။

ထိုအိမ်ကလေးသို့ ရောက်ရောက်ချင်း ဇဏ်ရာရီထားသော ပိန်းချိစန်ကိုကွပ်ပျစ် တစ်လုံးပေါ်တွင် နေရာရထားလိုက်လေသည်။

'အခြေအနေက အခုတော် ဆိုးနေပါလား ဦးတော်၊ သူ အသက်ပြန်ရှင်ဖို့ မျှော်လင့်ချက်ရှိပါ့မလား'

မေ့မြောနေသော ဖန်လိစန်ကို ကြည့်လိုက်ရင်း စုချီမင်းက မေးလိုက်ခြင်းဖြစ်သည်။

'အခြေအနေ ဆိုးတာကတော့ အမှန်ပဲ စုချီမင်းရဲ့၊ ဒါပေမယ့် သူ့ ကုသိုလ် ကိုယ့်ကုသိုလ်... သူ့ကံ ကိုယ့်ကံ ကြည့်ကြသေးတာပေါ့'

'ကျေးဇူးပါပဲ ဦးတော်ရယ်'



'ဒီနေရာမှာ ငါ့အတွင်းအား တစ်နှစ်စာလောက်ကိုအသုံးချမှဖြစ်မယ်'

တိုစကားကို ကြားလိုက်ရသော အခါ စုချီမင်း မျက်နှာပျက်သွားသည်။

မိုးပျံနဂါးပိုက်ချန်းထန်လို အကျော်အမော် သိုင်းပညာရှင် တစ်ယောက်အဖို့ အတွင်းအားမှ မိမိ ကျင့်ကြံ အားထုတ်သည့်အတိုင်း ရှိနေသည့်တိုင်အောင် စိတ်မချရ။

ရန်သူရန်ဘက် တစ်ဦးဦးက လာရောက် တိုက်ခိုက်ပါက အခက်အခဲဖြစ်တတ်သည်။

မိမိက ပုံမှန်အတွင်းအား ရှိသည့်အထင်နှင့် တိုက်ခိုက်မိပြီး သိုင်းကွက်အမှားအယွင်း ဖြစ်သွား တတ်သည်။

ပြီး အချို့သော သိုင်းကွက် တိုက်ကွက်များမှာ မိမိ၏ အတွင်းအား အနည်းအများနှင့် ချိန်ဆလေ့ကျင့် ထားသည့် သိုင်းကွက်တိုက်ကွက်များဖြစ်သည် မဟုတ်ပါလား။

'ဖြစ်ပါ့မလား ဦးတော်'

'ဖြစ်ပါတယ်၊ ကုသိုလ်အလုပ်တစ်ခုပဲပေါ့ကွယ်'

'ကျွန်တော်က ဦးတော်အတွက် စိုးရိမ်မိတာပါ၊ တကယ်လို့ အခုလို အချိန်မျိုးမှာ ဦးတော်ကိုများ တစ်ဦးဦးက [illegible] တိုက်ခိုက်ရင် ဦးတော်မှာ အတွင်းအားလျော့နည်း နေမှာလို့ပါ'

'မဖြစ်သေးတဲ့အကြောင်းတွေထက် ဖြစ်နေတဲ့အကြောင်းကိုပဲ အဓိကထား ဆောင်ရွက် ကြရမှာပေါ့ စုချီမင်းရယ်'

www.burmeseclassic.com

www.burmeseclassic.com



ကဲ…မင်းက ဒေါ်ခြိုးထားခဲ့တဲ့ ဆေးမြစ်တွေကိုသာ ရှာပြီး ယူခဲ့'

'ဟုတ်ကဲ့ …ဦးလေး'

'ဘယ်မှာရှိတယ် ဆိုတာ ငါပြောလိုက်မယ်'

'ဟုတ်ကဲ့ပါ'

ထို့နောက် မိုးပျံနဂါးပိုက်ချိန်းထန်က ဆေးမြစ်သုံးမျိုးကိုအလေးထား ရေးပေးရုံသာမက ဆေးပင်၏ပုံ အရွက်နှင့် အမြစ်တို့ကိုရေးဆွဲပေးလိုက်သည်။

'မြန်မြန်သာ ပြန်လာခဲ့ပေတော့၊ ငါဒီမှာ မိန်းကလေးကို အတွင်းအား ထုတ်ယူ ကုသနည်းနဲ့ အရင်ဆုံးကုသနှင့်မယ်၊ မင်းပြန်ရောက်တာနဲ့ အတော်သောက်ပါပဲ'

ဟု ပြောကာ မှာကြားလိုက်လေသည်။

စုချီမင်းသည် ပိုက်ချန်းထန်က ဖန်လိစန်ကို ပျောက်ကင်းအောင်ကုသပေးနေပါလျှက် ဖန်လိစန်အတွက် စိုးရိမ်စိတ်ကရှိနေဆဲပင်။

ဆေးမြစ်ကို သွားမရှာမီ ဖန်လိစန်၏ မိခင်ကြီးကိုအကျိုးအကြောင်း ပြောပြလိုက်ချင်ပါသေးသည်။

သို့သော်လည်း စုချီမင်းအဖို့အချိန်မရှိ။

ခုနေခါတွင် အချိန်သည် အလွန် အဖိုးထိုက်တန်နေသည်။ ဖန်လိစန်မှာ မပြောနိုင်ဆဲ။



သည်လို မပြောနေသည့် အခြေအနေမှာ လူကောင်းပကတိအခြေအနေသို့ ပြန်လည်ရောက်ရှိရန် အတွင်းအား ကုနည်းလိုသည်။

ပြီးတော့ လိုအပ်သောဆေးဝါး။

*

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄၉)

'ဟေ့…တောင်ပင့်ကူ ဂိုဏ်းသားတွေ ငါ့ရောင်ပြန်ဓား ကိုယူထားကြတယ်မဟုတ်လား၊ ပေးပေး ငါ့ရောင်ပြန်ဓား အခုပြန်ပေး'

ကျင်းထိုက်သည် အသံအောကြီးဖြင့် မရပ်မနားအော် နေသဖြင့် အသံများပင် ဝင်နေလေပြီ။

ထိုအချိန် တောင်ပင့်ကူဂိုဏ်းချုပ်ကြီး ယွမ်စိမ်းဖန် ရှေ့ ရှိသာ၏။

သူနှင့်အတူ နှစ်ဖက်သွားကျင့်စီ၊ အရိုးခြောက် လုပင်း ဖောင်းထုံ တို့ လူစုပါလာသည်။



အချောင့် သိုင်းသမားများက အခန်း တံခါးကို ဖွင့်ပေး လိုက်သည်။

ဂိုဏ်းချုပ်ကြီး ယွမ်စိမ်းဖန်သည် ဒမြဘီလူး ကျင်းထိုက် အနီးတွင် ရပ်လိုက်ကာ ခြေဆုံးခေါင်းဆုံး ကြည့်နေ၏။

'ဘာလဲ မင်းက ကျုပ်ကို ရောင်ပြန်ဓား ဘယ်မှာလဲလို့ မေးဦးမလို့လား၊ ဟား…ဟား…ဟား'

ကျင်းထိုက်က နောက်သလိုလို ပြောင်သလိုလို ပြောနေ သည်။

အမှန်တော့လည်း သူ့ကို အရူးကြီးအပေါကြီးဟု ပြောရန် သည်း ခက်နေသည်။

တစ်ခါတစ်ခါ ကျတော့သည်း ကျင်းထိုက်က စကား ကောင်း ပြောနေတတ်သည်။

ယွမ်စိမ်းဖန်က ပါးမြိုင်းမွေးနှင့် မုတ်ဆိတ်မွေးအမျှင်များ ကို ညာလက်တစ်ဖက်နှင့် ပွတ်သပ်နေရာမှ တစ်ချက်ပြုံးပြ လိုက်သည်။

'မင်းကိုတို့က မစုံစမ်းမမေးမြန်းဘဲ အရမ်းစွပ်စွဲပြီး မင်းကို စိတ်အနှောင့်အယှက် ပေးခဲ့မိတဲ့အတွက် စိတ်မကောင်း ပါဘူးကွာ'

'ဘာ…ကျုပ်ကို စိတ်အနှောင့်အယှက် ပေးမိလို့ စိတ် မကောင်းဘူး ဟုတ်လား လွယ်လိုက်တာ၊ အတော့်ကိုလွယ် တဲ့စကားပဲဗျို့၊ ဟား…ဟား…ဟား'



www.burmeseclassic.com

www.burmeseclassic.com



မြေဘီလူးကျင်းထိုက်မှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေ ရော ဆံပင်တွေကိုပါ မညှပ်မပြုဘဲ ထားခဲ့ရသောကြောင့် တကယ်ပဲ ဘီလူးကြီးတစ်ကောင်နှင့် တူနေတော့၏၊

'ကျုပ်ပြောမယ့်စကားကို ဆုံးအောင် နားထောင်စမ်းပါ ဦး၊ ပြီးတော့ ခင်ဗျားပြောချင်တာ ပြောပါ'

ထိုသို့ပြောလိုက်သော အခါ ကျင်းထိုက် ပါးစပ်ကလည်း ငြိမ်သွား၏။

ကိုယ်ခန္ဓာလှုပ်ရှားမှုကလည်း လျော့နည်းသွား၏။

'ဒီလိုပါ ကျင်းထိုက်၊ အခု ကျုပ်တို့ အပေးအယူ ကလေး တစ်ခု လုပ်ချင်လို့ပါ'

'ကောင်းပြီလေ....ပြော'

'အခု မင်းရဲ့ရောင်ပြန်ဓား ဘယ်သူ့ဆီ ရောက်နေတယ်ဆို တဲ့ သတင်းတို့ရထားပြီ'

'ရောင်ပြန်ဓား ဘယ်သူ့ဆီမှာလဲ'

'ဖြည်းဖြည်းပေါ့ ကျင်းထိုက်ရယ်၊ မလောစမ်းပါနဲ့'

'ဒါ ကျုပ့်အတွက် အရေးကြီးဆုံးပဲလေ၊ ပြောစမ်းပါ မြန်မြန်ပြောစမ်းပါ'

'ကျုပ်ပြောမယ်၊ မပြောခင် မင်းဆီက ကတိတစ်ခုတောင်း ရလိမ့်ဦးမယ်'

'ဘာကတိလဲ၊ ရောင်ပြန်ဓားကို မင်းသက်အုပ်ရမှာလား'

'မဟုတ်ပါဘူး၊ ကျုပ် မင်းကို လွှတ်ပေးလိုက်မယ်၊ ရောင် ပြန်ဓား ဘယ်သူ့လက်ထဲမှာဆိုတဲ့ သတင်းကိုလဲ ပြောလိုက် မယ်၊ ဒီဓားကို မင်းပြန်ရတဲ့အချိန်မှာ မင်းကျုပ်ဆီကို တ ခေါက်ပြန်လာခဲ့ပါ၊ ပြန်လာပြီးပြပါမယ်ဆိုတဲ့ ကတိကိုကျုပ် လိုချင်တယ်'



ထိုအခါ မြေဘီလူးကျင်းထိုက်တွေသွားသည်။

အတန်ကြာ ငြိမ်ပြီး စဉ်းစားနေ၏။

နောက်မှ....

'စိန်လိုက် ရတယ် ပေးတယ်၊ ရောင်ပြန်ဓားရရချင်း ကျုပ် င်းတို့ကို ပြောပြမယ်၊ ကျုပ်ကလဲ ကြားတတ်တဲ့အခါကောင် ၊ မပြမှာ မစိုးရိမ်နဲ့ ပြကိုပြမယ်'

'ကောင်းပြီလေ၊ မင်းကတိ တည်မတည် စောင့်ကြည့်ရ သေးတာပေါ့၊ ကဲ...သံကြိုးတွေဖြုတ်ပြီး လွှတ်လိုက်ပါကွာ' ဟုပြောပြီးနောက် တောင်ပင့်ကူဂိုဏ်းချုပ်ကြီး စိန်းဖန် စ်ဖက်သို့လှည့်ကာ ထွက်ခွာသွားလေတော့သည်၊

'ဂိုဏ်းချုပ်ကြီးပြောသလိုဆိုရင် ဒီရောင်ပြန်ဓားကိုကျုပ်ရ ဖို့ လမ်းမရှိတော့ဘူးပေါ့နော်'

နှစ်ဖက်သွားကျင်စိက လမ်းလျှောက်နေရင်းမှ မေးလိုက် ခြင်းဖြစ်သည်။

'မင်းတို့ကလဲ နုံရန်ကောကွာ၊ ဒီလိုပြော ဒီလိုလုပ်လိုက် တာက ပရိယာယ်ပါ၊ နောက်လုပ်စရာတွေ ရှိပါသေးတယ်'

'ကျုပ်က စိုးရိမ်လို့ပါ'

'မစိုးရိမ်နဲ့၊ သားကောင်ကိုဖမ်းတော့မယ်ဆိုရင် ဘာကို အရင်လုပ်ရသလဲ'

'ထွက်ပေါက်တစ်ပေါက်ဖွင့်ထားရပါတယ်ဂိုဏ်းချုပ်ကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ဒီသဘောပဲလေ၊ အခုခြေလှမ်းက သားကောင်ဝင်သာ ထွက်သာအောင် ထွက်ပေါက်ပေးထားလိုက်တဲ့ သဘောပါ"

ထို့နောက် ဆက်လက် ထွက်ခွာသွားလေတော့သည်။

အခန်း (၅၀)

ထိုအချိန်တွင် မိုးထိတောင်ကုန်း ဘောအုပ် အဘွင်းမှ ဆိုင်းသမား လေးယောက် ထွက်လာကြသည်ကို တွေ့နိုင်ပေသည်။

သူတို့ကား မိုးပျံနဂါး ပိုက်ချုန်းထန်၊
ဖဲကြိုးဝါ လူဖန်ရဲ၊
စုချီပင်းနှင့်ဖန်လိစန်ဘိုဖြစ်သည်၊
ကျုံးနန့်ဘျုရက်မှာ ဖန်လိစန်ပြန်လည်ကျန်းမာလာမြို့ဖြစ်၍ ပိုက်ချုန်ထန်ကစုချီမင်းအား ဖန်လိစန်ကို အိမ်အစောင့်ပြန်ခိုင်းထားသဖြင့် အခုလိုဘောအုပ်အပြင် ထွက်လာကြခြင်းဖြစ်သည်၊

www.burmeseclassic.com



'ကဲ....မင်းတို့သွားကြပေတော့၊ တို့ လိုက်မပို့တော့ဘူး'

ဟုပိုက်ချန်းထန်က ပြောရင်းတစ်နေ့ရာအရောက်တွင် ရ[illegible] လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်လိုက်ပို့လိုက်ပါမယ် ဦးတော်'

သည်မှာ....ဖန်လိစန်က မိုးပျံနဂါး ပိုက်ချန်းထန်အာ[illegible] အသက်သခင်ကျေးဇူးရှင်အဖြစ် သတ်မှတ်ကာ ပိုက်ချန်းထ[illegible] အရှေ့ ခြေစုံရပ်ရင်း ဝင်ထိုင်၍ ကန်တော့ခြင်း အမှုကို [illegible] သည်။

ထို့နောက်....

'ဦးတော် ကျွန်မကို ခုလိုအသက်ကယ်တင်ပေးခဲ့တဲ့အတွ[illegible] ကျွန်မ ဦးတော်ကျေးဇူးတရားကို တစ်သက်လုံး မမေ့တော့ပ[illegible] ဘူး ဦးတော်'

ဟု ပြောသည်။

'အေး....ငါအေး....အခုလို ကျေးဇူးတရားသိတတ်တာ လူ[illegible] ယဉ်ကျေးမှု လူ့ဝတ္တရားတွေပဲပေါ့ကွယ်၊ ကောင်းပါတယ်'

ပိုက်ချန်းထန်က ပြောပြောဆိုဆို ဖန်လိစန်၏ ခေါင်းထ[illegible] ဆံစကလေးကို သပ်ပေးလိုက်လေသည်။

ဖန်လိစန်နှင့် စုချီမင်းတို့ မိုးထိတောင်ကုန်း တောအုပ်[illegible] ထွက်ခွာ သွားကြသည်ကို ဟိုအဝေးရောက်၍ သစ်ပင်မျာ[illegible] တောင်ကုန်း တောင်တန်းများကွယ်၍ ပျောက်ကွယ်သွာ[illegible] သည်အထိ ကြည့်ပြီးတော့မှ ပိုက်ချန်းထန်က သက်ပြင်းတ[illegible] ချက်ချလိုက်ကာ ဘေးတွင် ယှဉ်ရပ်နေသော ဖဲကြိုးဝါလုဖ[illegible] ရဲကို ကြည့်လိုက်လေသည်။



'အစ်ကိုကြီးက ဒီကလေးတွေ အပေါ်မှာအတော့ကို သံယောဇဉ်ရှိနေတာပဲနော်၊ ဂိုဏ်းတူ တူမလေးတွေ မဟုတ်ဘဲ အခုလို သံယောဇဉ်ရှိနေတာ အံ့သြစရာပဲ'

ဖဲကြိုးဝါ လုဖန်ရဲက ပိုက်ချန်းထန်၏ စိတ်သဘောထား ကို ကောက်ချက်ချလိုက်လေရာ....

'ကျုပ်က ပတ်သက်ရာဘက်သက်ကြောင်းနဲ့စကြာမှော်ဂိုဏ်း သားတစ်ယောက် ဖြစ်နေတာပါ၊ ဂိုဏ်းဟာ ကျုပ်အတွက် မဟုတ်ပါဘူး၊ ကျုပ်က ဘယ်သူ့ကိုမဆို သံယောဇဉ်ရှိတတ် ပါတယ်'

ထို့နောက်မိုးထိတောင်ကုန်းတောအုပ်ကလေးအတွင်းသို့ ပြန်လည်လျှောက်လာခဲ့ကြသည်။

'မင်းနဲ့ ကျုပ်တို့ အခုလိုမေတ္တာသက်ဝင်နေကြတဲ့အခြေ အနေအထိ ရောက်နေတာကိုပဲကြည့်လေ၊ မင်းက တောင်မင့် ကူဂိုဏ်းသား၊ နောက်တစ်ချက်က ဘောင်ပင့်ကူ ဂိုဏ်းချုပ် ကြီး ယွမ်စိမ်းဖန်ရဲ့နှမ၊ ကျုပ်က ကြောမှော်ဂိုဏ်းသားလက် ရွေးစင်သိုင်းသမား၊ ကဲ....ဘာဆိုင်လို့လဲ၊ ဒီလိုဂိုဏ်းမတူ ကွဲ ပြားနေတဲ့လူတွေမို့ တစ်ယောက်ကိုတစ်ယောက်အချစ်မေတ္တာ မမျှကြရဘူးလို့ ဘယ်သူက ပြောမလဲ'

'ဒါတော့ဒါပေါ့အစ်ကိုရယ်၊ ဒါပေမယ့် ကျွန်မတို့ အခု လိုအခြေအနေမျိုးတို့ မမျှော်လင့်ဘဲရောက်လာကြတာကိုက ခပ်ဆန်းဆန်းပဲနော်၊ ကျွန်မဖြင့် ရှေ့လျှောက် ဘယ်ပုံနေခန်း သွားရမှန်းတောင် မသိအောင်ဖြစ်နေပြီ'

www.burmeseclassic.com

www.burmeseclassic.com



စကားပြော၍ မဆုံးတတ်သေး။

သူတို့စခန်းထောက် အိမ်ကလေးရှေ့သို့ ပြန်လည်ရောက်ရှိလာကြသည်။

မှောင်ချည်ပင် သန်းနေပြီ။

ဤအဆောက်အအုံကလေးမှာ စောစောပိုင်းက လူလေးယောက်ဖြင့် လှုပ်လှုပ်ရှားရှား ပျော်ပျော်ပါးပါးကလေး ရှိခဲ့ပြီးကာမှ အခုလို နှစ်ယောက်တည်း ဖြစ်သွားသောအခါ လွမ်းသလို ဆွေးသလိုလို ခံစားစရာ ဖြစ်နေသည်။

'သူတို့လေးတွေ ပြန်သွားတော့လဲ ဘစ်ချိုပဲနော်'

'ဟုတ်တယ် အစ်ကိုကြီးရဲ့၊ ဒီပိုအခြေအနေမျိုးမှာ လူပိုလာလို့ ပိုပြီးပျော်စရာကောင်းသလားတော့ မသိရပေမယ့် လူလျော့သွားတာကျတော့ သိသာသယ်နော်'

စကားတပြောပြောနှင့် ကွပ်ပျစ်ကလေးတွင် ထိုင်လိုက်ကြသည်။

ပတ်ဝန်းကျင်မှာ အေးစိမ့်နေသည်။

ညဘက်သို့ရောက်လေ လေကတဟူးဟူး တိုက်ခတ်လေလေ ရှိ၏။

ညနေ့ညက ချစ်သူနှစ်ဦးမှာ အတူချက်ပြုတ်ပြီး အတူစားကြသည်။

စကားတပြောပြောနှင့် ချက်ပြုတ်ရသည်မှာ ပျော်စရာကောင်းသလို ကိုယ်တိုင်ဖြော်သလို ကြုံဖန်ချက်သား ပြုတ်ထားသောလေးတွေ အတူစားကြရသည်မှာလည်း ပျော်စရာကောင်းလှသည်။



ထမင်းစားသောက်ပြီး နောက်မှာတော့ လုဖန်ရဲသည် ဆီစိမ်စက္ကူပတ်ထားသော ဓားတစ်လက်ကို တွေ့သွားလေရာ...

'အစ်ကိုကြီး....ဒီပစ္စည်းဟာ ဓားတစ်လက် မဟုတ်လားဟင်'

ဟု သိချင်စောနှင့် အခမာတကြာ မေးလိုက်လေ၏။

ထိုအခါ မိုးပျံနဂါး ပိုက်ချုန်းထန်က....

'ဟုတ်တယ်၊ ဓားတစ်လက်ပါပဲ'

ဟု ပြောကာ ရောင်ပြန်ဓားဖြစ်ကြောင်း၊ သည်ဓားမိမိထံ မည်သို့မည်ပုံ ရောက်ရှိခဲ့ပုံအကြောင်း အသေးစိတ်ရှင်းလင်း ပြောပြလိုက်လေတော့သည်။

'ဒီလိုဆိုရင် အစ်ကိုကြီးမှာ အန္တရာယ်မဲသေးဘူး ထင်တယ်'

ဟုပြောကာ လုဖန်ရဲမှာ မျက်စိမျက်နှာ ပျက်နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၂)

လပြည့်နေ့ညတစ်ညမို့ အရာရာသည် ငွေရောင်တွေဖြင့် ဝင်းလက်နေပါတော့၏။

အုန်းပင်ကဲ့သို့ အရွက်တံရှည်လျားသော သစ်ရွက်သစ်ခက်များမှာ လေတိုက်သည့်အခါ ယိမ်းနွဲ့လှုပ်ရှားကာ လရောင်ကို ရှုန်းပစေသည့်သို့ ရှိသည်။

ညဦးငှက်ကလေးတွေက တစ်ခါတစ်ခါ တီတီတာတာ တစာစာ အော်မြည်နေတတ်သည်။

လျှိုမြောင်ထဲတွင်ကား မြူနှင်းငွေ့တို့သည် သစ်ရွက်စိမ်းများအထက်တွင် အခြေတည်၍ အငွေ့မှအမှုန်၊ အမှုန်



အရည်အဖြစ်သို့ ပြောင်းလဲကာ ကျောက်ကြိုကျောက်ကြား ချောက်ကမ်းပါးများသို့ လျှောကျလျက်....

သည်ညက ချစ်သူသိုင်းသမားနှစ်ဦးသည် အိပ်ရာဝင် ချစ်ပုံပြင်ကလေးများကို 'ပြောရသည်မှာ မောသွားကြပြီမို့ အိပ်မောကျနေကြလေသည်။

ထို့ကြောင့်လည်း မြေဘီလူးကြီးကျင်းထိုက် ရောက်ရှိလာသည်ကိုပင် မသိနိုင်ရှိသည်။

ကျင်းထိုက်သည် သစ်ပင်ကြီးများကြားမှ အိမ်ကလေးအနီးသို့ ရုတ်ခနဲ ပြေးဝင်ခိုကပ်လိုက်သည်။

သစ်ပင်များကြားတွင် ကျင်းထိုက်ရောက်ပြီဆိုကတည်းက ပုစဉ်းရင်ကွဲကောင်များ သံပြိုင်သံကုန်ဖြင့် အော်လိုက်လေရာ တောကျွမ်းသော မိုးပျံနဂါး ပိုက်ချုန်းထန် သိရှိမည်ဆိုလျှင် သိရှိနိုင်ပါ၏။

သို့သော် သူ၏ အာသိအာရုံတွင် အိပ်မက်အဖြစ် ဝင်ရောက်နေရာယူနေပေသည်။

သည်တော့ မြေဘီလူးကျင်းထိုက်အဖို့ အခွင့်အလမ်းရသွားသည်။

'ဟိုမှာ ပြတင်းပေါက်တံခါးပွင့်လို့ပါလား'

ကျင်းထိုက်သည် ပြတင်းပေါက်ဘေးမှအတွင်းသို့ချောင်းကြည့်၏။

'အံမယ်...မိုးပျံနဂါးနဲ့ ဖဲကြိုးဝါတို့ ပါလား၊ သူတို့က ဒီလို ဘဝမျိုးဘောင် ရောက်ရှိနေမှကိုး၊ တွေ့ကြသေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

## ၆၇။ မောင်နှင်းဆွေ

ဟုတီးတိုးခရရွတ်ပြီး နောက်ဘက်မှ လှည့်ကာ အိမ်ထဲသို့ ဝင်သည်။

အိမ်ထဲတွင် လရောင်မရှိသောကြောင့် မှောင်မနေသည်။

တစ်နေ့ရာတွင် ကျောပိုးအိတ်တစ်လုံးကို တွေ့သည်။

ကျောပိုးအိတ် ဘေးတွင် တွေ့လိုက်ရသော အရာကား ရောင်ပြန်ဓား မဟုတ်သား။

* * *

ခြေဘီလူးကျင်းထိုက် ဝမ်းသာကြီး သာသွားရသေးတော့သည်။

ဆီစိမ်စက္ကူကို ခွာလိုက်သည်။

ပြောင်လက် တောက်ပနေသော ဓားတစ်လက်။

ကျင်းထိုက်သည် ရောင်ပြန်ဓားကို စနစ်တကျ အနေအထား မှန်စွာ ဆုပ်ကိုင်လိုက်သည်။

ဓားသိုင်း အားလေ့ကျင့်မှု မရှိခဲ့သည်မှာ ကြာပြီမို့ အားတော့ လေးမရသည်။

သို့သော် ကိုင်နေကျ ဓားတစ်လက်မို့ မသိသာ။

အားစိုက်ထုတ်ရသည်မထင်။



ကျင်းထိုက်သည် ရောင်ပြန်ဓားကို ရင်မှာအပ်လျက်။

မျက်နှာကို မော့ကာ မျက်လုံးအိမ်ထဲတွင် ပီတိလှိုင်းတွေ ထ၍ နေလေပြီ။

ထိုအခါ မိုးပျံနဂါးပိုက်ချွန်းထန် ခန္ဓာကိုယ်မှာဆတ်ခနဲ ဖြစ်သွား၏။

တစ်စုံတစ်ခုသောလှုပ်ရှားမှုကြောင့် လေလား အတွေးနှင့် ဖျတ်ခနဲထထိုင်လိုက်သည်။

ပုတ်ဝန်းကျင်ကို လေ့လာ အကဲခတ် နေစဉ်....

'ဒေါက်,...'

ဆိုသော အသံတစ်သံက ပိုက်ချွန်းထန်နား လိုက်ခေါင်းထဲပျံ့လွင့်ဝင်လာသည်။

သည်တော့မှ ပိုက်ချွန်းထန်က ဖဲကြိုးဝါလူဖန်ရဲကိုလှုပ်နှိုးသည်။

ဖဲကြိုးဝါ လူးလဲထလာသည်။

ပိုက်ချွန်းထန်က အဆောက် အအုံထဲ ရှိနေသူ တစ်စုံတစ်ယောက်ရောက်နေသည့် လက္ခဏာအရိပ်အကဲလုပ်ပြ ပုက်သည့်နောက်မှာတော့ နှစ်ယောက်စလုံး အခြေအနေကို နားလည်လိုက်သည်။

မအိပ်ခင်က အသင့် ချထားသော ဆောင်ဓား တွေကို အသီးသီးကောက်ကိုင် လိုက်ကြ လေတော့သည်။

မိုးပျံနဂါးပိုက်ချွန်းထန်သည် ရှေ့က ဖဲကြိုးဝါ လူဖန်ရဲက နောက်မှ ဆောင်ဓားတွေ ကိုယ်စီကိုင်လျက် အခန်းထဲမှ ခြေဖွ လျှောက်ပြီးထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်....မီးအိမ်က မီးလင်းနေပါလား'

နှစ်ယောက်စလုံး ဇာခဝဇဝါဖြစ်သွားသည်။

သည်မီးအိမ်ကို ညက ငြိမ်းပြီးမှ အိပ်ရာ ဝင်ခဲ့ကြသည် မဟုတ်လား။

အခု သည်မီးအိမ် ဘာကြောင့် လင်းနေရတာလဲ။

'ဟား....ဟား....ဟား'

ရယ်သံကို ကြားလိုက်ရတော့မှ အသံလာသည့် နေရာကို ကြည့်လိုက်ရာ နောက်ကျောပေး၍ ရပ်နေသောလူကြီး တစ်ယောက်။

အသေအချာ ကြည့်လိုက်သောအခါတွင်ကား မြေဘီလူး။

'ကြည့်စမ်း....ရောင်ပြန် ခေးပိုင်ရှင် မြေဘီလူးကြီး ကျင်းထိုက် မဟုတ်လား'

ကျင်းထိုက်က တဟားဟားရယ်ပြီး မျက်နှာကိုပြန်လှည့်၍ မျက်နှာချင်း ဆိုင်လိုက်ကြသည်။

သူ့လက်ထဲ၌လည်း ရောင်ပြန်ခေးက ရောက်နေပြီ။

'ဟား....ဟား....ဟား၊ ကျုပ်ခေးကို ခိုးယူသွားလို့ ခေးသူခိုးအခု ဘယ်ပြေးမလဲ'

'ကျုပ်ခိုးတာ မဟုတ်ဘူး၊ ကျုပ်ကိုလူတစ်ယောက်က ပေးထားတာ'

'ပေးထားတော့ရော ခင်းတို့က ငါ့ခေးကို အသုံးပြုတတ်မှာတဲ့လား၊ ဒီမှာကြည့် ဒီခေးကိုတော့ ဒီလို အသုံးချရတယ်'



ဟုပြောပြပြီးပိုက်ချန်းထန်က ရောင်ပြန်ခေးကို လပြည့်နေ့ လရောင်ခလိုက်သည်။

'ဖျန်း....ဖျန်း....ဖျန်း'

အံ့မခန်း အလင်းရောင်များက ရောင်ပြန်ခေး အတွင်းမှ ထိုးထွက်လာလေတော့၏။

မိုးပျံနဂါးပိုက်ချန်းတန်ရော ဖဲကြိုးဝါလုဖန်ရဲပါ အလွန် အမင်းအံ့သြသွား၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၂)

'ဩော်…လပြည့်နေ လရောင်နဲ့မှ အရောင်ပြန်မြီး အစွမ်းသတ္တိပြတဲ့ဓားပါလား'

ထိုအခါ ပိုက်ချွန်းထန် အတိတ်အလန့် ဖြစ်မိသည်။

ဖွဲကြိုးဝါလုဖန်ရဲကို အဓိပ္ပာယ်တစ်ခုရှိသော အကြည့်ဖြင့် လှည့်ကြည့်လိုက်သည်။

'ကဲ…မင်းတို့ကို ကျုပ်က သတ်ရမသား၊ မင်းတို့က ကျုပ်ကို သတ်မလား'

'ကျုပ်တို့ကသာ မင်းကိုသတ်ရမှာပေါ့'

ဟု ပြောကာ မိုးပျံနဂါးပိုက်ချွန်းထန်က ကိုယ်မဖော့ပညာကိုအသုံးပြုလျက် ကျင်းထိုက်ကို ပြေးဝင်တိုက်ခိုက်၏။



ပိုက်ချွန်းထန်ဓားချက် မည်မျှပင်ပြင်းပြင်း မြေဘီလူးကျင်းထိုက်၏ ဓားချက် အပက်အခတ်ကို ခံလိုက်ရလေရာ ပိုက်ချွန်းထန်ရော လုဖန်ရဲပါ နောက်ဘက်သို့ မြောက်တက်၍သွားရလေတော့သည်။

နှစ်ယောက်ယှဉ်တွဲ၍ အဆင့်မြင့်သိုင်းပညာတွေကို အသုံးပြုကာ တိုက်ခိုက်မည်ဖြစ်သော်လည်း ပြေးပြေးဝင်လာသော အလင်းတန်းများ၏ဒဏ်ကိုမခံနိုင်။

ထို့ကြောင့် နောက်ဆုတ်ရပြန်လျှော၊ နောက်ဆုတ်သူ သိုင်းသမားနှစ်ဦးအား ကျင်းထိုက်၏ လက်ဝါး ခြေဖျားတို့က ရိုက်ခတ်နေသည်ချည်း ဖြစ်ချေပြီ။

'ဖျောင်း….'

'ဖျောင်း….'

'အွန့်….'

'အွန့်….'

'အင့်….'

'အား….'

အလင်းရောင်တန်းများကြားတွင် မိုးပျံနဂါး ပိုက်ချွန်းထန်နှင့် လုဖန်ရဲတို့နှစ်ဦးမှာ အလူးအလဲခံစားနေရ၏။

လုဖန်ရဲမှာ ခြေနှစ်ချောင်း သွင်သွင်ကျိုးသွားပြီမို့ မထနိုင်တော့။

မိုးပျံနဂါး ပိုက်ချွန်းထန်မှာကား လက်တစ်ဖက်ကျိုးသွား၍ ခါးရိုးလည်း ကြေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်တွင်းမှ သွေးများ ပျို့အန်ထွက်ကျလာနေပြန်၏။

ပိုက်ချွန်းထန်သည် ကျင်းထိုက်ကို တိုက်ကွက်ဘစ်ကွက်မျှပင် မတိုက်ခိုက်ရသေး။

အလူးအလဲခံစားခဲ့ရပြီး သူ၏တူမ ဖန်လီစန်အား အသက်ကယ်ခဲ့ရသည့် မကျေးဇူးရှင်မှန်း သူသိလေလျှင် မည်သို့ခံစားရမည်မသိ။

မြေဘီလူးကျင်းထိုက်ကား ပိုက်ချွန်းထန်နှင့် လူဖန်ရဲတို့အား တိုက်ခိုက်၍ အားရကျေနပ်လောက်သော အခြေအနေမျိုးကျမှ မိုးထိတောင်ကုန်း တောအုပ်အိမ်ကလေးမှ ထွက်ခွာလာလေတော့သည်။

'အစ်ကိုကြီးရေ'

'လူဖန်ရဲ...အစ်ကိုကြီး မင်းအနားမှာ ရှိပါတယ်ကွယ်'

သူတို့ကား အသက်ငင့်ငင့်သာ ရှိကြပါတော့၏။

*



မိုးထိတောင်ကုန်း တောအိမ်တစ်နေရာတွင် ဖြစ်သည်။

ထိုနေရာသည် မိုးထိတောင်ကုန်း တောအုပ်၏ အမြင့်ဆုံးဟု ဆိုရမည်။

သည်နေရာတွင် ထူးခြားသော အရာနှစ်ခုမှာကား မြေပုံလေး နှစ်ခုပါပေ။

မြေပုံကလေးနှစ်ပုံမှာ ချစ်သူနှစ်ဦးဖြစ်သော မိုးပျံနဂါး ချွန်းထန်နှင့် လူဖန်ရဲတို့၏ မြေပုံကလေးနှစ်ပုံဖြစ်ကြောင်း တိုင်အလေးနှစ်ခု စိုက်ထူလျက် ရှိသည်။

စုချီမင်းနှင့် ဖန်လီစန်တို့နှစ်ယောက်သည် မြေပုံကလေး ရှေ့ထား၍ မလှုပ်မယှက်ရပ်လျက် စူးစူးစိုက်စိုက် ကြည့်သည်မှာ ကြာပြီ။

လက်ထဲတွင်ကိုင်ထားသော တောတောင်ပန်းကလေးတွေ အသီးသီးအထက်၌ ချထားရန်ကိုပင် သူတို့နှစ်ဦးမေ့ခဲ့၏။

သူတို့ရင်ထဲအသီးသီး၌ ခံစားချက်ဝေဒနာများ ပြည့်သိပ်ချပြီ။

စုချီမင်းလို ယောကျာ်းရင့်မကြီးသည်ပင် မျက်လုံးအိမ်တွင် ရည်များ ရစ်ဝဲခဲ့ရပါပကော။

သည်တော့လည်း မိန်းမတစ်ဦးဖြစ်သော ဖန်လီစန်မှာကား ရည်စများ စီးသွယ်ကျလာရသည်မှာ မဆန်းပြီ။

မှန်သည်။

မိုးပျံနဂါး ပိုက်ချွန်းထန်သည် သေလုမျောပါး ဖြစ်ခဲ့ရသော ဖန်လီစန်ကို အသက်ဆက်ပေးခဲ့သူ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သည်လို အသက်ဆက်ပေးခြင်းဖြင့်လည်း ကုန်ဆုံးခဲ့ရသော အတွင်းအားများ သူ့တွင် လျော့နည်းနေခြင်းကြောင့်လည်း သူအခုလို အသက်ဆုံးရှုံးခဲ့ရသည်အထိ အဖြစ်ဆိုးနှင့် ကြုံခဲ့ သည်ဟု စုချီမင်းရော ဖန်လိစန်ပါ အသိပင်။

## အခန်း (၅၃)

တိုက်ခိုက်သတ်ဖြတ်သွားသူကို ကြည့်လိုက်ပြန်တော့ ဖန်လိ ပိုလို့ရင်နာရသည်။

ဖန်လိစန်၏ဘကြီး မြေဘီလူးကျွင်းထိုက် ဖြစ်နေသည်ပဲ တ်ပါလား။

ကြုံမှကြုံတတ်ပလေဟုပင် ဆိုရပေမည်။

သို့နှင့် ဖန်လိစန်သည် ရင်ထဲမှခံစားမှုများ လိပ်တက်လာ ရကား မထိန်းနိုင်တော့ဘဲ ရှိုက်၍ရှိုက်၍ ငိုချလိုက်ရလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စုချီမင်းက ဖန်လိစန်၏ ပခုံးစွန်းကလေး
အသာအယာ ဆုပ်ကိုင်သည်။

ခံစားမှုကို ပြောစရာလိုသောသဘောမှန်း သူမသိလိုက်
သည်။

ထို့နောက် လက်ထဲကိုင်ထားသော ပန်းပွင့်ပန်းခက်
တွေကို အတူရောလိုက်ပြီးကာမှ မျှဝေ၍ မြေပုံကလေး
အထက်များတွင် အသာအယာ တင်ထားလိုက်လေသည်။

ပြီးတော့ စုချီမင်းနှင့် ဖန်လိစန်တို့သည် ထိုနေရာကို
နိုင်း၍ လျှောက်လမ်းကာ ထွက်ခွာလာခဲ့ကြသည်။

ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ စုချီမင်းမနေနိုင်
နောက်သို့ သမင်လည်ပြန် လှည့်ကြည့်သည်။

သည်တော့ ဖန်လိစန်ကလည်း စုချီမင်းလို လှည့်ကြည့်
သည်။

သိုင်းသမားအကျော်အမော် ချစ်သူနှစ်ဦးတို့ကား ဤ
တောင်ကုန်း မြေအုပ်တွင် ထာဝရ ငြိမ်းအေးသော
လျှောင်းခြင်းဖြင့် ဝေးကျန်ခဲ့ရပြီ မဟုတ်ပါလား။

သည်တစ်ခါကျတော့ ဖန်လိစန်က....
'စုချီမင်း သွားကြပါစို့နော်'
ဟူသောစကားကို ပြောရသည်။
မှန်သည်။

သည်တော့ ကျောက်ဝါတောင်ခြေကို နေမညိုမီအရော
သွားရပေမည်။



ကျောက်ဝါတောင်ခြေတွင် မီးအိမ်နီဂိုဏ်းမှ လျှို့ဝှက်စခန်း
တစ်ခုရှိသည်။

ထိုစခန်းသို့ ဖခင်ကြီးဖန်ယင်မင်း ရောက်ရှိနေကြောင်းနှင့်
အမြန်ဆုံးလာတွေ့ရန် မီးအိမ်နီဂိုဏ်းသားတစ်ဦး လာရောက်
အကြောင်းကြားသွားသည်။

အရေးတကြီး အကြောင်းကိစ္စ ရှိနေသည်ဟုလည်း အမှာ
စကား ပါသွားသေးသည်။

သည်တော့ စုချီမင်း ဖခင်ထံသို့ မသွားမဖြစ်သွားရမည်။
အစက မန်လိစန်ကိုခေါ်သွားဖို့ အစီအစဉ်မရှိ။
သို့သော် ဖန်လိစန်ကလည်း ဇာစ်မှောင့်။
စုချီမင်းနောက်မှ မလိုက်ရလျှင် မနေနိုင်ဟု ဆိုသည်။
သို့နှင့် အခုလို ခေါ်ခဲ့ရခြင်းပင်။

* * *

www.burmeseclassic.com



ကျောက်ပါတောင်ခြေစခန်းရောက်လျှင် ဖခင်ကြီး ဖန်ယင်မင်း ကျေနပ်မှုရှိမှရှိပါမလား။

စုချီမင်း တွေးပူနေမိသည်။

စုချီမင်းထင်သည့်အတိုင်းပင်၊ မီးအိမ်နီဂိုဏ်း ကျုပ်ကြီးတစ်ဦးလည်းဖြစ် ဖခင်လည်းဖြစ်သော ဖန်ယင်မင်း ဖန်လိစန်အခုလိုပါလာသည်ကို မကျေမနပ် ဖြစ်နေသည်။

'ဒီကောင်မလေးကို မင်းမို့ ခေါ်လာရတယ်လို့ကွယ်'

ဟု ပြောဆို အပြစ်တင်သည်။

စုချီမင်းက ဘာမှပြန်မပြော။

အမှားကိုဝန်ခံသည့်သဘော အသာပင် ငြိမ်ခံနေလိုက်လေသည်။

ထို့နောက် စုချီမင်းက သူ့ထံသို့ မြောင်လူမျိုးငယ်စုထဲမှ သိုင်းသမားနှစ်ဦး ရောက်ရှိလာကြောင်း။

တစ်ဦးမှာ ရုပ်ပြောင်းရုပ်လွှဲဝိဇ္ဇာ ဝမ်ယုဘုံဖြစ်ပြီး ကျန်တစ်ဦးမှာ သူ၏နှမဟုဆိုသော မိုးပျံသရဲမ ဂူခဖးလျုဖြစ်ကြောင်း ပြောပြလိုက်သောအခါ ဖခင်ကြီး မျက်နှာပျက်သွားသည်။

'ဩော်...ဒီကောင်တွေက ဒီအထိ တောင် လိုက်လာဘာလဲကိုး'

ဟူသောစကားကို ကြားလိုက်ရသောအခါ စုချီမင်းဖခင်အပေါ် စဉ်းစားစရာတွေ ဖြစ်လာသည်။



'ဒါဖြင့် ရုပ်ပြောင်းရုပ်လွှဲဝိဇ္ဇာ ဝမ်ယုထုံရဲ့မိန်းမ ရုပ်ဆိုးမကြီး ရှားနီကိုအဖေသတ်ခဲ့တာပေါ့နော်၊ သွေးအဆိပ်ဓားကိုလဲ အဖေယူလာခဲ့တာပေါ့နော်'

'သူတို့က မင်းကို ဘာတွေပြောခဲ့လို့လဲ သား ရဲ့'

'သူတို့ပြောခဲ့တာကတော့ အစုံပဲအဖေ၊ သူတို့ ကိုးကွယ်ပသတဲ့ ယွန်နတ်မင်းကြီး အကြောင်းတွေရောပဲ အဖေ'

ဖခင်ကြီးဖန်ယင့်မင်းက တစ်ချက်ပြုံးသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၄)

ပြီး အခန်းကျယ်ကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရင်းက ပြောလက်စ စကားကို ပြန်ဆက်သည်။

'သူတို့ မင်းကိုပြောသွားတာ ဟုတ်တာတွေရော မဟုတ်တာတွေရော စုံလိုပဲသားရဲ့'

'မဟုတ်တာတွေက ဘာတွေဖြစ်ပြီး ဟုတ်တာတွေကရော ဘာတွေလဲအဖေ၊ ကျွန်တော်မသိရဘူးလား'

'သိရမှာပေါ့သားရယ်၊ ဒါထက် မိုးပျံသရဲမဂ္ဂဖေးလ်ဟာ သားလက်ချက်နဲ့ သေသွားခဲ့ရတယ် ဟုတ်လား'



'ကျွန်တော် သတ်တဲ့အထိမရည်ရွယ်ပါဘူး အဖေ၊ ခုခံကာကွယ်ရင်း လက်လွန်သွားရတာပါ'

'ဒါမျိုးကတော့ ဒီလို ဖြစ်တတ် ကြတာပါပဲလေ၊ ဒီအကြောင်းပြောတော့ ခက်တော့ခက်သားပဲ သားရဲ့၊ သားကို အကြမ်းဖျင်းလောက်တော့ ပြောပြထားရဦးမယ်ပေါ့လေ'

ပြောပြောဆိုဆို ဖခင်ကြီးက လမ်းလျှောက်နေရာမှ ပြန်ထိုင်သည်။

စုချီမင်းက မတွေ့ရမမြင်ရတာ ကြာပြီဖြစ်သော ဖခင်ကြီးကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

ဖခင်ကြီး ဖန်ယင်မင်းကား မီးအိမ်နီဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးပီပီ ထောင်ထောင်မောင်းမောင်း ခွန်အားဗလနှင့်ပြည့်စုံသူ အမျိုးသားကြီး တစ်ဦးပင်ဖြစ်သည်။

အသက်ကလည်း ကြီးလှသည် မဟုတ်သေး။

ဝတ်စုံဖြူကို ဝတ်ထားသည်။

ဝတ်စုံက ပွပွကြီးဆိုတော့ လူပုံက မိုပြီးခန့်ညားနေသည်။ သိုင်းသမားကြီး တစ်ယောက်ဆိုသော်လည်း သူသည် ဆေးဆရာကြီးတစ်ဦးနှင့်လည်း တူ၏။

'အမှန်က ဝမ်ယုထုနဲ့အဖေ အပေးအယူအလုပ်တစ်ခုလုပ်ခဲ့ကြတယ်သားရဲ့၊ သူက သဘောတူတဲ့အတွက် အဖေက သူ့ကို လျှို့ဝှက်သိုင်းကျမ်းတစ်ခုကို ပေးခဲ့တယ်၊ နောက်သူတို့ ယွန်နတ်မင်းရဲ့ သွေးအဆိပ်ဓားကို အဖေက ခေါင်းငှားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်နှာက သွေးအဆိပ်ခါးကို ငှားမယ်လို့ကတိပေးပြီးမငှားတဲ့ ပြည်နှာပဲ'

'ဩော်...ဒါကြောင့် အဖေက သွေးအဆိပ်ခါးကို ခိုးယူခဲ့တာပေါ့နော်'

'ခိုးယူတာမဟုတ်ပါဘူးကွာ၊ သူ့မိန်းမ ရှပ်ဆိုးမကြီးက ငှားလိုက်လို့ အဖေက ငှားလာတာပါ'

'ရှားနီကိုအဖေကသတ်ပြီး ခါးကိုယူလာသလိုလို ပြောနေပါလား'

'ဒါကြောင့် ဗီအကြောင်းကို အဖေအစောကြီးက ပြောခဲ့ပြီကော၊ ဟုတ်ဘာတွေရော မဟုတ်တာတွေရောလို့'

ထို့နောက် ဖခင်ကြီးဖန်ယင်မင်းရော စုချီမင်းပါအဲတွေး ကိုယ်စီနှင့် အတန်ကြာ ထိုင်နေမိကြသည်။



အတန်ကြာတော့မှ ဖခင်ကြီးက....

'ကဲ....မင်း ငါ့နောက်ကို လိုက်ခဲ့စမ်း'

ဟု ပြောပြီး ထိုင်ရာမှထလိုက်သည်။

ဖခင်ကြီးသည် ဘာမှခပြောတော့ဘဲ ရှေ့ကလျှောက်သွားလေသည်။

သူက နောက်မှလိုက်သွားသည်။

ဧည့်ခန်းဆောင်လို အခန်းကြီးတစ်ခန်းထဲသို့ ရောက်လာသည်။

မီးအိမ်နီလက်ရွေးစင် ဂိုဏ်းသားကြီး သုံးယောက်ကိုတွေ့သည်။

သူတို့ကို ဖခင်ကြီးက ခပ်တိုးတိုးပြောနေသည်။

ဘာပြောသည်မသိ။

လက်ရွေးစင် ဂိုဏ်းသားကြီးသုံးယောက် ခေါင်းတညိတ်ညိတ်လုပ်ပြီး အခန်းဆောင်ကြီးထဲက ထွက်သွားကြလေသည်။

သည်တော့မှ ဖခင်ကြီး ဖန်ယင်မင်းက အခန်းထောင့်ရှိ ကျောက်သေတ္တာကြီး၏ ကျောက်ချပ်အဖုံးမှ ခတ်ထားသော သော့ကိုဖွင့်ပြီး ကျောက်ချပ်အဖုံးကိုလှန်သည်။

'သွေးအဆိပ်ခါး

– အနီရောင်အရိုးနှင့် သွေးအဆိပ်ခါးကိုတွေ့ပြီ။

သိမဏိအရည်က တဝင်းဝင်း တပြောင်ပြောင်။

ပုံစံမှာ ငှက်ကြီးတောင်ခါး ပုံစံမျိုး။

www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ကြီးသည်၊ အဘန့်ရှိသည်၊
ဖခင်ကြီး ဖန့်ယင်မင်းက ဓားကိုကိုင်ပြီး ခုတ်လိုက်သည်၊
'ရှမ်း....ရှမ်း'
ဓားက သံမဏိဆိုသင့်ကစား အလိမ်နွဲ့သည်၊
အခုတ်သွက်မည့်ပုံမျိုးလည်း ဖြစ်၏၊
ဖခင်ကြီးက သူ့လက်ထဲရှိ သွေးအဆိပ်ဓားကို စုချီမင်းအား....

'ရော့....'

ဟု လှမ်းပေးသည်၊

စုချီမင်းက ဓားကိုင်ရသည်နှင့် ဖခင်နည်းတူ ခုတ်လိုက်သည်၊
'ရှမ်း....ရှမ်း....ရှမ်း'
'မင်း ဒီဓားကိုကိုင်ပြီး မြေဘီလူးကျောင်းထိုက်ကို တိုက်ခိုက်ရှင်းလင်းရမယ်၊ လူအများအတွက် မင်းစွန့်စားရမယ့် အလုပ်ပဲ၊ ဒါမီးအိမ်နီရဲ့တာဝန်ပဲ'
'မြေဘီလူးကို တိုက်ခိုက်ရမယ်၊ ဟုတ်သားအဖေ'
'ဟုတ်တယ်၊ မင်းနဲ့အသင့်တော်ဆုံးအလုပ်မို့ တာဝန်ပေးတာ၊ ထာဝန်ယူမယ် မဟုတ်လား'
'ဒီတာဝန်ကို ယူပါတယ်'
'အေး...ဒါမှ သူများဓားကိုလဲ မြန်မြန်ပြန်ပေးနိုင်မှာ မဟုတ်လား'



သည်နေ့က စုချီမင်း သွေးအဆိပ်ဓားကိုကိုင်လျက် ဝမ်းသာနေသည်၊
ပြီးတော့ အားမာန်ကအပြည့်၊

★

www.burmeseclassic.com

## အခန်း (၃၃)

သက်တန့်ရောင်စားသောက်ဆိုင်က နေညို့သည်နှင့် စည်ကားနေပြီ။

ကိုယ့်စားပွဲနှင့် ကိုယ့်လူ၊

ကိုယ့်လူနှင့် ကိုယ့်စားပွဲမို့ အခြားမည်သူ့ကိုမှ ဂရုစိုက်ရောမလို၊

အိတ်ထဲငွေရှိသေးလျှင် သောက်နိုင်သည်၊

စားနိုင်သည်၊

စကားပြောချင်သလောက် ပြောရသည်၊



ခိုက်ရန်မဖြစ်လျှင် ပြီးရော။

ဤသည်မပင်လျှင် တစ်ခါတစ်ခါတော့ ခိုက်ရန် ဖြစ်တတ်သည်။

ဒါကလည်း တင်နယ်တစ်ကျေးက လာရောက်သောက်စားရင်း ပြောမှားဆိုမှားရှိခဲ့ကြ၍သော် လည်းကောင်း၊ နှယ်ခံလူတွေကို အကြောင်းမဲ့ စော်ကားမော်ကား လုပ်လျှင်သော်လည်းကောင်း ဖြစ်တတ်သည်။

များသောအားဖြင့် ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်က ငြိမ်လည်သည်။

ဘာမဆို သိုသိုသိပ်သိပ် ညီတန်ညီ ဖိတန်ဖိသည်၊

သည့်အတွက် သက်တန့်ရောင် စားသောက်ဆိုင်တွင် ကြုံဝါဖေးကို ဆိုင်ရှင်က နားလည်မှုယူထားသည်။

ကြုံဝါဖေးက နေ့တော့သာ ရှူးသလိုလို ပေါ်သလိုလို သိုင်းပညာအရာမှာတော့ သည်နယ်တစ်ဝိုက်မှာ တစ်ကိုယ်တော်သိုင်းသမားဟုပင် ပြောနိုင်သည်။

တချို့ကတော့ သူ့ကို မင်းတွင်းပါ သိုင်းပညာရှင်ဟု ထင်ကြေးပေးသည်။

သို့သော်လည်း သူတို့မိသားစုမှာ ဤနယ်ဇာတိ မဟုတ်သောကြောင့် အတိအကျပြော၍ မရပေ။

သူတို့ကလည်း မပြော၊

အခု သူပြန်ရောက်နေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



တောင်ပင့်ကူဂိုဏ်းက သူ့ကို အခကြောပိတ်ခေါ်သွားပြီး ပြန်လွှတ်လိုက်သည်ကိုတော့ ကြုံဝါဖေး မကျေနပ်နိုင် ရှိနေပါသည်။

* * *

သို့သော်....

သူ့ယောက်ဖ မြေဘီလူးကျင်းထိုက်ကို လွှတ်လိုက်သည်ဆိုသည်နှင့်ပဲ သူကျေနပ်သည်။

ဒါကလည်း ပြောစရာတွေ ဖြစ်လာပြန်သည်။

'မိုးပျံနဂါး ပိုက်ချွန်းထန်နဲ့ လုဖန်ရဲကို မြေဘီလူးကျင်းထိုက်က သတ်ပစ်လိုက်တယ်လို့ ကြာတယ်၊ ဒီသတင်းသာမှန်ရင် ကျင်းထိုက်ဟာ စကြာမှော်ဂိုဏ်းသားနဲ့ တောင်ပင့်ကူဂိုဏ်းနှစ်ဂိုဏ်းစလုံးကို စိန်ခေါ်လိုက်တဲ့သဘောပဲ မဟုတ်လား ကြုံဝါဖေး'

ဟု မေးသူက မေးကြသည်။



တိုအခါ ကြုံပါဖေး အဖြေရခက်နေသည်။

မြေဘီလူးကျင်းထိုက်မှာ မိမိနှင့် ယောက်ဖတော်စပ်သည့် အချို့ကသတိထားကြသည် မဟုတ်လား။

'ဒီစကားတွေက အတိအကျမဟုတ်သေးပါဘူးဗျာ၊ ဟုတ်င်မှ ဟုတ်မှာပါ'

ဟု ကြုံဝါဖေးပြောသည့်တိုင်အောင် အချို့က ရှောင်ပြန်ား‌အကြောင်း မည်သို့သိရှိမည်မသိ၊

'မြေဘီလူးကျင်းထိုက်က ရှောင်ပြန်ခေါ်နဲ့ သောင်းကျန်းတယ်လို့ကြားတယ်၊ ဟုတ်ချင်ဟုတ်မယ်၊ မိုးပျံနဂါးပိုက်ချွန်းန်နဲ့ လုဖန်ရဲတို့ပျောက်ဆုံးနေတာနဲ့ ဆက်စပ်ကြည့်ရင် ဖြစ်တယ်'

'သူတို့ပျောက်နေတာက ရှင်းပါတယ်၊ သူတို့ချင်းမတွေ့ပြီး တစ်နယ်တစ်ကျေး ထွက်သွားကြလို့နေမှာပေါ့'

'ဂိုဏ်းချင်းမှ မတူကြတာ'

'ဂိုဏ်းချင်းမတူရင် မယူရဘူးတဲ့လားဗျာ'

'သဘာဝတော့ မကျဘူးပေါ့ဗျာ'

သက်တန့်ရောင် စားသောက်ဆိုင်ထဲ အခုလိုသောက်စားး စကားလက်ဆုံ ပြောမကုန်ရှိနေစဉ် အခန်းထောင့်တစ်ဘွင် မှုန်ကုပ်ကုပ်နှင့် တစ်ယောက်တည်း ထိုင်ပြီးက်သောက်နေသော လူကြီးတစ်ယောက်ကမူ ခုထိသည်ကိုမှ စကားမပြော၊

www.burmeseclassic.com



အခြားသူများကလည်း သူ့ကိုစကားမပြော။
ထိုလူကြီးမှာ အခြားသူမဟုတ်။
စုချိမင်းဖြစ်သည်။

## အခန်း (၅၆)

သူက သည်နေ့ အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက်ဟန် ဆောင်လာခဲ့ခြင်းဖြစ်သည်။

စုချိမင်းသည် ကျောက်ဝါတောင်ခြေမှ ပြန်ရောက်ရောက်ချင်း ဖန်လိုစနဲ့ကို အိမ်ပြန်ပို့သည်။

ပြီး ကျန်စိမ့်မြို့သို့ဘက်လာပြီး အခုလို သက်တန့်ဖရောင် စားသောက်ဆိုင်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့သောအချိန်တွင် ထူးထူးခြားခြား ဆိုင်တစ်ဆိုင်လုံး စကားပြောသံများ ရုတ်ခြည်း ငြိမ်သက် ကျသွားသည်မှာ အတော်လေး အံ့ဩစရာကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် စုချိမင်းက ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်လိုက်သည်။

တွေ့ပြီ။

လူကြီးတစ်ယောက်။

ဝါးခမောက်ကို မျက်နှာတစ်ခြမ်း ရောက်သည်အထိစိုက်၍ဆောင်းထားသည်။

ပတ်စိုက စုတ်စုတ်ပြတ်ပြတ်၊ နွမ်းနွမ်း။

အရောင်က အနီရောင်။

အနီရောင်ဟုဆိုသော်လည်း နေလောင်ထားသဖြင့် ဖျော့တော့သောအနီရောင်ဖြစ်နေသည်။

ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေက ထူပျစ်နေသဖြင့် မြင်တွေ့နေသူ အပေါင်းက သူ့ကိုကြောက်ကြသည်။

လန့်ကြသည်။

သူကားမြေဘီလူးကျောင်းထိုက်ဖြစ်သည်။

ကျောင်းထိုက်က အသိအာရုံ မှန်လှသည်မဟုတ်။

သူ့လက်ထဲ ရောင်ပြန်ဓား ရှိနေသဖြင့် လိုက်ရမ်း လိုက်ကြမ်းနေလျှင် ခက်မည်။

အရှိပ်အကဲ ကြည့်နေသည်။

မြေဘီလူးကျောင်းထိုက်ကို စုချိမင်းအခုမှ မြင်ဖူးခြင်း ဖြစ်သည်။



ကြောက်စရာ ကောင်းသည်ထက် ရွံမုန်းစရာ ကောင်းခဲ့သည်။

အလွန်ရက်စက်မည့်ပုံ။

မြေဘီလူးကျောင်းထိုက်သည် စားသောက် ဆိုင်ခန်း ထဲကို တစ်ယောက်တည်းပဲ ဝင်လာသည်။

သူ့ကိုတွေ့လိုက် မြင်လိုက်ရကတည်းက စုချိမင်းက မမြင်ဘူးသော်လည်း မြေဘီလူးကျောင်းထိုက်မှန်း ချက်ချင်းသိလိုက်သည်။

အကြောင်းမူကား သူ၏ နောက်ကျောတွင် လွယ်ယူလာသော ရောင်ပြန်ဓားကြီးကို တွေ့လိုက်ရသောကြောင့်ဖြစ်ပေသည်။

ကျောင်းထိုက်သည် စားသောက်ဆိုင် ထဲသို့ တစ်လှမ်းချင်း လှမ်း၍ဝင်လာပြီး အလယ်လောက် ရောက်သော အခါ ရပ်လိုက်သည်။

ပြီး....စားပွဲတစ်လုံး၏ အစွန်းပေါ် တင်ပျဉ်လွှဲ ထိုင်လိုက်သည်။

နောက်သူများငဲ့ထားသောအရက်ခွက်ကို ခွင့်မတောင်းဘဲ ယူသောက်သည်။

အရက်ကိုတစ်ခါတည်းမော့သောက်ချသည်။

အရက်သောက်ပြီးသောအခါ အရက်ခွက်ကို စားပွဲပေါ် အသာဆောင့်မချ။

ပါးစပ်တွင် တေ့၍ ခမော့ထားရာမှ လွှတ်ချ လိုက်သည်။

'ချလွမ်း....'

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်...ဒေါက်...ဒေါက်'

အရက်ခွက်ကိုစားပွဲပေါ်မှတစ်ဆင့်ကြမ်းပြင်တွင်တ ဒေါက် ဒေါက်လိမ့်သွားသည်။

☆

## အခန်း (၃၇)

အားလုံးက ကျွင်းထိုက်ကိုစူးစိုက်ထားပြီး ကြည့်နေကြလေသည်။

သူ့ကို မကြည့်ဘဲ ကိုယ့်အလုပ်ကိုယ် မှန်မှန် လုပ်နေသူကား စုခွဲမင်းတစ်ယောက်သာ ရှိသည်။

ခပ်တည်တည်ပင်။

ဒါကိုလည်း ကျွင်းထိုက်က သတိထားမိပုံရသည်။

စွေကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်သည်။

'ဟိတ်...ဒီမှာ ရှိနေတဲ့လူတွေ၊ မင်းတို့ထဲမှာ စကြာမှော် ဂိုဏ်းသားတွေရှိသလား'

အသံက ဟိန်းသွားသည်။

မြေဘီလူးကျွင်းထိုက်က စတင် မေးလိုက်သည်။

စကြာမှော် ဂိုဏ်းသားတစ်ဦးတစ်လေတော့ သည်ဆိုင်ထဲ ရှိကောင်းရှိမည်။

သို့သော်အားလုံးက မလှုပ်မယှက်။

ဆိုင်ရှင် အန်းကူကြီးကား မြင်ကွင်းကို တွေ့ရသည်နှင့် ပြဿနာတစ်ခု ဖြစ်တော့မှာပါလား အတွေးနှင့် ထိတ်လန့်နေသည်

ကြောက်ကြောက်ရွံ့ရွံ့နှင့် အရိပ်အခြည်ကို ကြည့်နေသည်။

စားပွဲဘက်သို့ လျှောက်သွားမည်အပြု ကျွင်းထိုက် တအံ့တညြဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ထိုနေရာတွင်အဘိုးကြီးအယောင်ဆောင် စုချီမင်းပျောက်ခြင်းမလှ ပျောက်သွားသောကြောင့်ပင်။

ကျွင်းထိုက် နှာခေါင်းရှုံ့လိုက်သည်။

မကျေနပ်၍ ထိုစားပွဲသို့ သွားကြည့်သော အခါတွင်ကား စားပွဲပေါ်တွင် စာရွက်တစ်ရွက်။

စာရွက်ကို ခေါ်းမြှောင်တစ်ချောင်း ထိုးစိုက်ထား၏။

မြေဘီလူးကြီးကျွင်းထိုက်ပြော၍ စာရွက်ကို ယူပြီးဖြန့်၍ ဖတ်ကြည့်လိုက်ပါ၏။



မြေဘီလူးကျွင်းထိုက်....

မင်း သိပ်မမိုက်နဲ့၊ မင်းထက်မိုက်တဲ့သူ ဝါရှိတယ်၊
တွေ့ချင်ရင် မိုးထိတောင်ကုန်း တောအုပ်ကို လိုက်ခဲ့။
သွေးအစိမ်းစား။

မြေဘီလူး ကျွင်းထိုက် မျက်ခုံးများ တွန့်တက် သွားလေပြီ။

* * *

သက်တန့်ရောင် စားသောက်ဆိုင်တွင် မြေဘီလူးကျွင်းထိုက် ဝင်ရောက်ပြီး ဤနယ်တစ်ဝိုက် နာမည်ကြီးသုံးဂိုဏ်းကို စိန်ခေါ်သွားသည့်အကြောင်း။

ကျွင်းထိုက် စိန်ခေါ်နေသည်ကို မည်သူမျှမတုံ့ပြန်ဘဲငြိမ်ခနကြကြောင်း။

ထိုစဉ် သာမန်အမည်မသိသိုင်းသမား တစ်ဦးကသွေးအစိမ်းစားဟူသောအမည်ဖြင့်မိုးထိတောင်ကုန်းတောအုပ်ဆီသို့လိုက်

www.burmeseclassic.com



ခဲ့ရုန် စိန်ခေါ်သွားကြောင်း သတင်း စကားများက သိုင်းလောက တစ်ခုလုံး ပျံ့နှံ့သွားလေတော့သည်။

ထို့ကြောင့်လည်း ဖန်လိစန်က စုချီမင်းထံ အခမာတကော ပြေးလာကာ....

'စုချီမင်း....စုချီမင်း နင်ကြားပြီးပြီလား၊ ငါ့ဘကြီးကျွင်းထိုက်ကို သိုင်းသမား တစ်ယောက်က စိန်ခေါ်သွားတယ်တဲ့'

ဟု ပြောလိုက်လေသည်။

သည်အကြောင်းကို ပြောဖို့အတွက် စုချီမင်း ဝန့်လေးလျက် ရှိသည်။

စကားဆိုတာက ဇာတိပြသည် မဟုတ်ပါလား။

ပြီးတော့ အခုကိစ္စမှာမိမိစိတ်မိမိကိုယ်မိမိဆန္ဒနှင့်ပြုမူဆောင်ရွက်နေရသည် မဟုတ်။

ဖခင်ကြီး မိအိမ်နိဂိုဏ်းတို့ ကိုယ်စားပြုပြီး ပြုမူဆောင်ရွက်နေရခြင်း ဖြစ်သည်။

'အေး....ကြားတော့ ကြားသားပဲ၊ သေသေချာချာတိတိကျကျ ကြားတာတော့ မဟုတ်ပါဘူး'

ဤသို့ ခပ်ပေါ့ပေါ့ပြောလိုက်ပြီး ထင်းတွေကို ဆက်လက်ခွဲနေသည်

'ဖန်လိစန်က ခွဲပြီးသားထင်းတွေကို စီသယ်ပေးရင်း....

'စိန်ခေါ်တဲ့သိုင်းသမားတွေက သွေးအစိမ်းစားလို့ ပြောတယ်၊ ဒီနာမည် တစ်ခါမှ မကြားဖူးဘူးနော်'

ဟု ပြောလာပြန်၏။



'သွေးအစိမ်းစားတဲ့လား ဟုတ်တယ်၊ ဒီနာမည် မကြားဖူးဘူး'

'သနားလိုလဲတာနော်'

'ဘာဖြစ်လို့လဲ'

စကားစကား ပြောပါများတော့ စကားထဲက ဇာတိပြချင်ပြီ။

ကြည့်လေ၊ မခံချင်စိတ်ကလေး ဝင်ချပ်ချင်း

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၀)

'ဘကြီးလိုသိုင်းသမားမျိုးကို ပါချီပါမွှား သိုင်းသမား မျိုးက လာယှဉ်လို့ရမယ်ဘဲ့သား၊ နည်းတယ်လို့ဘာဝင် ပြော ဦးမှာ'

စုချိုမင်း ဘာပြန်ပြောရမည် မသိ။

တော်သေးသည်။

အနီးသို့ နှမလေးကွမ်ယုံမင်း ရောက်ရှိလာတာ....

'ဒီလိုလဲ မဟုတ်သေးဘူး မမစန်း၊ သူက စပြီးစိန်ခေါ် တယ်ဆိုတာ နှယ်နှယ်ရရ မဟုတ်ဘူး၊ သူလဲ သူ့ကိုယ်သူယုံ ကြည်လို့ နေမှာပေါ့'



မှာ ဝင်ပြောလိုက်တော့မှ စုချိုမင်းနေသာထိုင်သာ ရှိသွား သည်။

'ဒါပေမယ့် ငါတော့ မထင်ပါဘူးဟာ၊ ငါ့ဘကြီး အကြောင်း ငါကောင်းကောင်းသိတယ်၊ သူနဲ့စိန်ခေါ်တိုက် ခိုက်ခဲ့ကြတဲ့ သိုင်းပညာရှင် အားလုံးလိုလို ရှုံးခဲ့ကြတာ ချည်းပဲ၊ တစ်ဝက်လောက်ဘသေသွားကြရတာ'

'ကြည့်ကြသေးတာပေါ့ကွာ၊ ဒါထက် သူတို့ကဘာဖြစ်လို့ မိုးထိတောင်ကုန်း တောအုပ်မှာ ချိန်းကြတာလဲ'

သည်စကားကိုတော့ ဖန်လိစန်ကတွေးမိပုံရသည်။

ထိုအခါ စုချိုမင်းရော နှုတ်ဆိတ်မနေ၊ ဝင်ပြောလိုက်ရမှ ကျေနပ်မည့်သဘော။

'မြောက်လူးကျင်းထိုက်က မိုးပျံနဂါးပိုက်ချွန်းထန်နဲ့ ဖဲကြိုး ဝါလုဖန်ရဲဘိုကို မိုးထိတောင်ကုန်း တောအုပ်မှာ သတ်သွား တယ်မဟုတ်လား၊ ဒီတော့ သူတို့နဲ့ ပတ်သက်နှိုးနှယ် နေတဲ့ သဘောဖြစ်မှာပေါ့'

'ဘာကိုဆိုလိုတာလဲ စုချိုမင်း'

ဖန်လိစန်က ဝင်မေးသည်။

'ဩော်... သွေးကြွေး ဆပ်မယ့်လူ ပေါ်လာမှာလို့ပြောတာ လို့— ပါ...'

ထိုအခါ ဖန်လိစန်မျက်နှာပျက်သွားသည်။

ဖန်လိစန်အနေမှာ ကျတော့လည်းသူ့ဘကြီး တော်ပေသူ မို့ဆွေမျိုးစိတ်နှင့်ကျင်းထိုက်အပေါ်သာသာ စိုးထိတ်ပြာနေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကျောင်းထိုက်၏ ဒုစရိုက်လုပ်ငန်း ဒုစရိုက်အမှုတွေ့ ကိုကျတော့မလိုလားမနှစ်မြို့သည်မှာ အမှန်ပါပေ။

'ဖြစ်တော့ဖြစ်နိုင်ပါတယ်လေ'

'သိုင်းလောကမှာ ဒုစရိုက်သိုင်းသမားဘဝနဲ့ခရီးဆက်မယ် ဆိုရင် တစ်နေ့မဟုတ် တစ်နေ့ ဒုက္ခတွေမှာ အမှန်ပဲ မမစန်း။ ဒါကြောင့် မမစန်းတို့ဘကြီးကျောင်းထိုက်ကို ဒုစရိုက်သိုင်းသမား ဘဝက လွတ်မြောက်ဖို့ ကြိုးစားသင့်တယ်နော်'

'ဟိုတုန်းက ရခဲ့ ဘဝနဲ့တောင် နေလာခဲ့တာပဲ၊ အဲဒီ တုန်းကဆိုရင် သိုင်းလောကအရှုပ်အရှင်းတွေနဲ့ ပတ်သက်မှာ တောင် သူကလိုလားတာမဟုတ်ဘူး'

'အဲဒီ ဘဝကို ပြန်မရောက်တာ နှုတ်မြာဖို့ကောင်းလိုက် တာ'

စုချီမင်းကဖြတ်ပြောပြီး ရဲဒင်းကိုသစ်တုံးကြီးတွင်တစ်ချက် စိုက်ထားလိုက်သည်။

* * *



ညနေခင်းလေပြည်သည် တဟူးဟူးတဖြူးဖြူး တိုက်ခတ် လာလေပြီ။

ထိုအခါ လေအေးလေနုကလေး များဖြင့် ပတ်ဝန်းကျင် မှာ စိမ့်၍ အေးလာသည်။

အစာရှာငှက်တို့သည် အခေ့ အရပ်မှ အုပ်ဖွဲ့၍ပျံသန်းလာ နေကြသည်။

မိုးတိမ်သည် လိမ္မော်ရောင်ဆိုးထား၏။

'တောမှာ အနေများပြီး အတွင်းအား လေ့ကျင့်မှုတွေ ရလာတဲ့အချိန်မှာ တိဗက် လားမားကြီး တစ်ဦးနဲ့ တွေ့လိုက် တယ်မဟုတ်လား၊ အဲဒီနောက်ပိုင်းမြေဘီလူးဘွဲ့ ရလာတော့ တာဘဲ'

'ရောင်ပြန်ဓားဟာ သူ့လက်ထဲကို ဘယ်လိုလုပ်ပြီး ရောက် လာတာလဲ ဖန်လီစန်'

'အမေပြောတာ ကြားဖူးသလောက် ပြောရရင် တစ်နေ့ ဘကြီးကျောင်းထိုက်ဟာ မြောက်ပိုင်းနယ်ထဲကအပြန်မှာ မွန်ဂို သိုင်းသမားတွေလိုက်လို့ ထွက်ပြေးရင်းဂူနှိုက်ဝတောင်ပုံ အသူ ရာချောက်ကြီးထဲကို ရောက်သွားတယ်တဲ့'

ဖန်လီစန်ပြောနေသော စကားက ပြောရင်း ပြောရင်း စိတ်ဝင်စားစရာ ဖြစ်လာသည်မို့ စုချီမင်းနှင့် ကွမ်းယုံမင်း တို့မောင်နှမ စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်လာတော့ သည်။

## ၂၀

www.burmeseclassic.com

www.burmeseclassic.com



'အဲ့ဒီမချောက်ကြီးက အရင် မီးတောင်ဟောင်းကြီး တစ်တောင်လို့လဲ အမေပြောတယ်၊ ဘကြီးဒီချောက်ထဲကို ရောက်သွားပြီးတစ်နေရာမှာ ဥမင်လိုဏ်ခေါင်း တစ်ခုကိုတွေ့တယ်လို့ ပြောတယ်၊ ဘကြီးက လူ့တဖောက်ပြန်းတစ်ယောက်မဟုတ်လား၊ အဲဒီဥမင်လိုဏ်ခေါင်းကြီးအတိုင်း ဘယ်အထိပေါက်မလဲဆိုပြီး ဝင်သွားလိုက်တာ အတွင်းပိုင်းရောက်သာလေလေ ဘာမှမမြင်ရလေလေပဲတဲ့၊ အသက်ရှူသွင်း မှုတ်ထုတ်လို့လဲ မရတော့ဘူးတဲ့၊ သူကြံဖန်လုပ်လာတဲ့ မီးတုတ်သွဲ့ ကုန်သွားရောတဲ့'

'ဖန်လီစန်တို့ ဘကြီးကျွင်းထိုက်ဟာ စွန့်စားတဲ့ နေရာမှာ အံ့မခန်းပါလားနော်'

'ဟုတ်တယ်....ဘကြီးကလူတစ်မျိုး၊ကောင်းတာပဲလုပ်လုပ် ဆိုးတာပဲလုပ်လုပ် တစ်ဖက်ကမ်းခပ် လုပ်တာ'

ထိုအခါ စုချီမင်းကမနေသာ။

သူသိချင်တာက ဥမင်လိုဏ်ခေါင်းခရီးစဉ်။

အခုကြားနေရတာက ကျွင်းထိုက်၏ လူ့စရိုက်၊တခြားစီ ဖြစ်နေသည်။

သည်တော့ စုချီမင်းက....

'ဥမင်လိုဏ်ခေါင်းထဲ ရောက်သွားတဲ့နောက် ဘာ ဖြစ်သေးလဲ'

ဟု ဝင်မေးရသည်အထိ ဖြစ်လာသည်၊

'ဩော်... အင်း....အဲဒီလူ ဘယ်တောင် ရောက်သွားမှန်းမသိဘူး'



အသက်ရှူလို့မရတော့ဘူးဟာ'

ဟုကွမ်းယိုမင်းက စလားစကိုဆက်လာသည်၊

သည်တော့ ဖန်လီစန်က သူပြောသည့် အကြောင်းအရာကို သတိရလာသည်၊

'အဲ့ဒီလို အမှောင်ထဲမှာ မူးမေ့ လဲသွားလိုက်တာ ဘယ်လောက်ကြာသွားမှန်း မသိတော့ဘူးတဲ့၊ သူ့ကိုယ်သူကတော့ သေပြီလို့ပဲမှတ်တာပေါ့လေ၊ သတိရလို့မျက်လုံးဖွင့်ကြည့်လိုက်တဲ့အခါမှာလူပုကလေးတွေကိုတွေ့ရတော့တာပဲတဲ့၊

'တွေ့တွေ့ချင်းကတော့ လူပုကလေးတွေကို သူက လူလို့ထင်တဲ့ တိရစ္ဆာန်ပဲလား၊ ဒါမှမဟုတ် နာနာဘာဝတွေပဲလားပေါ့၊ နောက်မှ မြေအောက်လိုဏ်ဂူ တွင်းအောင်း လူပုလေးတွေမှန်း သိရတယ်တဲ့'

'အသက်ရှူလို့ မရဘူးဆို'

'အသက်ရှူကျပ်တာပါ၊ ဒါလဲ ပန်းပွင့်တစ်မျိုးကို ရှူခိုင်းတဲ့နောက်မှာ အသက်ရှူမကျပ်တော့ဘူးလို့ ပြောတယ်'

'ဟာ...အတော်ဆန်းကြယ်တာပဲနော်'

'အဲ့ဒီလူပုကလေးတွေအားလုံးဟာ အဝတ်အစားလဲ မရှိကြဘူးလို့ ပြောတယ်၊ သဘာဝအတိုင်း နေနေကြတာပေါ့၊ ဘာစားသလဲဆိုတော့ မြေကြွက်တွေနဲ့ မြေအောင်းသတ္တဝါတွေ စားကြတယ်တဲ့၊ တစ်နေ့ အဲ့ဒီလူပုကလေးတွေက ဘကြီးကျွင်းထိုက်ကိုခေါ်သွားပြီး အရိုးစုတစ်ခုကို ပြတယ်တဲ့၊ အရိုး [illegible] တို့လိုသာမန်လူ အရိုးစုတဲ့။

www.burmeseclassic.com



'ထူးဆန်းတာက ဒီအရိုးစုတွေနဲ့အတူ ရောင်ပြန်ခါးတ… တွေ့ခဲ့ရတဲ့အချက်ပဲ၊ လူပုကလေးတွေက အရိုးစုကိုနတ်ဒေဝ… တင်ပြီး နတ်ဒေဝါရဲ့ပစ္စည်းမို့ မထိရဲမကိုင်ရဲတဲ့သဘော ဖြ… နေတာလို့ အမူအရာနဲ့ပြောကြသတဲ့၊ ဒါနဲ့ ဘကြီးကျင်းထို… ကို ပြန်ပို့တဲ့အခါမှာ အဲ့ဒီရောင်ပြန်ခါးကိုပါ တစ်ပါတည်း… ပေးလိုက်တယ်လို့ ပြောတာပဲ'

'နေပါဦး....ဒီခါးကို သူရရှိခဲ့စဉ်က ရောင်ပြန်ခါးမှန်း… သိလို့လား'

'ဘယ်သိမှာလဲ စုချိုမင်းရဲ့၊ နောက်မှသိရတာပေါ့၊ ဒီကိစ္စနဲ့ ပတ်သက်လို့တော့ ဘကြီးကျင်းထိုက်ဟာ အမှန်ကို မပြော… ခဲ့ဘူး'

'စိတ်ဝင်စားစရာတွေပါပဲ'

'စိတ်ဝင်စားစရာဆိုလို့ ပြောရဦးမယ်၊ ဘကြီးကျင်းထိုက် ဟာ ကံဒီမီးငြိမ်းတောင်ကို နောက်တစ်ခေါက် သွားသေး… တယ်တဲ့'

'လူပုကလေးတွေနဲ့ တွေ့ခဲ့သေးလား'

ကွမ်ယုံမင်းက သိလိုဇောနှင့် မေးလိုက်လေသည်။

'အဲဒါပြောမလို့၊ မီးငြိမ်းတောင်ကိုသာ တွေ့ခဲ့တယ်၊ ဂူ… တောင်ပံချောက်ကြီးကိုလဲ တွေ့ခဲ့ရတယ်တဲ့၊ ဥမင်လိုဏ်ခေ… အပေါက်ကို လုံးလုံးရှာလို့မတွေ့ရဘူးတဲ့၊ ဒါကြောင့်လဲ ဘကြီး…



ကျင်းထိုက်က ရောင်ပြန်ခါးကို သူ့ဘိုက်လို့ရတယ်၊ နတ်ပေး တဲ့ခါးလို့ ယုံကြည်နေတယ်ပေါ့'

မည်သို့ဆိုစေ စုချိုမင်းကတော့ ခေါင်းတညိတ်ညိတ်။

★

www.burmeseclassic.com

## အခန်း (၅၉)

မြွေဘီလူးကျင်းထိုက်အား မိုးထိတောင်ကုန်း တောအုပ်တွင် တိုက်ခိုက်ရန် ချိန်းဆိုထားသော်လည်း အဓိကချိန်းဆိုရက်ကား မပါရှိခဲ့။

ထို့ကြောင့် သိုင်းလောကသားတွေက မြွေဘီလူးကျင်းထိုက်ကို သက်သက်ကလီသွားခြင်း၊ မတိုက်ခိုက်ရဲဘဲ ဟန်ရေးပြသွားခြင်းသာ ဖြစ်သည်ဟုဆိုကြသည်။

သို့သော် ဤအချက်ကို စုချီမင်း မေ့ကျန်သွားခြင်းမဟုတ်၊ တမင်မထည့်လိုက်ခြင်းသာ ဖြစ်သည်။



မြွေဘီလူးကျင်းထိုက်အား နေ့ရက် အတိအကျဖော်ပြပြီး ချိန်းဆိုလိုက်ပါကလည်း ထူသည် တစ်ခုသော လပြည့်ညကိုသာ ပြန်သည်ချိန်းဆို တိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း စုချီမင်း သိထားသည်။

ရှီးပျံနဂါး ပိုက်ချန်းထန်နှင့် ဖဲကြိုးပါလုဖန်ရဲတို့ကို ကျင်းထိုက် တိုက်ခိုက်အနိုင်သူခဲ့သည်မှာလည်း လပြည့်နေ့တစ်နေ့ပင် မဟုတ်ပါလား။

ထို့ကြောင့် လပြည့်နေ့ရောက်တိုင်း မိုးထိတောင်ကုန်း တောအုပ်က သွားစောင့်ရုံသာ ရှိသည်ဟု စုချီမင်းယုံကြည်သွားသည်။

သည်ညသည်လပြည့်နေ့ည။

မှောင်သန်းယှက်လာသည်နှင့် ပြည့်ဝိုင်းနီမြန်းသော လပြည့်ဝန်းကြီးသည် မိုးထိတောင်ကုန်း တောထက်စွင် ဘွားခနဲပေါ်၍ ထွန်းလင်းလာချေပြီ။

တောအုပ်ကား အအေးဓာတ်ဖြင့် ရစ်သိုင်းခြုံလျှက်။

အရောရောတို့က တစ်ညတာခရီးကို ကျော်ဖြတ်ရန် တာစူနေကြပြီ။

ကျေးငှက်အော်မြည်သံ လေတိုးသံနှင့် ရေတံခွန်စီးကျသံတို့က မိုးထိတောန်ကုန်းတောအုပ်ကို လွှမ်းခြုံဖွဲ့စည်းထားသေသည်။

ပြီးတော့မှ အရာရာတို့သည် မိမိတို့၏ လှုပ်ရှားမှုများကို လေ့ရှက်မျှားသိမ်းသလို တစ်စတစ်စသိမ်းယူကာ တိတ်ဆိတ်ခြင်းဆီသို့ မျက်နှာမူလိုက်လေတော့သည်။

www.burmeseclassic.com



ထိုအချိန်တွင် ဘောအုပ်ဆီသို့ အနက်ရောင်ပုဆိုးကြီး ဝတ်ထားပြီး ဓားတစ်လက်ကို နောက်ကျောတွင် လွယ်ပိုးထားသော လူကြီးတစ်ယောက်သည် လရောင်ကို မော့၍မော့၍ ကြည့်လျက် ခပ်မှန်မှန် လျှောက်လှမ်းသွားချေပြီ။

သူကား မြေဘီလူးကျွင်းထိုက်ပင် ဖြစ်ပေသည်။

သူသည် မည်သူ့ဘင်ဦးတစ်ယောက်ကိုမျှ မမှုသော ဟန်ဖြင့် လျှောက်လှမ်းနေသည်။

တောအုပ်အတွင်းသို့ ရောက်သောအခါ ခြုံမင်းတို့စခန်းထောက် အခုဆောက်အအုံကလေးသို့ ဟည့်ဘည့် မတ်မတ် လျှောက်လှမ်းလာပြန်သည်။

အိမ်ကလေးအနီးသို့ ရောက်သောအခါ အသာရပ်နေလိုက်သည်။

အိမ်ကလေးထဲတွင် မီးထွန်းညှိထားသည်ကို တွေ့ရ၏။



ကျွင်းထိုက်သည် နောက်ကျောရှိ ရောင်ပြန်ဓားကို ဆွဲထုတ်လိုက်သည်။

'ရှမ်း....'

ဓားကို ဆွဲထုတ်ပြီးသောအခါ လရောင်အောက်တွင်ဆန့်တန်းလိုက်သည်။

လရောင်ကို စုပ်ယူလိုက်ခြင်းသဘောပင်။

ဓားမှာ တဖြည်းဖြည်းလေးလံလာ၏။

ထိုအခါသူသည် ဓားကိုခါထုတ်လိုက်လေသည်။

'ရှမ်း....ရှမ်း'

အသံလှိုင်းများလှိုင်းထ၍ပြန်သွားလေသည်။

ထို့နောက် ရောင်ပြန်ဓားကို ဓားအိမ်တွင် ပြန်သွင်းထားလိုက်ပြီး အိမ်ကလေးသို့ ဆက်လျှောက်လာလေသည်။

အိမ်ထဲတွင် သိုင်းသမားတစ်ယောက်ရပ်နေသည့်ဟန်ပုံရိပ်တစ်ရိပ်ကိုတွေ့သည်။ ●

ပုံရိပ်က ကျွင်းထိုက်ကို ခြောက်လှန့်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် ပုံရိပ်သည် မိုးပျံနဂါးပိုက်ချွန်းထန်၏ ပုံရိပ်ဖြစ်နေသောကြောင့်ပင်။

ပိုက်ချွန်းထန်တစ္ဆေက မိမိအား ခြောက်လှန့်နေပြီလား။

ကျွင်းထိုက်သည် ပတ်ဝန်းကျင်ကိုခလ လာအကဲခတ်လိုက်ပြီးနောက် ဓားကိုဆွဲထုတ်လျှင်ထုတ်ချင်း မှန်တံခါးကိုဒုန်းခနဲဖောက်ထွင်း၍ ဝင်ရောက်သွား၏။

'ဝုန်း....'

အသံဗလံများနောက်တွင် ရေး၍ဘာနဲ့ခါပြီ။

www.burmeseclassic.com



ခန္ဓာကိုယ်သည် ရေ့သို့သာ ကိုယ်ဖော့ပည်ာဖြင့် အလျားထိုး အမြန်နှုန်းဖြင့် တိုးဝင်သွားကာ, ပုံရိပ်၏ခါးဆီသို့ခုတ်ပိုင်းလိုက်လေတော့သည်။

'ရှမ်း....'

★

# အခန်း (၆၀)

လူတစ်ယောက်၏ ပုံရိပ်သည် အပေါ်ပိုင်း တစ်ခြား၊ အောက်ပိုင်းတစ်ခြား ပြတ်လွင့်သွားပြီးနောက် ဆန့်ကျင်ရာ အရပ်နှစ်ခုတို့တွင် တဗုန်းဗုန်း ကျရောက်သွားလေတော့၏။

လူကား မဟုတ်၊

အရုပ်တစ်ရုပ်။

ထို့နောက်အပေါ်ဘက်မှ သံမဏိကြိုး ပိုက်ကွန်ကြီးတစ်ခု ပြုတ်ကျလာပြီး ကျင်းထိုက်ကိုအလွယ်တကူဖမ်းချုပ်လိုက်သောသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်း ဖြစ်ပေါ်လာသော မီးတွေအလျှံလျှံထ ကာ အရှိန်ပြင်းစွာ ရှတ်ဘရက် ထလောင်လာခြင်းပင်။

အိမ်ကလေး မီးလောင် ပြာကျသွားသော်လည်း ကျွင်းထိုက်ကား မီးလောင်ကျွမ်းခြင်းလုံးဝမရှိ။

အပူဟပ်သွားခြင်းပင်မရှိခဲ့။

ခုန်ပျံထွက်လာခဲ့၏။

ကျွင်းထိုက်သည် ခါးဆောက်ရပ်လိုက်ပြီး မတ်ခန်းကျွင်ကို သေလာလိုက်၏။

'ဝှီး....'

'ဒေါက်....ဒေါက်....ဒေါက်'

ခေါ်ပျံလက်နက်ပုန်းများသည် မည်သည့်နေရာမှ ပေါ်ထွက်လာသည်မသိ၊ တစ်ခုပြီးတစ်ခုပြေး၍ထွက်လာပြီး သစ်ပင်ကြီးများ၏ပင်စည်တွင် စိုက်၍စိုက်၍သွားလေပြီ။

ကျွင်းထိုက်သိလိုက်ပြီ။

စိန်ခေါ်သူ သိုင်းသမားသည် မိမိအား ခေါ်ပျံများဖြင့် လှမ်းညွှန်နေပြီ မဟုတ်ပါလား၊

ကျွင်းထိုက်သည် ခေါ်ပျံများ ညွှန်သည့်ဘက်သို့ ဆက်လျှောက်သွားနေသည်။

'ဝှီး....'

'ဒေါက်....ဒေါက်....ဒေါက်'

ခေါ်ပျံတွေက ဆက်၍ ထွက်ပေါ်လာပြန်သည်။

သို့နှင့် ဆက်လက်၍လျှောက်၏။



တောင်ကုန်းမြင့်ပေါ်သို့ ရောက်ရှိလာသော အခါ မိုးပျံနဂါးနှင့် ဖဲကြိုးဝါတို့၏မြေပုံနှစ်ပုံက ဆီးကြိုနေလေပြီ။

'ချိန်းသာချိန်းလိုက်ရတယ်၊ မင်း လာမှ လာပါ့မလားလို့ မျှော်တောင်နေရသေးတယ်၊ လာသားပဲကွ'

စကားသံကိုသာ ကြားရသည်။

အသံရှင်ကို မမြင်ရသေး။

'မြေဘီလူးကျွင်းထိုက်ကွ သိတယ်မဟုတ်လား၊ ကဲ....ဘာကြောင့်ပုန်းနေရတာလဲ၊ သတ္တိမရှိလို့လား၊ထွက်ခဲ့လေကွာ'

'အဆင့်မြင့် သိုင်း သမားဆိုတာ ဣန္ဒြေရှိရှိပေါ့ကွာ၊ ငါ ငါ့အခုထွက်လာရမှာက မြေပုံထဲကဆိုတော့ မလွယ်လို့ပါ။ ဟား....ဟား....ဟား'

ထိုစကားကို ကြားလိုက်ရသော မြေဘီလူး ကျွင်းထိုက် ကြောင်စီစီဖြစ်သွားသည်။

မြေပုံများကို စူးစူးစိုက်စိုက် ကြည့်နေသည်။

ထိုစဉ်....

မြေပုံနှစ်ပုံက—မြေစာခဲများဖွာခနဲဖွာခနဲ အပေါ်သို့လွင့်တက်လာသည်။

လေတိုးသံများ တဟူးဟူး ။

ထို့နောက်တော့....

'ဖွမ်း'ဟူသော အသံကြီးတစ်သံနှင့်အတူ လူအရိပ်နှစ်ရိပ်၊ လရောင်တွင် ထင်ထင်ရှားရှား တွေ့လာရသူ များကား မိုးပျံနဂါး ပိုက်ချွန်ထန်နှင့် ဖဲကြိုးဝါ လုံဖန်ရဲတို့ ဖြစ်နေသည်။

www.burmeseclassic.com



သူတို့က သေဆုံးခဲ့ကြသူများ မဟုတ်ပါလား။

သူတို့က ဘယ်သူတွေလဲ နာနာဘာဝတွေလား။

မည်သို့ဆိုစေ မြေဘီလူး ကျင်းထိုက်ကတော့ နည်းနည်းလေးမှမကြောက်။

ရောင်ပြန်ဓားကို ဆွဲထုတ်လိုက်လေသည်။

ဓားပြားတစ်လျှောက် လရောင်ဖြင့် ဝင်းသက်သွား၏။

ထို့နောက် အတွင်းအား စုစည်းမှုဖြင့် အရောင်တွေထွက်နေသောဓားကို အဆက်မပြတ်ဝှေ့ယမ်းပြီး လှုပ်ရှားမှုအရှိန်လှိုင်းဖြင့် မိုးပျံနဂါးပိုက်ချန်းထန်နှင့် ဖဲကြိုးဝါလုဖန်ရဲတို့ကို ခုန်ဝင်တိုက်ခိုက်သည်။

ဓားသံများကား ဆူညံမြည်ဟိန်းသွား၏။

ကျင်းထိုက် ခုန်ဝင်တိုက်ခိုက်ပုံမှာ အလွန် လျင်မြန်လှသည်။ ပြင်းကလည်း ပြင်းထန်လှသည်။

မြည်ဟိန်းသွားသောအသံမှာ ကြောက်မက်စရာ ကောင်းလှ၏။

အနားရှိငှက်များပင် ထပျံကုန်၏။

ဤသို့ ဝင်းလက်စူးရှသော ထူးဆန်းလှသည့် အလင်းရောင်နှင့်အတူ မြန်ဆန်ပြင်းထန်လှသော တိုက်ကွက်မျိုးကို ခုခံကာကွယ်နိုင်သော အရည်အချင်းသည်ပင် အံ့သြစရာဖြစ်သည်။

အမှန်တော့လည်း မြေပုံထဲမှလူသေ အလောင်းကောင်များဟန်ဖြင့် သူ့ထံခုန်ထွက်လာသူ သိုင်းသမားနှစ်ဦးသည်



မိုးအိမ်နီဂိုဏ်းချုပ် ကောင်းကင်နဂါးမန်ယင်မင်းနှင့် မြောင်လူမျိုး ရုပ်ပြောင်းရှင်လွဲဝိဇ္ဇာ ဝမ်ယုထုံတို့ မဟုတ်ခဲ့လျှင် ထိုနေရာတိုက်ကွင်းမှုပင် အေးစက် မာကျောသွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

ဝမ်ယုထုနှင့် ဖန်ယင်မင်းတို့ ပြန်လည်တွေ့ဆုံပြီး အချိန်မီ စီစဉ်လိုက်ရသော အစီအစဉ်မို့လည်း မြေဘီလူးကျင်းထိုက်အဖို့ သူသတ်ထားခဲ့သော လူသေအလောင်းကောင်များနှင့် ပြန်လည်တိုက်ခိုက်နေရပြီး၊ အထင်ရောက်ကာ စိတ်အကြည်ဓာတ် မရှိဘဲဖြစ်နေသည်။

ဖန်ယင်မင်းနှင့် ဝမ်ယုထုတို့နှစ်ဦးမှာ သွေးအဆိပ်ခွာ ကိုင်ထားသူ မဟုတ်။

ထို့ကြောင့် ရောင်ပြန်ဓား အရိပ်အခြည်ကို ကြည့်ပြီး လှုပ်ရှားနေရသည်။



ပထမတိုက်ကွက်တွင် မည်သူ့မည်သူမျှ အသာစီးမရဘဲ တူညီစွာ ခံစားလိုက်ရသည်သာ။

ထိုအချိန်တွင် တိုက်ကွင်းအတွင်းသို့ အပေါ်ဘက်မှ အဖြူရောင်စဉ်တန်း တစ်တန်းကျလာရောက်လာခဲ့လေသည်။

သွေးအဆိပ်ဓားကို ကိုင်လျက်ရှိနေသော စုချီမင်း ဖြစ်သည်။

သူ၏အတွင်းအား ထူးခြားမှုဖြင့် မျက်နှာထက်တွင် ချွေးများ စို့ရွှဲနေသည်။

တိုက်ပွဲက စပြီ။

ဆိပ်တန်း သိုင်းပညာရှင်ကြီးတွေ တွေ့ကြသည့် ပွဲဖြစ်နေချေပြီ။

တစ်ဖက်က မီးအိမ်နီဂိုဏ်း သားအဖနှင့် မြှောင်လူမျိုး သိုင်းပညာရှင် ဝမ်ယုထု။

ဆန့်ကျင်ဘက်တွင်ကား ရောင်ပြန်ဓား ကိုင်ဆောင်နေသူ။

မြေဘီလူးကျင်းထိုက်။

သုံးဦးတစ်ဦးမို့ ဘက်နှစ်ဘက်မှာ မမျှတ။

သို့သော် အားကောင်းနေသော ဒုစရိုက်သားကောင် တစ်ကောင်ကို ဤသို့ဝိုင်းဝန်း တိုက်ခိုက်ခြင်းမပြုလျှင် အချိန်ကြာမည်။

အချိန်ကို အကုန်မခံနိုင်။

www.burmeseclassic.com



သို့နှင့် မီးအိမ်နီဂိုဏ်းချုပ်ကြီး ဖန်ယင်မင်းသည် အတွ အားကို အဆင့်ခုနစ်ဆင့်အထိ မြှင့်တင်လိုက်ပြီး ခြေလှမ်းမျ ကို ကြက်ခြေခတ် ပြုလုပ်လိုက်သည်။

ကြက်ခြေခတ် လှုပ်ရှားမှုများမှလေလှိုင်းခတ်သံများထ ထွက်လာသည်။

ဓားကိုအထက်သို့ ဆန့်တန်းပြီး မိုးကောင်းကင်မြင့် လ လုံးဆင့် သိုင်းကွက်ကို အသုံးပြု၍ ကျင်းထိုက်ကို တိုက်ကွ သုံးကွက်ထိတိ ဆက်တိုက် တိုက်ခိုက်လိုက်၏။

မအောင်မြင်။

ဝင်းခနဲ စူးစူးရှရှအလင်းရောင်ကြောင့် ခန္ဓာကိုယ် ထ လုံးချာချာလည်ကာ နောက်သို့လွင့်သွားရသည်ချည်းပင်။

ထိုလှုပ်ရှားမှုကို မြင်လိုက်သူမှာ ရှပ်ပြောင်းရှပ်လွဲ ဝိ ဝမ်ယုထုံ ဖြစ်သည်။

သူသည် ခါးတွင်ပတ်လည်ချိတ်ယူလာခဲ့သော ဓားမြ ငါးလက်ကို တစ်လက်ပြီးတစ်လက် ခေါင်းပေါ်သို့ပစ်တ လိုက်လေရာ ဓားမြှောင်ငါးလက်သည် လက်ခုပ် တစ်ဖေ လောက်မြင့်သောတစ်နေရာတွင် ဓားမြှောင် ငါးလက် ဆိုင်းသဖွယ်ဖြစ်နေသည်။

ထိုဓားမြှောင်ငါးလက်ကို အောက်မှ အတွင်းအား ဟာလည်ပတ်ခုတ်ပိုင်းခြင်းဖြင့် တွန်းလွှတ်လိုက်သည်။

အရှိန်က ပြင်းထန်လှသည်။

'ရှီး....ရှီး'

'ဟူး....ဟူး....ဟူး'



ဤတိုက်ကွက်သည်တစ်ဖက်ရန်သူ၏ ဝမ်းဗိုက်များကို လျှပ် စ်မိုးကြိုးစက်ကွင်း စီးစေလျက် အက်ကွဲသွားနိုင်လင့်ကစား ရနိုင်ခဲ့။

စူးရှသောအလင်းတန်း တစ်ခုက ခရမ်းလွန် ရောင်ခြည် ားပြိုးပြိုးပြက်ပြက် ထွက်ကာ မျက်လုံးအိမ်များ အတွင်းသို့ နေစ်ဝင်လာသည်။

ထိုအခါ တိုက်ကွက် အစီအစဉ်များအားလုံး ပျက်စီးပြီး ခန္ဓာကိုယ်လည်း နောက်သို့မြောက်၍ လွင့်စဉ်သွားလေတော့ သည်။

အတွင်းအားကောင်းနေ၍သာ ခံသာသည်။

ဤသည်ပင် လက်ဝဲမောင်းတစ်ဖက် သွေးခြင်းခြင်းနီရဲသွား သည်။

မည်သူ့ဓားချက်ထိသွားသည်ပင် မသိလိုက်။

'ဟား....ဟား....ဟား'

မြေဘီလူးကျင်းထိုက်ကိ၏ အသံနက်ကြီးဖြင့် ရယ်မော ိုက်သောအသံဖြစ်သည်။

'ဘယ်လိုလဲ အသေကောင်တွေ၊ ခပ်မျက်မျက် ခံသွားရပြီ ဟုတ်လား၊ ဒါအစပဲ ရှိသေးတယ်၊ ချောင်ပြန်ဓားရဲ့ မဆို အလောက်အစွမ်းအစပဲရှိသေးတယ်'

မြေဘီလူးကျင်းထိုက်သည် တိုက်ကွင်းအလယ်တွင် ချောင် န်ဓားကို ဇွေ့ယမ်းအော်ဟစ်ပြောလိုက်နှင့်မြူးတူးပျော်ရွှင် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စုချီမင်းက အတွင်းအားတွေကို မိမိကျင့်ထား သမျှ အကုန်ထုတ်ပြီး အမြင့် ဆယ်ပေလောက် ခုန်တက်လိုက် သည်။

## အခန်း (၆၂)

ဒါလည်းတိုးမရ။

မိမိသာ လွင့်၍ လွင့်၍ နောက်သို့ တပုန်းပုန်း လဲကျ သည်။

သို့သော်...

စုချီမင်းတိုက်တွက်အချိန်ကို မရပ်မနား ဆက်သက် တိုက် ခိုက်သည်။

တစ်လက်ခဝင်ရန်ပင်ခက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ သွေးအဆိပ်ခေါးက တဆတ်ဆတ် လှုပ်ရှားလာသည်၊

၄င်း ကြည့်လိုက်ရာ ခေါးဦးတွင် သွေးစချွား စွန်းထင်း နေသည်၊

မည်သူ့ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခုကိုခုတ်ဖိုင်းမိသည် မသိလိုက်ပေ။

ထိုအခါမှိမိလက်ထဲ၍ သွေးအဆိပ်ခေါးသည် ကိုင်လျက်က အလွန် ပေါ့ပါး သွားလေသည်၊

ထူးဆန်းနေပါကလား။

စုချိမင်းခေါးကို ဆလိုက်သည်။

'ဒန်....ဒန်....ဒန်'

မြည်ဟည်းသံများနှင့် အတူ သွေးအဆိပ်မှ ဖြူရော်ရော် မီးခိုးများအလုံးလိုက်ထွက်ကာ စုချိမင်း ခန္ဓာကိုယ်ကို ဖုံးအုပ်ကာကွယ်ထားလေတော့သည်။

အခုတော့ ရောင်ပြန်ခေါးမှ ထွက်ရှိသော အလင်းရောင်များသည် အဖြူရောင်မီးခိုးငွေ့များကို မထိုးဖောက်နိုင်တော့ပြီ....။

'မှား....'

'ယား....'

'ယား....'

သည်တော့မှ စုချိမင်းသည် သွေးအဆိပ် ခေါးကို ခေါင်းပေါ်တွင်ထား၍ ခေ့ ဝိုက်ကာ မြေဘီလူးကျောင်းထိုက်၏ ရှေ့



သို့ပြေးဝင်ပြီး တယ်ညာအစုံ သိုင်းကွက်ဖြင့် ခုန်ဝင်တိုက်ခိုက်သည်၊

'အင့်....'

'အွန့်....'

'အား....အား....အား'

မြေဘီလူးကျောင်းထိုက် လုံးဝခံနေရချေပြီ။

ရောင်ပြန်ခေါးသည် သွေးအဆိပ်ခေါးကို မတိုးတောက်နိုင်တော့။

ကျောင်းထိုက် မျက်လုံးပြူးသွားသည်၊

ထိုအချိန်မှာပင် စုချိမင်းက အထွင်းအားကို မီးသွင်း၍ ထားသည့် အဆင့်မြင့်ဆုံး မြင့်၍မြေဘီလူးကျောင်းထိုက်၏ ရောင်ပြန်ခေါးကိုခုတ်ပိုင်း၍ ချိုးပစ်လိုက်၏။

'ခြဖြာင်း....'

ရောင်ပြန်ခေါးက တသွင်သွင် ကျိုးသွားပြီ၊

မြေဘီလူးကျောင်းထိုက်လည်း တစ်ကိုယ်လုံးမှသွေးများပန်းထွက်ကာ ဒူးညွတ်၍ လဲကျသွားလေသည်၊

ထိုအချိန်တွင် နောက်ဘက်မှာ အသံတစ်သံကို ရုတ်ခြင်းကြားလိုက်သည်၊

'စုချိမင်း....'

ဖန်လိစန်၏အသံပါလား၊

စုချိမင်းသိလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဆည်မိန်းကလေး တာကြောင့်လိုက်လာပါလိမ့်ဟု တွေး မိဆဲ၊

လဲနေသော မြော်လူးကျင်းထိုက် လဲနေရာမှ ဝုန်းခနဲထ လာသည်၊

ထက်ပိုင်းပြတ်နေပြီဖြစ်သော ရောင်ပြန်မှားကို အသုံးမပြု တော့ဘဲ ညာဘက်လက်တံကို မြှောက်ပြီး စုချီမင်း၏ နောက်ကျောကို လက်ဝါးစောင်း တစ်ချက် ရိုက်သွင်းလိုက် သည်၊

စုချီမင်း သတိလက်လွတ် ဖြစ်သွားသည်မှာ အမှန်၊
တော်သေးသည်။

မီးအိမ်နီ ဂိုဏ်းချုပ်ကြီး ဖန်ယင်မင်းက ဆန်လန်ဖြတ် ခုန်ပျံ ပြေးဝင်လာပြီး ကျင်းထိုက်၏လက်ကို ရိုက်ချိုးပစ် လိုက်သည်။

'ခဖြောင်း...'

ကျင်းထိုက်၏ လက်တစ်ဖက်သည် ဖန်ပုလင်း တစ်ပုလင်း ရိုက်ခွဲခြင်းခံရသလို ကျိုးကြေသွားလေတော့သည်၊

သို့သော်....

ကျင်းထိုက်က ခန္ဓာကိုယ် တစ်ပတ်လှည့်ပြီး ခြေဖျားကန် ချက် တစ်ချက်ဖြင့် စုချီမင်းကို ကန်လိုက်ပါသေးသည်၊

မမီတော့ပြီ၊

မမီသည့်အပြင် အပေါ်မှ ခုန်ပျံကျလာသော ဝမ်ယုထုံ၏ ပင့်တင် ခုတ်ခွဲလိုက်သည့် ဓားချက် တစ်ချက်ဖြင့် မြော်လူး



ကျင်းထိုက်၏ ရင်သည်ပွင့်ထွက်ကာ သွေးများဖန်းထွက်စီးကျ လာလေတော့၏၊

ထိုသွေးများက မျက်နှာပြင် တစ်ပြင်လုံးသို့ ဖန်းထွက်စီးခဲ့ စေရကား ကျင်းထိုက်၏မျက်နှာ တစ်ခုလုံးသည်း သွေးများဖြင့် သာ နီရဲစွန်းထင်းသွားရှလေ၏။

ကျင်းထိုက်သည် သူ၏အဖြစ်ကို ငုံ့ကြည့်ပြီး ပြုံးလိုက်လေ သည်။

လက်တစ်ဖက်က တွဲလောင်းကျလျက်။

ကျန်လက်တစ်ဖက်က ရင်ဘတ်ကို ဖိကပ်ထားသည်။

မျက်လုံးအစုံမှာ ပြူးကြောင်ကြောင်၊

ပြူးကြောင်ကြောင် မျက်လုံးအစုံက တူမဖြစ်သူ ဖန်လီစန် ကို စေးကြည့်နေသည်၊

ထို့နောက် ဖုန်းခနဲ မြေကြီးပေါ်သို့လဲကျသွားလေတော့ သည်။

ဖန်လီစန်သည် သူ့ဘကြီး ကျင်းထိုက်မှန်း သိသည်နှင့် အလောင်းဘေးတွင် ဒူးထောက်ထိုင်ချပြီး ငိုကြွေးရှိုက်ငင်နေ တော့၏။

*　　*　　*



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ တစ်နေ့သစ်ပြန်ပြီ။

နံနက်ခင်း နေခြည်သည် သစ်လွင် တောက်ပခြင်းဖြင့် လောကအလှသစ် ပန်းချီကားတစ်ကားကို ရေးဆွဲဖော်ပြလိုက်လေသည်။

နံနက်ခင်း အစာရှာ ငှက်အုပ်တို့ကား အရှေ့အရပ်ဆီသို့ နိမ့်ချည်မြင့်ချည် ပျံသန်းနေကြသည်။

မိုးထိတောင်ကုန်း တောအုပ်အတွင်းမှသိုင်းသမားလေးဦး ခြေလှမ်းညီညီဖြင့် ထွက်လာကြသည်။

သူတို့အားလုံး စကားမပြောကြ။

သူတို့ကြုံတွေ့ခဲ့ရသော အနိဋ္ဌာရုံမြင်ကွင်းက သူတို့အမြင်အာရုံထဲ ခုထိ စွဲငြိနေဟန်တူသည်။

သူတို့ကား....

မိုးအိမ်နီဂိုဏ်းချုပ်ကြီး ဖန်ယင်မင်း၊

မြောင်လူမျိုး ရုပ်ပြောင်းရုပ်လွဲဝိဇ္ဇာကြီး ဝမ်ယုထု၊

စုံချီမင်းနှင့် ဖန်လိစန်တို့ပင် ဖြစ်သည်။

တောအုပ်မှ ထွက်လာကြပြီးနောက် လမ်းဆုံလမ်းခွဲ တစ်နေရာသို့ အရောက်တွင်ကား ရပ်လိုက်ကြသည်။

ထို့နောက်....

စုံချီမင်းက သူလွယ်ထားသော သေးအဆိပ်ခေါးကို ဖြုတ်ပြီး ဖခင်ဖြစ်သူ မိုးအိမ်နီဂိုဏ်းချုပ်ကြီး၏ လက်သို့ ပြန်လည်အပ်နှံသည်။



ဖန်ယင်မင်းက သေးအဆိပ်ခေါးကို လက်ခံယူရင်း....

'ငါ့သား တာဝန်ကျေပါတယ်ကွယ်'

ဟု ပြောလိုက်ပြီးနောက် ဝမ်ယုထုကို မော်ကြည့်လိုက်သည်။

'ကဲ...ကျုပ်တို့ ဒီနေရာမှာပဲ လမ်းခွဲကြတော့မှာမို့ ဒီသေးအဆိပ်ခေါးကို ပိုင်ရှင်ဝမ်ယုထုလက်ထဲ ပြန်အပ်ပါတယ်၊ ဒီလိုခေတ္တ အသုံးပြုခွင့်ပြုရုံမကဘဲ လူကိုယ်တိုင် အကူအညီပေးခဲ့တဲ့အတွက် ကျေးဇူးအထူးတင်လှပါတယ်'

ဖန်ယင်မင်းကစကားအဆုံးတွင် သေးအဆိပ်ခေါးကိုဝမ်ယုထုအား ပေးအပ်လိုက်လေသည်။

'ကျုပ်ကလဲ မိုးအိမ်နီဂိုဏ်းချုပ်ကြီးဖန်ယင်မင်း အပေါ် အထင်အမြင်လွဲမှားပြီး မလိုအပ်တဲ့တိုက်ခိုက်မှုတွေ ဖြစ်ခဲ့ရတဲ့အတွက် စိတ်မကောင်းစွာနဲ့ တောင်းပန်ခဲ့ပါတယ်'

ဟု ဝမ်ယုထုကပြောပြီး ခေါးကိုလွယ်လိုက်လေသည်။

'တောင်းပန်စကားကို မင်္ဂလာစကားအဖြစ် ကျုပ်တို့သားအဖက လက်ခံပါတယ်၊ ကဲ....နေမမြင့်မီ သွားပေဦးတော့ ဝမ်ယုထု'

ထို့နောက်တော့ ဝမ်ယုထုသည် နေရောင်ကို တစ်ချက်မော်ကြည့်ပြီး အရှေ့မြောက် အရပ်ဆီသို့ မျက်နှာမူလျက် လက်ပြနှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းဆင်ခြေလျှောအတိုင်း မြက်ရိုင်းတောကြီးကို ဖြတ်ကျော် ဝေးကွာသွားသော ဝမ်ယုထု အားတောင်ကုန်းထိပ်တစ်နေရာတွင် ရပ်လျက်ရှိနေကြသော ဖန်ယင်မင်း၊ စုချိုမင်းနှင့် ဖန်လိစန်တို့သည်ကား လက်ပြနှုတ်ဆက်လျက်....။

ပြီးပါပြီ

မောင်နှင်းဆွေ

www.burmeseclassic.com